လ


မြင်းမြို့၊ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက

လောကဝိဇ္ဇာရေ နာနာနယပါဠိရှူ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ

# ဘဒ္ဒန္တဝေပုလ္လ

## မဟာဘသရဏဂုံအဖွင့်ကျမ်း




နှင့်

## ပုတီးစိပ်နည်းအမျိုးမျိုး

2007.GRAPHIC DESIGN : KYAW MINN MOUNG

ဒုတိယအကြိမ်

# မာတိကာ


အဖွင့်နိဒါန်း ၉

* စိတ်တစ်ခုယုတ်ကိုးဆယ် ၉

၁ သရဏဂုံ၏အစ ၁၈

၂ သရဏဂုံ ဖြစ်ပေါ်လာပုံ ၃၄

၃ သရဏဂုံသည် ရတနာအစစ်ဖြစ်ပုံ ၄၄

၄ သရဏဂုံနှင့် စပ်လျဉ်း၍
ရှေးဆရာတော်ကြီးများ၏ ဩဝါဒကထာနှင့်
အယူအဆသဘောတရားများ ၅၉

* ဟိမဝန္တာတောတွင် သီတင်းသုံးနေတော်မူသော
သက်တော် ၁၂၂-နှစ်ရှိ နေမျိုးရာဇာ
ဦးအာသဖဆရာတော်၏ ဩဝါဒကထာ ၅၉

* သက်တော် ၁၀၄-နှစ်ရှိတော်မူသော
မြဝတီဆရာတော်ကြီး၏ ဩဝါဒ ၆၀

* ဝန်လည်တောင်ဆရာတော်ဦးသုဇာတ၏ ဩဝါဒ ၆၁

* ၁၉၅၉-ခုနှစ်၊ သက်ပေါ် ၉၀ ရှိသော
ပုပ္ပါးဆရာတော်ကြီး၏ ဩဝါဒကထာ ၆၂

* ပွေးဦးတောင်ဆရာတော်ကြီး
ဘဒ္ဒန္တစန္ဒိမာ၏ ဩဝါဒကထာ ၆၃

* မဟ္မဝိဟာ ဦးကလျာဏ၏ ဩဝါဒကထာ
၁၉၆၀-ခု၊ ပေါင်းတည်မြို့ (ခေတ္တ) ၆၅

* ၁၃၀၀-ပြည့် ပုပ္ပါးတောင် ဘိုးမင်းခေါင်ကြီး၏
ဩဝါဒအဆုံးအမ ၆၆
* နဝင်းသိုက်ထွက် ပထမံ ဘိုးဘိုးအောင်၏
ဩဝါဒအဆုံးအမ ၆၇
၅ သရဏဂုံဖြင့် ရှင်ရဟန်းဖြစ်ခြင်း ၆၉
၆ အသက် ၅-နှစ်မှ ၁၆-နှစ်အရွယ်အထိ
သရဏဂုံဆောက်တည်ပုံ ၈၇
၇ လူလတ်လူကြီးပိုင်းအတွက်
* သရဏဂုံဆောက်တည်ပုံ ၁၀၁
၈ သိဒ္ဓိပေါက်,ပညာပေါက်,သမထပညာရှင်ကြီးများ
သရဏဂုံဆောက်တည်ပုံ ၁၁၂
မဟာသရဏဂုံ အဖွင့်ကျမ်း (ဒုတိယပိုင်း)
ပုတီးစိပ်နည်းအမျိုးမျိုး ၁၅၀
၉ သရဏဂုံ၏ နည်းပညာများ ၁၂၀
* အဘယသရဏဂုံတော် ၁၂၀
* အဘယသစ္စာသရဏဂုံတော် ၁၂၁
* အသခ်တဝိမုတ္တိသရဏဂုံတော် ၁၂၃
* အဂ္ဂအတုလဝုဏ သရဏဂုံတော်ကြီး ၁၂၄
* ရတနတ္တသရဏဂုံတော် ၁၂၆
* အာယုဒီဃသရဏဂုံတော် ၁၂၇
* အနုလောမသရဏဂုံတော် ၁၃၂

* သိဒ္ဓိဂုဏသရဏဂုံတော် ၁၃၃
* အတုလဝိပဿနာသရဏဂုံတော်ကြီး ၁၃၄
* မဟိဒ္ဓိဝိပဿနာသရဏဂုံတော်ကြီး ၁၄၀
* အတုလ စိန္တာမယ မဟာသရဏဂုံတော်ကြီး ၁၅၁
* အဂ္ဂမဟာဓာတုသရဏဂုံတော်ကြီး ၁၅၉
* အရိယာသရဏဂုံတော် ၁၆၉
* ရှေးဆရာတော်ကြီးများ၏
ဩဝါဒသရဏဂုံအကျိုး ၁၀-ပါး ၁၇၀
၁၀ အစွမ်းထက်မြက်သော ပုတီးစိပ်နည်းများ ၁၇၂
* ဂုဏ်တော်-၈၄၀၀၀ ပုတီးစိပ်နည်း ၁၈၂
* အရဟံဂုဏ်တော် ၈၄၀၀၀-၏
အနက်အဓိပ္ပါယ်အဖွင့် ၁၈၂
* ၈၄၀၀၀-ပုတီးစိပ်ပုံစိပ်နည်း ၁၈၄
* သိဒ္ဓိပေါက် ကြွဿာသယဂုဏ်တော်ပုတီးစိပ်နည်း ၁၈၉
* ဂုဏ်တော်စကြာပုတီးစိပ်နည်း ၁၉၃
* ဂုဏ်တော်ဝက်ဘာပုတီးစိပ်နည်း ၁၉၅
* ပထမံ ဂုဏ်တော်ပုတီးစိပ်နည်း ၁၉၈
* သမ္ဗုဒ္ဓေဂါထာပုတီးစိပ်နည်း ၂၀၀
* မဟာအတုလဂုဏ်တော်ကွန်ချာပုတီးစိပ်နည်း ၂၀၆
နိဂုံးချုပ်ကထာ ၂၀၂
* ရည်ရွယ်ချက်နှင့် ထားရှိသော စေတနာ ၂၀၂
* တိုက်တွန်းခြင်းနှင့် ဆုတောင်းပတ္တနာ ၂၀၅

# မဟာသရဏဂုံအဖွင့်ကျမ်း

## နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ

အဖွင့်နိဒါန်း

ဘဝ၏အစသည် သံသရာ၏အစဖြစ်ပေလိမ့်မည်။ ဘဝ၏ အဆုံးသည် နိဗ္ဗာန်သို့ရောက်မှသာ ဖြစ်ပေလိမ့်မည်။ သံသရာအစနှင့် နိဗ္ဗာန်၏ ကြားကာလများတွင်မူ သတ္တဝါမှန်သမျှသည် ငုတ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်၊ ငိုတုံတစ်ခါ ဖဲ့ကာတစ်ဖုံ၊ ရယ်တုံတစ်မျိုး ညည်းတွားတချို့၊ ချမ်းသာကြွယ်ဝမှုတစ်မျိုးဖြင့် ဘဝအမျိုးမျိုးကို ကျင်လည်ခဲ့ရမြဲဓမ္မတာ ဖြစ်ပေလိမ့်မည်။ အသင်္ခတနိဗ္ဗာန်ကို မဝင်နိုင်သေးသ၍ မည်သည့်ဘဝရောက်ရောက် ဘဝဟူသည် ဤအတိုင်းဖြစ်မြဲဓမ္မတာသာတည်း။

စိတ်တစ်ခုယုတ်ကိုးဆယ်

စိတ်တစ်ခုယုတ်ကိုးဆယ်ဟူသော (၈၉)ပါးသော စိတ်တို့သည်လည်းကောင်း၊ ကုဋေတစ်သိန်းမက ဖြစ်ပျက်ဓမ္မတာအားဖြင့် ဖြစ်ချင်တိုင်းဖြစ်နေသော၊ ပျက်ချင်တိုင်း ပျက်လျက်ရှိသော စိတ်

တစ်ခုသည်လည်းကောင်း၊ နိဗ္ဗာန်မရမီစပ်ကြားတွင် အရောင်အမျိုးမျိုး အဆိုးခံရခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများဖြင့် ရောထွေးယှက်လိမ် ဖြစ်လာခဲ့ရခြင်း၊ ပြုံးစူမှု၊ စောင်းမြောင်းမှု၊ မနာလိုမှု၊ ဝန်တိုမှု၊ မမြင်လိုမှု၊ မတွေ့လိုမှု၊ မုန်းတီးမှု၊ ကဲ့ရဲ့မှု၊ အငြိုးထားမှု၊ ဂလဲ့စားချေမှုများဖြင့်လည်း ရှုပ်ထွေးပွေလီ၍ အရိုးစွဲသလို ခံခဲ့ရခြင်းများ၊ အားရကျေနပ်ခဲ့ရခြင်းများ၊ ကြေကွဲဝမ်းနည်းမှုများ၊ ဆုံးရှုံးနစ်နာမှုများနှင့်လည်း ရောယှက်ပွေလီခဲ့ရပေသည်။

ထို့ကြောင့် အာရုံကို သိခြင်းသဘောလက္ခဏာအားဖြင့် စိတ်တစ်ခု၊ ဘဝတစ်ခုတွင် အကုသိုလ်တရားများ၊ လောဘဟိတ်များ၊ ဒေါသဟိတ်များ၊ မောဟဟိတ်များ၊ တဏှာတရားများ၊ မာနတရားများ၊ ဒိဋ္ဌိတရားများသည် အပြည့်အဝအားဖြင့်လည်းကောင်း၊ လွှန်လွှန်ကဲကဲအားကောင်းစွာဖြင့်လည်းကောင်း အကျိုးပေးချင်တိုင်း အကျိုးပေးခွင့်ရနေတော့သည်သာတည်း။ ချယ်လှယ်ချင်တိုင်း ချယ်လှယ်ခွင့်ရနေတော့သည်သာတည်း။ စိုးမိုးချင်တိုင်း စိုးမိုးခွင့်ရရှိနေတော့သည်သာတည်း။

ဤသို့လျှင် ခန္ဓာကိုယ်စိတ်တစ်ခု၌ လောဘတရား၊ ဒေါသတရား၊ မောဟတရားတို့သည်လည်းကောင်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့သည်လည်းကောင်း၊ နှိပ်စက်ချင်တိုင်း နှိပ်စက်ခွင့်ရနေသည်နှင့်အမျှ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်၊ ဒုက္ခပေးခွင့်၊ အချိန်မရွေးချယ်လှယ်စိုးမိုးခွင့် ရရှိနေသည်နှင့်အမျှ လောကခံ

တရား(၈)ပါးသည်လည်း ယှဉ်တွဲ၍ အကျိုးပေးခွင့်ရရှိလာပေတော့သည်။

အခြံအရံပေါများမှု၊ ရှားပါးမှုအပေါ်မူတည်၍လည်းကောင်း၊ ကြီးပွားချမ်းသာမှု၊ ဆင်းရဲချို့တဲ့မှုအပေါ်မူတည်၍လည်းကောင်း၊ လာဘ်လာဘပေါများမှု၊ လာဘ်လာဘမရှိမှုအပေါ် မူတည်၍ လည်းကောင်း စသည်စသည်ဖြင့် အမျိုးမျိုးသော လောကဓံ တရားတို့သည်လည်း ကမ္ဘာ့လူသားအားလုံးအတွက် ကမ္ဘာပေါ်မှာ၊ ကမ္ဘာ့ထဲမှာ၊ ကမ္ဘာအောက်မှာ၊ ကမ္ဘာအထက်မှာ ရှိရှိသမျှသော၊ ဖြစ်ဖြစ်သမျှသော သတ္တဝါအားလုံးအတွက် ယှဉ်တွဲ၍ ဖြစ်ပေါ် ပေးရပါသည်ဟု အကျဉ်းအားဖြင့် မှတ်သားသင့်ပါသည်။

ဤသို့ဖြင့် နိမ့်တုံမြင့်တုံ လောကဓံတရားများ အကျိုးပေး အားကောင်းလာသည်နှင့်အမျှ သတ္တဝါများသည် ဆင်းရဲခြင်းမှ လွတ်မြောက်စေရန်အတွက် ချမ်းသာမှုနည်းလမ်းများကို ရှာဖွေ လာကြသည်မှာ ဓမ္မတာဟုပင် မှတ်ကြရပါမည်။ ဒုက္ခရောက်လာ ကြလျှင်လည်း ထိုဒုက္ခအမျိုးမျိုးတို့မှ လွတ်ရာလွတ်ကြောင်း သုခ တရားကို ရှာဖွေဖော်ထုတ်လာကြသည်မှာလည်း လောက၏ဓမ္မတာ တရားသာဖြစ်ကြသည်ဟု မှတ်သားကြရပါမည်။ အန္တရာယ်နှင့် ကြုံတွေ့လျှင်လည်း ထိုအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းရာ လွတ်ကင်းကြောင်း နည်းလမ်းကောင်းများ၊ အားကိုးရာများ၊ ကိုးကွယ်ရာများကို ရှာဖွေစူးစမ်းလာကြသည်မှာလည်း ကမ္ဘာ့ ဓမ္မတာသဘောဟုပင် မှတ်ကြရပါမည်။

အသက်ဆုံးရမည့်ဘေး၊ ရောဂါဝေဒနာ နှိပ်စက်ခံရမည့်ဘေး၊ အမှုပြဿနာတက်လာမည့်ဘေး၊ လေဘေး၊ မီးဘေး၊ သူခိုးဓားပြဘေး၊ အဖမ်းအဆီးအချုပ်အနှောင်အဖွဲ့ဘေး စသည် စသည်ဖြင့် များစွာကုန်သော ဘေးဒုက္ခအပေါင်းသည် ဤကမ္ဘာပေါ်တွင်လည်းကောင်း၊ ဤလူ့ဘဝလူ့လောကတွင်လည်းကောင်း အထင်အရှားရှိကြကုန်သည်သာဖြစ်၏။

ထို့ကြောင့်ပင်လျှင် ကမ္ဘာသူကမ္ဘာသား လောကသတ္တဝါအများစုတို့သည် ဘေးအပေါင်းမှ ကင်းဝေးရာ၊ လွတ်မြောက်ရာ ရောဂါဝေဒနာအပေါင်းမှ ကင်းဝေးရာ၊ ပျောက်ကင်းရာ၊ ဒုက္ခအန္တရာယ်ဘေးတို့မှ လွတ်မြောက်ရာ၊ ပပျောက်ရာတို့ကို အားကိုးကြီးစွာဖြင့် ရှာဖွေလာကြခြင်း၊ လေ့လာလာကြခြင်း၊ စူးစမ်းဝေဖန်သုံးသပ်လာတတ်ခြင်း၊ အားကိုးရာ ရှာဖွေလာကြခြင်း၊ ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ ယုံကြည်ရာ၊ အားထားရာများကို ရှာဖွေ၍၊ စူးစမ်း၍၊ လေ့လာ၍ ယုံကြည်ချက်များစွာတို့ဖြင့် ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ အားကိုးအားထားပြုခြင်း၊ ပူဇော်ခြင်း၊ ပသခြင်း၊ တင်မြှောက်ခြင်း၊ အရိုအသေပြုခြင်းများသည်လည်း တဆက်တည်း၊ တတွဲတည်း ဖြစ်ပေါ်လာကြကုန်၏ဟု မှတ်ယူသင့်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် မပွင့်ထွန်းသော ကမ္ဘာများ၊ ဘုရားရှင်မရှိသေးသောကမ္ဘာများ၊ ဘုရားတရားသံဃာ မပေါ်ပေါက်သေးသော လူ့ဘဝလူ့လောကများ၏ အစပထမ ဖြစ်သော (အာဒိကပ္ပ) ကမ္ဘာဦးလူသားများသည် ရေအနီး၊ ချောင်းအနီး၊ မြစ်အနား၊

ပင်လယ်ကမ်းစပ်၊ ပင်လယ်သမုဒ္ဒရာအနားတွင် အခြေချနေထိုင်ကြကုန်၏။ ထိုမြစ်နား၊ ချောင်းနား၊ ပင်လယ်နား၊ သမုဒ္ဒရာအနီးအနားတွင် အခြေချနေထိုင်တတ်ကုန်သော လူသားများသည် အန္တရာယ်တစ်စုံတစ်ရာ၊ ဒုက္ခတစ်စုံတစ်ရာ ကြုံတွေ့လာတတ်ပါလျှင် မြစ်စောင့်နတ်များ၊ ရေစောင့်နတ်များ၊ ပင်လယ်စောင့်နတ်များ၊ သမုဒ္ဒရာစောင့်နတ်များ၊ မိချောင်းများ၊ ပင်လယ်သမုဒ္ဒရာငါးကြီးများ၊ မြွေကြီးများကို ကယ်တင်ရှင်အမှတ်ဖြင့် ပူဇော်ပသခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း၊ ဆုတောင်းခြင်းများ ပြုတတ်ကြပါသည်။

ထိုနည်းတူပင် တောတောင်အနီးတွင် ရွာတည်ခြင်း၊ မြို့တည်ခြင်းဖြင့် အခြေချနေထိုင်ကုန်သော လူတို့သည်လည်း အန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့လာကြလျှင် ဘေးဒုက္ခများ ကြုံတွေ့လာကြပါလျှင် နီးစပ်ရာ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ သစ်ပင်စောင့်နတ်များအား ပူဇော်ခြင်း၊ ကိုးကွယ်ခြင်း၊ ပသခြင်း၊ ဆုတောင်းခြင်းများ ပြုလာကြကုန်၏။

ထို့အတူ တောကြီးများ၊ သစ်ပင်တောတောင်နေရာများ၊ သားရဲတိရစ္ဆာန်များပေါများရာ ကွင်းပြင်တောစပ်စသည်များတွင် အခြေချနေထိုင်ကြကုန်သော လူအများသည်လည်း မိမိတို့နီးစပ်ရာ သစ်ပင်စောင့်နတ်များ၊ တောစောင့်နတ်များ၊ မြွေကြီးများ၊ ကျား၊ ခြင်္သေ့စသည်များကို ဘေးရန်အန္တရာယ်ကင်းဝေးအောင် ကယ်တင်စောင့်ရှောက်နိုင်သော အရှင်သခင်များအနေဖြင့် ကိုးကွယ်ခြင်း၊

ပသတင်မြှောက်ခြင်း၊ ပြုတတ်ကုန်၏။

ဤကိုးစုရပ်များသည် ဗုဒ္ဓဘုရားရှင် မပွင့်ခင်ကာလများတွင်လည်းကောင်း၊ ပွင့်တုန်း ပွင့်ဆဲ ကာလများတွင်လည်းကောင်း၊ ပွင့်ပြီးကာလများတွင်လည်းကောင်း အနည်းနှင့်အများ လိုက်၍ ရှိနေကြကုန်၏။

ထို့ပြင် ဗုဒ္ဓသာသနာမထွန်းကားရာ၊ သာသနာမရှိရာ အရပ်ဒေသများတွင်လည်း ယနေ့တိုင်ရှိနေကြကုန်သေး၏။ ယခုခေတ်၊ ယခုကာလတိုင်အောင်ပင် အရှေ့အာရှနိုင်ငံများတွင်လည်းကောင်း၊ တောင်အာရှနိုင်ငံများတွင်လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင်လည်းကောင်း၊ အာဖရိကနိုင်ငံများတွင်လည်းကောင်း၊ တောဆင်ရိုင်းများကို ကိုးကွယ်ခြင်း၊ ပသခြင်းကိစ္စရပ်များ၊ တောကြီးမြွေဟောက်များ၊ တခြားကြီးကြီးမားမားမြွေများကို ကိုးကွယ်ပသခြင်းကိစ္စရပ်များ၊ တောင်အာရှဒေသများတွင်မူ နွားကိုးကွယ်ပသမှုများ၊ ဝက်ကို ကိုးကွယ်ပသမှုများ၊ မြွေကို ကိုးကွယ်ပသမှုများ စသည် စသည် မြောက်မြားစွာ ရှိကြကုန်သေး၏။

ခေတ်ကာလသည် သိပ္ပံပညာတိုးတက်ထွန်းကားလာသည်နှင့်အမျှ စက်မှုနည်းပညာများ၊ အတွေးအခေါ် အယူအဆ ဒဿနပညာရပ်များ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ဤရှေးရိုးအယူအဆ၊ သဘာဝမကျသော အယူအဆများသည် မှေးမှိန်ပျောက်ကွယ်မသွားသေးဘဲ ယခုတိုင်ရှိနေဆဲ၊ ရေပန်းစားနေဆဲ၊ ထင်ပေါ်နေဆဲပင်ဟု မှတ်ကြရပါမည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာချိန်တွင်လည်း ထိုနည်းအတိုင်းပင်။ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ အိန္ဒိယနိုင်ငံတွင်လည်း အယူဝါဒလွဲမှား စွဲယူထားကြကုန်သော တိတ္ထိဆရာကြီးများ၊ တရားသေဝါဒကို လက်ကိုင်ထားပြီး တပည့်ပေါင်းများစွာ မွေးထားပြီး စားသောက်နေထိုင်ကြကုန်သော ပုဏ္ဏားဆရာကြီးများ၊ မိမိကိုယ်ကိုမိမိ ဘုရားဟုပြောဆို ပြီး တပည့်မွေးကြကုန်သော ဂိုဏ်း၊ တိတ္ထိဆရာကြီးများသည်လည်း အများအပြားရှိကြလေ၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နှစ်ပေါင်း(၄၅)နှစ်ပတ်လုံး သတ္တဝါများ ကျွတ်တမ်းဝင်နိုင်အောင် တရားမွေများ ဟောကြားတော်မူနေသည့်တိုင် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါများ ကျွတ်တမ်းဝင်၍ အကျွတ်တရားရရှိခဲ့ကြလေသည်။ သို့သော်ဗုဒ္ဓဘုရားရှင်သည် နှစ်ပေါင်း(၄၅)နှစ်သာ သာသနာတော်ကို ထွန်းလင်းစည်ကားအောင် ဆောင်ရွက်တော်မူပြီးနောက် သက်တော်(၈၀)အရောက်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါပြီ။

သို့ပေမဲ့ ထိုအစွန်းရောက် အတ္တဝါဒီများ၊ မိစ္ဆာဒိဋ္ဌိဝါဒများ၊ မိစ္ဆာများကို ကိုးကွယ်ပသမှုများ၊ မိစ္ဆာဒိဋ္ဌိများကို ဘုရားမှတ်မှား၍ ကိုးကွယ်ဆည်းကပ်မှုများကား ကွယ်ပျောက်သွားသည်မရှိ။ မှေးမှိန်သွားသည်ဟူ၍မရှိ။ ပျက်ပြားဆုတ်ယုတ်သွားသည်ဟူ၍မရှိ။ ယနေ့ထက်တိုင်အောင်ပင် နေရာအနှံ့၊ မြို့အနှံ့၊ တောရွာအနှံ့၊ ကမ္ဘာအနှံ့မှာပင် ရှိနေကြဆဲ၊ တည်နေကြဆဲ၊ စည်ကားအောင် ဆောင်ရွက်လုပ်ကိုင်နေကြဆဲပင် ဖြစ်ပါသည်။

ထို့အတူပင် မြန်မာပြည် ဒေသမြို့နယ်တောရွာအနှံ့အပြား တွင်ပင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်သုံးဖြာသည် နေလ ပမာ ထွန်းလင်းတောက်ပနေပါလျက်ဖြင့် အချို့သော ပုဂ္ဂိုလ်များ၊ လူများသည် ဘုရား တရား သံဃာစသော သရဏဂုံ (၃)ပါးတို့ကို ဘေးဖယ်ထား၍ (၃၇)မင်း နတ်စိမ်းများအား ကိုးကွယ်ပသခြင်း၊ တင်မြှောက်ခြင်း၊ နတ်ပွဲကြီးများ ကျင်းပ၍ လူအများကို သွေးဆောင်ကာ စည်းရုံးခြင်းများသည် အလွန်ပင် ဝမ်းနည်း ကြေကွဲစရာတစ်ခုပင်ဟု မှတ်ကြပါလေ။

ကျွန်ုပ်ငယ်စဉ်တောင်ကျေး ကလေးအရွယ်တုန်းက ရှေး ပညာရှိလူကြီးသူများ ပြောကြဆိုကြသည်ကို ကြားသိခဲ့ဖူးပါ၏။ အကြောင်းမှာ "ရှိတဲ့ဘုရားတော့ တော်ရာမှာထားတယ်။ မမြင်ရတဲ့ နတ်တော့ မျှော်ကာမှန်းတယ်" ဟုဆိုသော စကားပင်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ရှင်းရှင်းကြီးဖြစ်၍ အကျယ်မဝေဖန်လိုတော့ပါ။

ယခုခေတ်သည် စက်မှုနည်းပညာရပ်များ၊ သိပ္ပံနည်းပညာ ရပ်များ၊ ရူပဗေဒ၊ ဓာတု ဗေဒ၊ ဒဿနပညာရပ်များ အလွန် ထွန်းကားတိုးတက်လာသည်နှင့်အညီ ထေရဝါဒဗုဒ္ဓသာသနာတော် သည်လည်း နေလပမာ ထွန်းလင်းတောက်ပနေဆဲကာလနှင့်အညီ ပရမတ္ထအားဖြင့် တကယ့်အမှန်တရားသာဖြစ်သော ဘုရား တရား သံဃာ ရတနာ(၃)ပါး သရဏဂုံတရားကို တွေ့မြင်နေကြ၊ တွေ့ထိ နေကြ၊ မြင်တွေ့နေကြဖြစ်နေကြပါလျက် သစ်ပင်ကို ကိုးကွယ် ဆည်းကပ်နေသော အယူဝါဒများ မရှိသင့်တော့ပေ။ နတ်ကိုးကွယ်

သော အယူဝါဒများ မလုပ်သင့်တော့ပေ။ မြွေ၊ ကျား၊ မိချောင်း၊ ဆင်၊ တော၊ တောင်စသည်များအား ကိုးကွယ်ဆည်းကပ်နေကြသော အယူဝါဒများ မရှိသင့်တော့ပေဟု ယူဆပါသည်။

ဘုရား၊ တရား၊ သံဃာ သရဏဂုံ (၃)ပါးကို အားကိုးယုံကြည်စွာ ကိုးကွယ်ဆည်းကပ်သင့်ပါလျက် ထိုသရဏဂုံ (၃)ပါးမှလွဲ၍ တခြားတခြားသော ကိုးကွယ်ဆည်းကပ်မှုမှန်သမျှသည် မိစ္ဆာအယူ၊ မိစ္ဆာဒိဋ္ဌိသာဖြစ်၍ မည်သည့်အခါမျှ တင်းငြိမ်းရာ၊ ချုပ်ငြိမ်းရာ၊ အေးငြိမ်းရာ နိဗ္ဗာန်တရားကို ရရှိခံစားနိုင်ဖွယ်မရှိနိုင်ပေ။

ကိုးကွယ်ရာမှားခဲ့လျှင် တစ်သံသရာလုံးမှောက်တတ်၊ မှားတတ်သည်ကို ရည်ရွယ်၍ အယူဝါဒမမှားမိဖို့၊ မိစ္ဆာအယူ၊ မိစ္ဆာဝါဒမဖြစ်မိဖို့ အစစ်အမှန်ဖြစ်သော ဘုရား၊ တရား၊ သံဃာတို့ကိုသာ အမှန်စင်စစ် ကိုးကွယ်ဆည်းကပ်တတ်ဖို့ ရည်ရွယ်၍ ဤမည်သော "သရဏဂုံအဖွင့်ကျမ်း"ကို ရေးသားပြုစုလိုက်ပါတော့သတည်း။

(လ)

ဝေပုလ္လာရာမဆရာတော်

ဝေပုလ္လာရာမကျောင်းတိုက်

မြည်မြို့

၁။ သရဏဂုံ၏အစ

"သရဏဂုံအစ ဗုဒ္ဓက"ဟူသော စကားရပ်သည် အလွန်မှန်ကန်သော စကားရပ် ဖြစ်ပေလိမ့်မည်။ "သရဏဂုံအစ မြတ်စွာဘုရားက"ဟုလည်း ဆိုနိုင်ပါသည်။ ဘုရား၊ တရား၊ သံဃာ၊ သရဏဂုံ(၃)ပါးသည် လောကတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သာ အကယ်၍ မပွင့်ခဲ့ပါလျှင်၊ မဖြစ်ခဲ့ပါလျှင် သရဏဂုံလည်း ရှိလာမည်မဟုတ်ပေ။ သရဏဂုံကို သိမြင်လိမ့်မည်လည်းမဟုတ်ခဲ့ပါ။ သိလည်း မသိနိုင်ကြတော့ပေ၊ မြင်လည်းမမြင်နိုင်ကြတော့ပေ။ ကြားလည်း ကြားဖူးကြလိမ့်မည် မဟုတ်တော့ပေ။

အကယ်စင်စစ် လောကတစ်ခုလုံးတွင် ဗုဒ္ဓဘုရားရှင်ပွင့်လာခဲ့၍သာ၊ ဖြစ်လာခဲ့၍သာ၊ ပေါ်ပေါက်လာခဲ့၍ လူတို့သည် ကမ္ဘာသူကမ္ဘာသား လူအများသည် သရဏဂုံကို သိခွင့်ရလာခဲ့ခြင်း၊ ကြားခွင့်ရလာခဲ့ခြင်း၊ ဆောက်တည်ခွင့်၊ ကိုးကွယ်ခွင့် ရလာခဲ့ခြင်းသာဖြစ်ခဲ့၏။

ဗုဒ္ဓဘုရားရှင်များ အလီလီအခါခါ ပွင့်ထွန်းပေါ်ပေါက်လာ၍သာ ဘုရားစစ်ဘုရား မှန်၊ တရားစစ်၊ တရားမှန်၊ သံဃာစစ်၊ သံဃာမှန်များကို လူအများကိုးကွယ်ခွင့်၊ ဆည်းကပ်ခွင့်၊ အားကိုးယုံကြည်ခွင့် ရလာခဲ့ခြင်းသာဖြစ်ခဲ့၏။

(က) ဘုရားစစ်ဘုရားမှန်ဟူရာ၌ လောကတွင် ဗုဒ္ဓဘုရားရှင် မပွင့်ထွန်းခင်ကာလ များ၌လည်းကောင်း၊ ပွင့်ထွန်းဆဲကာလများ၌လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုပြီး၍ ဗုဒ္ဓဘုရားရှင်မရှိတော့သော ကာလများတွင်လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိဆရာကြီးများ၊ အတ္တဝါဒဆရာကြီးများ၊ ဂိုဏ်းဆရာကြီးများသည် သူလည်းဘုရားလုပ်၊ ငါတို့လည်းဘုရားလုပ် ဘုရားအတုအယောင်များ အလွန်ပေါများ လာခဲ့ဖူးပါသည်။

မိမိစိတ်က ထင်ရာမြင်ရာဝါဒတရားများကို ပြဋ္ဌာန်း၍ တပည့်များမွေးကာ ဒကာ၊ ဒကာမများမွေးကာ (ဘုရားလုပ်နေကြခြင်းမျိုး)ကို ဆိုလိုပါသည်။ သစ္စာ(၄)ပါးတရားကိုလည်း မသိမမြင်၊ သဗ္ဗညုတဉာဏ်တော်ကိုလည်း မကြားဖူး၊ မမြင်ဖူး၊ မသိဖူး၊ ဂုဏ်တော်(၉)ပါးလည်းမရှိ၊ ကိလေသာတဏှာအပြည့်နှင့် ဘုရားလုပ်နေကြခြင်းသည် ဘုရားတု၊ ဘုရားယောင်များသာ ဖြစ်ကြသည်ဟု မှတ်ယူကြပါ။

ဤသို့ဘုရားအစစ်မဟုတ်ပါဘဲ ဘုရားတု၊ ဘုရား

ယောင်များကို တကယ်အစစ်ထင်၍ ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် တစ်မဂ်တစ်ဖိုလ်ရနိုင်ဖို့အကြောင်း မမြင်ဘဲ ငရဲဘုံသို့သာ ရောက်တတ်ကြောင်းကို သတိပြုကြပါလေ။ အတိတ်လည်းအကျိုးမရှိခဲ့၊ ပစ္စုပ္ပန်လည်း အကျိုးမဖြစ်၊ အနာဂတ်မှာလည်း အကျိုးဆုတ်ယုတ်ပျက်ပြားဖို့သာ ဖြစ်စေတတ်သော အတုအယောင်များဟု မှတ်သားထားကြပါလေ။

ဘုရားစစ်ဘုရားမှန်ကို ရွေးချယ်၍၊ စိစစ်၍၊ ဝေဖန်၍၊ ကိုးကွယ်ဆည်းကပ်တတ်ဖို့ အလွန်တရာမှ အရေးကြီးလှပါသည်။ မြို့တိုင်းမြို့တိုင်းမှာ ဘုရားစစ်ဘုရားမှန် မရှိနိုင်၊ နယ်တိုင်းနယ်တိုင်းမှာ ဘုရားစစ်ဘုရားမှန် မရှိနိုင်၊ ပြည်တိုင်းပြည်တိုင်းမှာ ဘုရားစစ်ဘုရားမှန် မရှိနိုင်၊

ထို့အတူ ကမ္ဘာတိုင်းကမ္ဘာတိုင်းမှာလည်း ဘုရားစစ်ဘုရားမှန် မရှိနိုင်၊ ထို့အတူ စကြာဝဠာတိုင်းစကြာဝဠာတိုင်းဘုရားစစ်ဘုရားမှန်မရှိနိုင်ပါကြောင်း အထူးသိထားကြပါလေ။

ဘုရားမပွင့်သော ကမ္ဘာများ၊ ဘုရားမပေါ်ပေါက်နိုင်သောကမ္ဘာများ၊ ဘုရားမရှိနိုင်သောကမ္ဘာများသည် မရေအတွက်နိုင်အောင် များပြားစွာ ရှိခဲ့ကြသည်သာဟု မှတ်သားကြပါလေ၊ ထို့အတူ

စကြဝဠာများ မည်မျှပင်ရှိရှိ ဘုရားမပွင့်သော၊ ဘုရားမရှိသော စကြဝဠာများသည်လည်း အနန္တပင် များပြားလှကုန်၏။

ထို့ကြောင့်ပင် ဘုရားတစ်ဆူတစ်ဆူပွင့်ဖို့ အလွန်တရာမှ ခဲယဉ်းလှပေ၏။ ဖူးတွေ့ရပြီးသော ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝကဖြစ်ဖို့ရာမှာလည်း အလွန်တရာမှ ခက်ခဲလှသေး၏ဟု မှတ်ယူသင့်လှ၏။ အချို့ဗုဒ္ဓဘုရားရှင် ပွင့်နေဆဲကာလနှင့် ကြုံကြိုက်ပြီး ဘုရားရှင်၏ တရားတော်ကို နာကြားရသော်လည်း မိမိဘဝတွင် အနှစ်သာရ ရှိလှသည်ဟု မထင်ဘဲ၊ အရတော်လေစွဟု မမှတ်နိုင်ဘဲ၊ ဘဝတစ်ခုမျှ ကောင်းကျိုးချမ်းသာကို မရရှိလိုက်ဘဲ၊ မဂ်(၄)ပါး၊ ဖိုလ်(၄)ပါးတို့ကို မရရှိနိုင်ဘဲ ဖာသိဖာသာ မသိကျိုးကျွံ၊ အချည်းအနှီးဖြစ်သွားကြသည်မှာလည်း ဒုနှင့်ဒေး မြောက်မြားစွာ ရှိကြကုန်သည်သာ။ မည်သည့်တရားမျှမရ၊ မည်သည့်တစ်မဂ်တစ်ဖိုလ်မျှ မထင်၊ အောက်တန်းစား လူဗာလများသည်လည်း အနန္တပင် များပြားလှကုန်သေး၏။

ထို့ကြောင့်ပင် ဤလောက ဤကမ္ဘာကြီးတွင် ဘုရားစစ်၊ ဘုရားမှန်ကို တွေ့ခဲခြင်း၊ မြင်တွေ့ရခဲယဉ်းခြင်း၊ ဖူးတွေ့ရခဲယဉ်းခြင်းများနှင့် ကြုံတွေ့

နေရတတ်ပါသည်။ သတိမူကြပါကုန်လော့. . .။

ဘုရားစစ်ဘုရားမှန်ဟူသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာ(၄)ပါး မြတ်တရားကို ထိုးထွင်းသိမြင်၍ အရဟံအစရှိသော ဂုဏ်တော်(၉)ပါးတို့နှင့် ပြည့်စုံရကား သဗ္ဗညုတဉာဏ်တော်ကို ပိုင်ပိုင်နိုင်နိုင် ရရှိတော်မူသော ဗုဒ္ဓဘုရားရှင်ကိုသာ ဘုရားစစ်ဘုရားမှန်ဟု မှတ်ထိုက်ပါသည်။

သဗ္ဗညုတဉာဏ်တော်ကိုလည်း မသိမမြင်၊ ဂုဏ်တော်(၉)ပါးကိုလည်း နားမလည်၊ အရဟတ္တမဂ်ဉာဏ်ကိုလည်းမရ၊ ကိလေသာတဏှာထုပြောစွာဖြင့် မဂ္ဂင်ရှစ်ပါးအကျင့်နှင့် ဗောဓိပက္ခိယတရားတို့ကိုလည်း မကြည့်တတ်၊ မသိတတ်၊ မမြင်တတ်ပါဘဲ ကိုယ့်ကိုယ်ကိုယ် ဘုရားလုပ်နေသည့် ဘုရားအတုအယောင်ဆောင်မျိုးကို အထူးရှောင်ရှားသင့်သည်ဟု မှတ်ရပါမည်။

ဘုရားစစ်ဘုရားမှန်တို့မည်သည် -

၁။ မဂ္ဂင်(၈)ပါး အကျင့်တရားနှင့်အညီ ကျင့်ဆောင်တော်မူခြင်း။

၂။ ဗောဓိပက္ခိယတရားနှင့်အညီ ကျင့်ဆောင်တော်မူခြင်း။

၃။ ရှေးရှေးသော ဘုရားရှင်တို့နှင့် တူညီသော သဘောတရားရှိခြင်း။
၄။ ဘုရားရှင်၌ ရှိသင့်ရှိထိုက်သော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံရခြင်း။
၅။ သစ္စာ(၄)ပါး တရားမြတ်တို့ကို ထိုးထွင်း၍ သိမြင်ခြင်း။
၆။ အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်တော်မူနိုင်ခြင်း။
၇။ သဗ္ဗညုတဉာဏ်တော်မြတ်၏ ပိုင်ရှင်ဖြစ်တော်မူခြင်း။

ဤအချက်များနှင့်ပြည့်စုံပါမှ ဘုရားစစ် ဘုရားမှန်ဟု သိမှတ်ထားရာ၏။ ဤအချက်များနှင့် မပြည့်စုံသော ပုဂ္ဂိုလ်များကို ဘုရားဟုမဆိုထိုက်ပါ။ မြတ်စွာဘုရားဟုလည်း မခေါ်ဝေါ်ထိုက်ပါ။ ဗုဒ္ဓဘုရားဟုလည်း မသတ်မှတ်ထိုက်ပါဟု မှတ်သားကြပါလေ။

(ခ) တရားစစ်တရားမှန်ဟုဆိုရာ၌လည်း ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဝိနည်း(၅)ကျမ်း၊ သုတ်(၃)ကျမ်း၊ အဘိဓမ္မာ(၇)ကျမ်း၊ ပိဋကအားဖြင့် (၃)ပုံ၊ နိကာယ်အားဖြင့် (၅)ရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) ကုန်သော

တရားတော်မြတ်များကို တရားစစ်တရားမှန်ဟု မှတ်သားသင့်ပါသည်။

အဆီအနှစ်အားဖြင့် မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး၊ နိဗ္ဗာန်၊ ပရိယတ်စသော (၁၀)ပါးသော တရားတော်မြတ်တို့သည် တရားစစ်တရားမှန်များသာ ဖြစ်ကြကုန်၏။ တရားတော်မြတ်၏ခရီးအားဖြင့် မဂ္ဂင်(၈)ပါး၊ သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်တရား(၄)ပါး၊ ဗိုလ်(၅)ပါး၊ ဣန္ဒြေ(၅)ပါး၊ ဣဒ္ဓိပါဒ်တရား(၄)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ လောကုတ္တရာတရား(၉)ပါး စသည် စသည်များသည် တရားစစ်တရားမှန်များဟု သိမှတ်ထားရာ၏။

အကျယ်အားဖြင့်မူ တရားစစ်တရားမှန်တို့မည်သည် ထိုတရားစစ်တရားမှန်များကို ကျင့်ကြံကြိုးကုတ် အားထုတ်သည်ရှိသော်(ဝါ) လိုက်နာကျင့်သုံးခဲ့သော် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုလည်းကောင်းရရှိစေနိုင်ပြီး အသခ်တဓာတ် မြတ်သောနိဗ္ဗာန်တရားကို ခံစားရသည်အထိ အကျိုးပေးဖြစ်ပေါ်စေရ၏။ ဤသည်ပင်လျှင် တရားစစ်တရားမှန်တို့၏ သဘောဓမ္မတာဖြစ်၏ဟု မှတ်ကြရပါမည်။

ထို့ကြောင့်ပင် တရားစစ်တရားမှန်များကို လိုက်နာကျင့်သုံး

ကြကုန်သော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တပည့်များ၊ တပည့်မများ သည် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ခံစားရပြီး ရဟန္တာ အထိဖြစ်ကြ ရကုန်၏ဟု မှတ်ကြကုန်လော့။

တရားစစ်တရားမှန်တို့သည်လည်း လောကတွင် မြတ်စွာ ဘုရား ထင်ရှားကေန်အမှန် ပွင့်ထွန်းပေါ်ပေါက်မှသာ ဖြစ်ပေါ်ခွင့်၊ သိခွင့်၊ မြင်ခွင့်၊ ခံစားခွင့်ရရှိစေပြီး နိဗ္ဗာန်အထိ ရောက်စေနိုင်သော ဘဝ၏အဆုံး၊ သံသရာ၏အဆုံး၊ ရဟန္တာဖြစ်သည်အထိ အကျိုး ကျေးဇူးတရားများ ဖြစ်ပေါ်လာခွင့်ရှိကြပါသည်။

အကြင်တရားသည် ရဟန္တာဖြစ်ရာဖြစ်ကြောင်း၊ အကျင့် ကောင်းအကျင့်မြတ် မဟုတ်ခဲ့ပါလျှင် ထိုတရားသည် တရားစစ် တရားမှန်မဟုတ်ပေ။ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်၌ ကောင်းရာသုဂတိသို့ လားရာဖြစ်သော တရားသည်သာ တရားစစ်၊ တရားမှန် ဖြစ်သည်ဟု သိထားကြရာ၏။

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်၌ အကြင်တရား သည် သောတာပတ္တိမဂ်ဖိုလ်ကို ရရှိခံစားစေတတ်၏။ ထိုတရား သည် တရားစစ်တရားမှန်ဖြစ်သည်ဟု သိမှတ်ကြရာ၏။ အကြင် တရားသည် သကဒါဂါမိမဂ်ဖိုလ်ကို ရရှိခံစားစေ၏။ ထိုတရားသည် တရားစစ်တရားမှန်ဖြစ်သည်ဟု သိမှတ်ကြရာ၏။ အကြင်တရား သည် အနာဂါမိမဂ်ဖိုလ်ကို ရရှိခံစားစေတတ်၏။ ထိုတရားသည် တရားစစ်တရားမှန်ဖြစ်သည်ဟု သိမှတ်ကြရာ၏။ အကြင်တရား သည် အရဟတ္တမဂ်ဖိုလ်ကို ရရှိခံစားစေတတ်၏။ ထိုတရားသည်

တရားစစ်တရားမှန် ဖြစ်သည်ဟု သိမှတ်ကြရာ၏။

မြတ်စွာဘုရားရှင်ကလည်း "ငါဘုရား၏သာသနာတော်၌သာလျှင် သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များ တည်ရှိနေ၊ ဖြစ်ပေါ်တိုးတက်နေ၏၊ တခြားတခြားသော အယူဝါဒတို့၌ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များ မရှိနိုင်၊ မဖြစ်ထွန်းနိုင်၊ မပေါ်ပေါက်နိုင်"ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် တရားစစ်တရားမှန်များကိုသာ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ ပူဇော်ခြင်း၊ ရှိခိုးကန်တော့ခြင်းများကို ပြုနိုင်မှသာလျှင် အတိတ်၏ကောင်းခြင်း၊ ပစ္စုပ္ပန်၏ကောင်းခြင်း၊ အနာဂတ်၏ကောင်းခြင်းများနှင့် ပြည့်စုံနိုင်၍ အပါယ်တံခါးပိတ်ကာ ကောင်းရာသုဂတိသို့ ရောက်စေနိုင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်စေတတ်သော မဟာကုသိုလ်အကျိုးကို ပေးစွမ်းနိုင်တော့သည်ဟု မှတ်ယူရပါမည်။

ခေတ်ကာလတစ်ခု၌ အများက ယုံကြည်လက်ခံခဲ့ကြသော အတတ်ပညာရှင်ကြီးများ၏ သီအိုရီအတွေးအခေါ်၊ အယူအဆများ၊ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းဝါဒများသည်လည်း တရားစစ်တရားမှန် မဟုတ်နိုင်ဆိုသည်ကို ဗုဒ္ဓဘာသာ၊ မြန်မာအမျိုးသား၊ အမျိုးသမီးများ အထူးသိရှိထားဖို့ အရေးကြီးလှပါသည်။

ထို့အပြင် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာဇော်ဂျီ တပသီများ၊ ထွက်ရပ်ပေါက်ဆရာကြီးများ၊ နတ်များ၊ နတ်ဝိဇ္ဇာများ၊ လူဆရာ

ကြီးများ၊ တန်ခိုးရှင်များ၊ ဖန်တီးရှင်များ စသည်စသည်တို့၏ သီအိုရီ အတွေးအခေါ် အယူအဆများ၊ စည်းကမ်းချက် ဝါဒတရားများ သည်လည်း တရားစစ်တရားမှန် မဟုတ်ကြကုန်ဟု သိမှတ်ကြ တုန်ရာ၏။

ထို့အပြင် ဂိုဏ်းဆရာကြီးများ၊ မိစ္ဆာအယူရှိကုန်သော တိတ္ထိ ဆရာကြီးများ၏ အယူအဆ၊ ဩဝါဒ၊ အတွေးအခေါ်များသည် လည်းကောင်း၊ အတ္တဝါဒများ၊ တယူသန်ဝါဒများ စသည်တို့သည် လည်းကောင်း တရားစစ်တရားမှန်များ မဟုတ်ကြပေ။

တရားစစ်တရားမှန်ဟူသည် ကောင်းကျိုးချမ်းသာ မဂ်လာ သုခကိုဖြစ်စေပြီး ကောင်းမြတ်သော ကုသိုလ်များကို အခြေခံ၍ သံသရာဝဋ်ဆင်းရဲ ဝဲဩဃတို့မှ လွတ်ကင်းရာ၊ လွတ်မြောက်ရာ၊ အသခ်တနယ်၊ အသခ်တဓာတ်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း မှန်သမျှသည် တရားစစ်တရားမှန်များဖြစ်သည်ဟု မှတ်သားကြ ရပါမည်။

(ဂ) သံဃာစစ်သံဃာမှန်ဟုဆိုရာ၌ ပရမတ္ထသံဃာ၊ သမ္မုတိသံဃာ (၂)မျိုးစလုံးကိုပင် သံဃာဟု ရေတွက် အပ်၏။ ထည့်သွင်းအပ်၏။ စုပေါင်းအပ်၏။ စုပေါင်း၍သံဃာဟု ခေါ်ဝေါ်အပ်၏။

ပရမတ္ထသံဃာဟူသည် တစ်မဂ်တစ်ဖိုလ်ရပြီး သံဃာ၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရရှိ၍ ရဟန္တာဖြစ်ပြီးသော သံဃာအပါအဝင် မဂ္ဂဋ္ဌာန်

(၄)ယောက်၊ ဖလဋ္ဌာန်(၄)ယောက်၊ (၈)ယောက်သော (၈)မျိုးသော သံဃာများကို ဆိုလို၏။

သမ္မုတိသံဃာဟူသည် သိမ်ထဲတွင် ကမ္မဝါစာ ရွတ်ဖတ်၍ ရဟန်းခံအပ်သော ၂၂၇-သွယ်သော ဝိနည်းသိက္ခာပုဒ်များကို စောင့်ထိန်းလေးစား လိုက်နာကျင့်ဆောင်သော ရဟန်းကိုဆိုလို၏။

ထိုပရမတ္ထသံဃာ၊ သမ္မုတိသံဃာအားလုံးတို့၏ တစ်စုတစ်ပေါင်းတည်း စုစည်းမှုကို သံဃာစစ်သံဃာ မှန်ဟု မှတ်ယူအပ်၏။ ထိုသံဃာစစ် သံဃာမှန် များသည် ပွင့်တော်မူခဲ့ပြီးသော ဗုဒ္ဓမြတ်စွာဘုရား ရှင်၏ တပည့်သားသံဃာတော်များဖြစ်ပြီး တစ်မဂ် တစ်ဖိုလ်ရရှိရန်အတွက်လည်းကောင်း၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရရှိစေရန်အတွက်လည်းကောင်း၊ ဤ သံသရာ၊ ဤဒုက္ခ၊ ဤဝဋ်ဆင်းရဲအပေါင်းမှ လွတ် မြောက်စေရန် ရည်သန်တောင့်တ၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သံဃာစစ်သံဃာမှန်များသည် ရှေးရှေးသော ဘုရားရှင်ဗုဒ္ဓတို့၏ တပည့်များ၊ သံဃာများဟု ခေါ်ဆိုထိုက်ပါသည်။ ရှေးရှေးသော ပွင့်တော်မူပြီးဖြစ်ကြသည့် သဗ္ဗညုတဉာဏ်တော် ပိုင်ရှင်ဖြစ်တော်မူသည့် ဗုဒ္ဓမြတ်စွာဘုရားတို့၏

တပည့်ရဟန်းသံဃာများကိုသာ (သံဃာစစ် သံဃာမှန်) ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့မှလွဲ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့၏ သံဃာတော်များမှလွဲ၍ တခြားတခြားသော သံဃာဟု ပြောဆိုနေကြခြင်း၊ ရဟန်းဟုပြောဆိုသတ်မှတ်နေကြခြင်းသည် (သံဃာစစ် သံဃာမှန်)မဟုတ်ဟု မှတ်ယူသင့်ပါသည်။

တစ်နည်းအားဖြင့် သံဃာစစ် သံဃာမှန် ဟူသည်မှာ -

၁။ မဂ်(၄)ပါး၊ ဖိုလ်(၄)ပါးတို့ကိုရပြီး၊ ရောက်ပြီးသော အရိယာသံဃာများ

၂။ ထိုသို့မရောက်သေးမူ၍ သိမ်ထဲတွင် ကမ္မဝါစာဖြင့် သမုတ်အပ်၊ ရဟန်းခံအပ်သော သမ္မုတိသံဃာများဟု ဆိုအပ်ပါသည်။ ထိုသံဃာ့အဖွဲ့အစည်းမှ ရဟန်းခံ၍ ရဟန်းဖြစ်ပြီးသော ရဟန်းတစ်ပါးသည် -

၃။ ဥပဇ္ဈာယ်ခံယူရခြင်း။

၄။ သပိတ်သင်္ကန်းပြည့်စုံရခြင်း။

၅။ သံသာရ ဝဋ္ဋ ဒုက္ခတော စသည်ဖြင့် ရှင်ရဟန်းအဖြစ် တောင်းပန်ရခြင်း။

၆။ ကမ္မဝါစာဖြင့် သိမ်အတွင်း၌ ရဟန်းသံဃာ

အပေါင်းခြံရံ၍ ရဟန်းပြုပေးရခြင်း။

၇။ ရဟန်းတို့တွင် ဗုဒ္ဓဘုရားရှင် ပညတ်တော်မူအပ်သော (၂၂၇)သွယ်သော သိက္ခာပုဒ်များကို လိုက်နာကျင့်သုံးရခြင်း၊ ရိုသေရခြင်း၊ ကျင့်ဆောင်ရခြင်း။

၈။ တစ်မဂ်တစ်ဖိုလ်ကို ရနိုင်ရန်အတွက်လည်းကောင်း၊ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူအပ်သော ပါဠိတော်များ၊ စာပေကျမ်းဂန်များ၊ အဋ္ဌကထာ၊ ဋီကာများစသည်တို့ကို သင်အံလေ့ကျက်ခြင်းအတွက်လည်းကောင်း ပရိယတ်၊ ပဋိပတ်သာသနာ (၂)ရပ်ကို ဖြည့်ဆည်းတော်မူရခြင်း

၉။ ပဋိဝေဓသာသနာအထိ အစွမ်းနိုင်ဆုံး အားထုတ်ရခြင်းအားဖြင့် သံဃာစစ် သံဃာမှန်အဖြစ် ဗုဒ္ဓဘုရားရှင်၏ သားကောင်းသားမြတ်အဖြစ် ခံယူကျင့်သုံးရသည်ဟု မှတ်ကြရပါမည်။

ဤသည်လျှင် ရဟန်းကောင်းရဟန်းမြတ်တို့၏အကျင့်၊ သံဃာစစ်သံဃာမှန်၏အဖြစ်ကို ဖော်ပြလျက်ရှိပါသည်။ ဤသို့လျှင် သံဃာစစ်သံဃာမှန်ကို သိထားပြီးနောက် ထိုသံဃာစစ်၊ သံဃာမှန်အား ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ အားကိုးခြင်း၊ ယုံကြည်ခြင်း၊ ပူဇော်လှူဒါန်းခြင်းများကို ပြုလုပ်ခြင်းဖြင့် သံဃာစစ် သံဃာမှန်

များသည် အများပြည်သူ ဧကာ၊ ဧကာမများအတွက် လယ်ယာမြေကောင်းသဖွယ် ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ ဘာဝနာမျိုးစေ့တို့ကို ထိုလယ်ယာမြေကောင်းတို့တွင် စိုက်ပျိုးပြုစုပျိုးထောင်စေခြင်းဖြင့် မကောင်းသော အပါယ်(၄)ပါးတို့မှ မကောင်းသောဘုံဘဝတို့မှ လွတ်မြောက်သည်သာဖြစ်ကြရ၍ လူချမ်းသာ၊ နတ်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ကောင်းကျိုးချမ်းသာမဂ်လာသုခတို့နှင့် ပြည့်စုံစေနိုင်ကြောင်းကို အထူးသိမြင်တတ်ကြပါလေ။

ဗုဒ္ဓမြတ်စွာဘုရားရှင်များ၏ ဩဝါဒများကို ခံယူ၍လည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အပေါင်းတို့၏ လမ်းညွှန်မိန့်ကြားချက်များဖြင့် တည်ထောင်ဖွဲ့စည်းခဲ့သော သံဃာ့အဖွဲ့အစည်းများ၊ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် တည်ထောင်ဖွဲ့စည်းခဲ့သော သာသနာဝင် သံဃာ့အဖွဲ့အစည်းကြီးများမှာ သံဃာစစ်သံဃာမှန်ဟု ခံယူနှလုံးသွင်းစေခဲ့ပြီ။

ထိုမှတစ်ပါးသော မိစ္ဆာအယူရှိကြသည့် တိတ္ထိတို့၏ တပည့်သာဝကသံဃာဟု ဆိုနေကြသော သံဃာများ၊ တယူသန်ဝါဒ၊ အတ္တနောမတိဝါဒသမားများ၏ သတ်မှတ်ခံထားရသောသူတို့၏ တပည့်သံဃာများ၊ တခြားတခြားသော ဂိုဏ်းဆရာကြီးများ၏ သတ်မှတ်ခံထားရသောသူတို့၏ တပည့်သံဃာဟု ပြောဆိုနေကြသောသံဃာများ၊ တခြားတခြားသော အယူဝါဒများမှလည်းကောင်း၊ တခြားတခြားသော ဘာသာခြားများမှ လည်းကောင်း

သတ်မှတ်ခံသူတို့တပည့်များ၊ သံဃာဟုပြောဆိုနေမှုများသည် သံဃာတု သံဃာယောင်များသာ ဖြစ်ကြပြီး သံဃာစစ်သံဃာမှန် ထဲမှာ မပါဝင်ကြပေ။

ဤသို့လျှင် ဘုရားစစ်ဘုရားမှန်တို့ကိုလည်းကောင်း၊ တရားစစ်တရားမှန်တို့ကိုလည်းကောင်း၊ သံဃာစစ်သံဃာမှန်တို့ကိုလည်းကောင်း ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသား၊ အမျိုးသမီးများ မှန်သမျှ သိသင့်သိထိုက်သော အချက်တစ်ချက်ဖြစ်ကြောင်းကို အထူးသတိပြုပါလေ။

ဤအချက်ကို ပိုင်ပိုင်နိုင်နိုင်သိထားနိုင်ပါမှ ဘယ်ဟာအတုလဲ၊ ဘာသည်အစစ်လဲ။ မည်သည့်အကြောင်းအရာသည် အစစ်အမှန်။ မည်သည့်ကိစ္စရပ်သည် အတုအယောင်ဟု ခွဲခြားစိပ်ဖြာနိုင်ပြီး ဝေဖန်ပိုင်းခြားနိုင်ပြီး အစစ်အမှန်တို့ကို ကိုးကွယ်ဆည်းကပ် နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်၊

(က) ဘုရားစစ်ဘုရားမှန်သည် ပဌမသရဏဂုံဖြစ်၏။ တရားစစ်တရားမှန်သည် ဒုတိယသရဏဂုံဖြစ်၏။ သံဃာစစ်သံဃာမှန်သည် တတိယသရဏဂုံဖြစ်၏။

(ခ) ဘုရားစစ်ဘုရားမှန်သည် ပဌမသရဏဂုံဖြစ်၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟု မှတ်ကြပါလေ။ တရားစစ်တရားမှန်သည် ဒုတိယသရဏဂုံဖြစ်၍ "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟု မှတ်ကြပါလေ၊ သံဃာစစ်သံဃာမှန်သည် တတိယ သရဏဂုံဖြစ်၍ "သံဃံ သရဏံ ဂစ္ဆာမိ"ဟု

မှတ်ကြပါလေ။

ထို့ကြောင့် "သရဏဂုံအစ ဗုဒ္ဓက"ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်တွေအသီးသီးပွင့်လာကြ၍သာ ကိုးကွယ် ဆည်းကပ်ရာအစစ်အမှန်ဖြစ်သော သရဏဂုံ(၃)ပါးကို သိရှိလာ ခဲ့ခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သာ လောကမှာမပွင့်ခဲ့ပါလျှင် ကိုးကွယ် ဆည်းကပ်ရာ အစစ်အမှန်ဖြစ်သော သရဏဂုံကို သိမြင် ဖို့ရာ မလွယ်ကူတော့ပေ။ ကြားပင်ကြားဖူးဖို့ ခဲယဉ်းလှတော့၏။

ထို့ကြောင့်ပင်လျှင် "သရဏဂုံအစ ဘုရားက"၊ "သရဏဂုံ အစ ဗုဒ္ဓက"ဟု အမိပ္ပါယ် ဖွင့်ဆိုရင်း ကိုးကွယ်ရာ၊ အားထားရာ၊ ချမ်းသာမှု၊ အေးငြိမ်းမှု၊ ပြည့်စုံမှု၊ အောင်မြင်မှု၊ တိုးတက်မှုတို့ကို အပြည့်အဝပေးစွမ်းနိုင်သော ဘုရားစစ်ဘုရားမှန်ဖြစ်သည့်၊ တရား စစ် တရားမှန်ဖြစ်သည့်၊ သံဃာစစ်သံဃာမှန်ဖြစ်သည့် သရဏဂုံ ၃-ပါးကို တစ်သက်တာ ထာဝရ အားကိုးအားထားပြုနိုင်ကြပါစေ။ ပွားများရွတ်ဖတ်သရဇ္ဈာယ်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

## ၂။ သရဏဂုံပြစ်ပေါ်လာပုံ

ဘုရားစစ်ဘုရားမှန်ဖြစ်သော သစ္စာ(၄)ပါးတရားမြတ်ကို သိမြင်တော်မူသော အရဟံအစ ဘဂဝါအဆုံး (၉)ပါးသော ဂုဏ်တော်နှင့်ပြည့်စုံတော်မူသော အနုသယကိလေ သာမှန်သမျှ တို့ကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်တော်မူသော သိစရာရှိသမျှ အလုံးစုံသော တရားမှန်သမျှတို့ကို အကုန်အစင်သိမြင်တော် မူသော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ပြည့်စုံထွန်းလင်း တောက်ပတော်မူပေသော သဗ္ဗညုတဉာဏ်တော်ပိုင်ရှင်အစစ်ကြီး လည်းဖြစ်တော်မူပေသော ဗုဒ္ဓမြတ်စွာဘုရားရှင်အား ယုံကြည်စွာ၊ လေးစားစွာ၊ မြတ်နိုးစွာ၊ အားကိုးစွာ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ ပူဇော်ကန်တော့ခြင်းကို "ဗုဒ္ဓံသရဏံဂစ္ဆာမိ"ဟု ပါဠိဘာသာ အားဖြင့် ရွတ်ဆိုခြင်း၊ သရဏာယ်ခြင်း၊ ရွတ်ဖတ်ခြင်း၊ ပွားများခြင်း၊ အာရုံပြုခြင်း၊ သတိတရရှိခြင်း စသည်စသည်တို့သည် ဗုဒ္ဓဘုရား ရှင်အစစ်အမှန်ကို ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။

တရားစစ်တရားမှန်ဖြစ်သော တရားဂုဏ်တော် (၆)ပါးတို့နှင့် ပြည့်စုံတော်မူသော လူချမ်းသာ၊ နတ်ချမ်းသာစသော ကောင်းရာသုဂတိသို့ လားစေနိုင်သော ကောင်းကျိုး ချမ်းသာမဂ်လာ သုခအဖြာဖြာတို့ကို ပေးစွမ်းနိုင်ထသော၊ ပဋိစ္စသမုပ္ပါဒ် သံသရာခြားရဟတ်ကြီးကို ရပ်တန့်စေနိုင်ထသော သခ်တနယ်မှ အသခ်တနယ်သို့ ရောက်အောင် ပို့ဆောင်နိုင်ပေထသော မဂ်(၄)ပါး၊ ဖိုလ် (၄)ပါးနှင့်တကွ အသခ်တ သန္တိသုခ နိဗ္ဗာန်ချမ်းသာမြတ်အထိ ရောက်စေနိုင်သော၊ သံသရာဝဋ်ဆင်းရဲ ဝဲသြယအဖုံဖုံတို့မှ လွတ်မြောက်စေတတ်သော တရားတော်မြတ်တို့အား ယုံကြည်လေးစားစွာ၊ မြတ်နိုးစွာ၊ အားကိုးစွာ၊ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ ပူဇော်ကန်တော့ခြင်းတို့ကို "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟု ပါဠိဘာသာအားဖြင့် ရွတ်ဆိုခြင်း၊ သရဏ္ဍာယ်ခြင်း၊ ရွတ်ဖတ်ခြင်း၊ ပွားများခြင်း၊ အာရုံပြုခြင်း၊ သတိရခြင်း စသည်စသည်တို့သည် တရားတော်အစစ်အမှန်ကို ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းမည်၏။

သံဃာစစ် သံဃာမှန်ဖြစ်သော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဩဝါဒနှင့်တကွ သာသနာတော်နှင့်တကွ သာသနာစက်အဝန်းအဝိုင်းအတွင် တစ်မဂ်တစ်ဖိုလ်ရရှိခြင်း၊ မဂ်လေးပါး၊ ဖိုလ်လေးပါးကို ရရှိခြင်း၊ နိဗ္ဗာန်တရားကို အာရုံပြုဝင်စားနိုင်ခြင်းတည်းဟူသော အရိယာဂိုဏ်းဝင်၊ အရိယာနယ်ဝင်၊ အရိယာဝင် ပရမတ္ထသံဃာတော်များအားလည်းကောင်း၊ ဩဝါဒပါတိမောက်၊ ဘိက္ခုပါတိမောက်စသော (၂၂၇)သွယ်သော သိက္ခာပုဒ်များ၊ ဝိနည်း

တရားတော်များနှင့်အညီ ကျင့်သုံးဆောက်တည်ရာလည်းဖြစ်သော ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် သိမ်ထဲတွင် မြင့်မြတ်သော အထက် တန်းစား သမ္မုတိသံဃာတော်များအားလည်းကောင်း၊ သံဃာ ဂုဏ်တော်(၉)ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ပြည်သူပြည်သား ဗုဒ္ဓ ဘာသာနွယ်ဝင် ဒကာ၊ ဒကာမများစွာတို့၏ မှီခိုအားကိုးရာသဖွယ်၊ မြေပြဇာကောင်းသဖွယ် ဖြစ်သောအလှူကို ခံတော်မူထိုက်သော အရိယာသမ္မုတိသံဃာတော်အရှင်မြတ်တို့အား ယုံကြည်စွာ၊ လေး စားစွာ၊ မြတ်နိုးစွာ၊ အားကိုးစွာ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ ပူဇော်ကန်တော့ခြင်းကို "သံဃံ သရဏံ ဂစ္ဆာမိ"ဟု ပါဠိဘာသာ အားဖြင့် ရွတ်ဆိုခြင်း၊ သရဏ္ဍာယ်ခြင်း၊ ရွတ်ဖတ်ခြင်း၊ ပွားများခြင်း၊ အာရုံပြုခြင်း၊ သတိတရရှိခြင်းစသည် စသည်တို့သည် သံဃာတော် အစစ်အမှန်ကို ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်းမည်၏။

ဤသို့ ကိုးကွယ်ရာ၊ အားထားရာ၊ ဆည်းကပ်ပူဇော်ရာ အစစ် အမှန်ဖြစ်ပေသော သရဏဂုံ(၃)ပါးသည် အချိန်မရွေး၊ အခါမရွေး မကြာမကြာသော်လည်းကောင်း၊ ခဏခဏသော်လည်းကောင်း၊ တစ်လတစ်လသော်လည်းကောင်း၊ တစ်နှစ်တစ်နှစ်သော်လည်း ကောင်း ပေါ်ပေါက်လာသည်မဟုတ်။ ဖြစ်ပေါ်လာသည်မဟုတ်။ ပွင့်ထွန်းလာသည်လည်း မဟုတ်။

(က) လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာပါမှ တစ်ကြိမ်သာ ဖြစ်ပေါ်ခွင့် ပေါ်ပေါက်ခွင့်ရှိခြင်း။

(ခ) ရှစ်သင်္ချေနှင့်ကမ္ဘာပေါင်းတစ်သိန်းရှိပါမှ တစ်ကြိမ်သာ

ပွင့်ထွန်းပေါ်ပေါက်ခွင့်ရရှိခြင်း။

(ဂ) တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပြည့်ပါမှ တစ်ကြိမ်သာ အခွင့်အရေးတစ်ခု ရရှိစေခြင်းတို့ကြောင့် -

သရဏဂုံ(၃)ပါးသည် သံသရာဝဲဩဃစက်ယန္တယား တစ်ခုလုံးတွင်လည်းကောင်း၊ သုံးဆယ့်တစ်ဘုံတွင်လည်းကောင်း၊ အလွန်အဖိုးထိုက်တန်သော၊ အလွန်တန်ဖိုးကြီးမားလွန်းသော ဣန္ဒာသယမဏိဇောတပတ္တမြားကြီးနှင့် အသွင်သဏ္ဍာန်တူလှပါကြောင်း၊ ဗုဒ္ဓဘာသာ အမျိုးသား၊ အမျိုးသမီးများ အထူးတန်ဖိုးထား၍ သိရှိထားသင့်ကြောင်း မှတ်ယူကြပါလေ။

အစပ္ပါယ်ဖွင့်ဆိုပါဦးအံ့ -

ဂေါတမမြတ်စွာဘုရား အလောင်းတော်မြတ်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်အနန္တကို ဖြည့်ဆည်းတော်မူလျက် (အန္တိမဘဝ) နောက်ဆုံး ဗုဒ္ဓဘုရား ဖြစ်တော်မူမည့်ဘဝတွင် ကပိလဝတ်နေပြည်တော်ကို အုပ်စိုးမင်းလုပ်သော သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသားအဖြစ် ထင်ရှားကျော်စောလာလေ၏။

ထိုသားတော် သိဒ္ဓတ္ထမင်းသားသည် အရွယ်ရောက်လာသောအခါ ယသောဓရာ မင်းသမီးနှင့် လက်ထပ်ထိမ်းမြားကာ သက်တော်(၂၉)နှစ်တွင် တောထွက်တော်မူ၍ သက်တော်(၃၅)နှစ်တွင် သစ္စာလေးပါးတရားတော်ကို ထိုးထွင်း၍ သိမြင်တော်မူကာ

အာသဝေါကိလေသာကင်းပြတ်၍ သဗ္ဗညုတဉာဏ်တော်အထွဋ်ဖြင့် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ထိုဗုဒ္ဓဘုရားရှင်သည် သတ္တဋ္ဌာနအကျင့်မြတ်ကို ကျင့်ဆောင်တော်မူ၍ များစွာသော နိရောဓဖလသမာပတ်တို့ကို ကုဋေအသိန်းမက ဝင်စားတော်မူ၍ ဝိမုတ္တိသုခခေါ် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူလျက် သီတင်းသုံးတော်မူ၏။ ထိုသို့ကျင့်ဆောင်တော်မူသော သတ္တဋ္ဌာနအကျင့်သည် စုစုပေါင်း သတ္တသတ္တဋ္ဌာန အကျင့်စခန်းသို့ ရောက်တော်မူဆဲတွင် ဗုဒ္ဓဘုရားရှင်သည် ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ဝင်စားတော်မူလျက် ခုနစ်ရက်မြောက် သတ္တမသတ္တာဟသို့ ရောက်တော်မူသာအခါ ကျည်းပင်ရင်းမှ ထွက်ကြွမြန်းတော်မူ၍ မဟာဗောဓိပင်၏တောင်ဘက် တောင်အရပ်မျက်နှာ ရာဇာယတန လင်းလွန်းပင်ရင်းသို့ ကြွတော်မူ၍ ဗုဒ္ဓဘုရားရှင်၏ အသရေတော်ဖြင့် သီတင်းသုံးတော်မူ၏။

ထိုလင်းလွန်းပင်ရင်း၌ နိရောဓသမာပတ် အရဟတ္တဖိုလ်သမာပတ်တို့ကို အကြိမ်ပေါင်းများစွာ ဝင်စားတော်မူကာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ စံတော်မူ၏။ သတ္တသတ္တာဟ စုစုပေါင်း (၄၉)ရက် သတ္တဋ္ဌာနစံတော်မူစဉ် ထို(၄၉)ရက်စလုံးပင် ဗုဒ္ဓဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်း၊ ရေဘုဉ်းပေးခြင်း၊ ခံတွင်းဆေးခြင်း အလျှင်းမရှိခဲ့ပေ။

ထိုအခါ သိကြားမင်းသည် ဆေးကြဖန်သီးကို ဆက်ကပ်တော်မူလေလျှင် ဗုဒ္ဓမြတ်စွာဘုရားသည် သိကြားမင်းဆက်ကပ်သော

ဆေးကြဲ့ဇီးကို ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ထို့နောက် သိကြား မင်းသည် မြတ်စွာဘုရားအား ကွမ်းရိုးဒန်ပူကိုလည်းကောင်း၊ အနောတတ္တရေကန်မှ ရေတော်ကိုလည်းကောင်း ဆက်ကပ်တော် မူလေလျှင် ဗုဒ္ဓမြတ်စွာဘုရားသည် ကွမ်းရိုးဒန်ပူဝါးခြင်း၊ အနော တတ္တရေဖြင့် မျက်နှာတော်သစ်ခြင်းကို ပြုတော်မူ၏။

ထိုအခါ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်သန်းရောင်းဝယ်ရန်အတွက် မိမိနေရာ ဥက္ကလာပဇနပုဒ်မှ ကုန်ပစ္စည်းတင် လှည်းငါးရာတို့ဖြင့် အနောက်မဇ္ဈိမဒေသသို့ ကုန် ရောင်းကုန်ဝယ် ရောက်လာကြကုန်၏။ ထိုကုန်သည်ညီနောင် ဦးစီး သော လှည်းငါးရာတို့သည် ခရီးမဖြင့်သွားကြကုန်သည်ရှိသော် သတ္တသတ္တာဟဖြစ်သော လင်းလွန်းပင်အောက်၌ သီတင်းသုံး နေ တော်မူသော ဗုဒ္ဓမြတ်စွာဘုရားအနီးအနားမှ ဖြတ်သန်း၍ ခရီးရှည် သွားကြသည်ရှိသော် ထိုကုန်သည်ညီနောင်နှင့်တကွသော လှည်းငါး ရာတို့သည် ရွှံ့ညွှံမရှိပါလျက် ထိုနေရာတွင် လှည်းငါးရာတို့သည် နွံနစ်သည့် ပမာရှေ့ဆက်ပြီး ခရီးထွက်၍ မရတော့ဘဲ ရပ်တန့်ကြ ကုန်၏။

အဘယ့်ကြောင့် ဤကဲ့သို့ လှည်းငါးရာတို့ ခရီးသွား၍ မရကြ ဘဲ ရပ်တန့်ရသနည်းဟု ကုန်သည်ညီနောင်တို့ လှည်းသမားများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးနေကြအခိုက် ကုန်သည်ညီနောင်တို့နှင့် ယခင်ယခင် ရှေးရှေးဘဝများစွာက ဆွေမျိုးတော်စပ်ခဲ့သော နတ် သားတစ်ပါးသည် သစ်ပင်ခွကြားမှ ကိုယ်ထင်ရှားပြ၍ -

"အမောင်ကုန်သည်ညီနောင်တို့ နားစေ့စေ့ထောင်လော့။ အသင်တို့၏မနီးမဝေးတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် လင်းလွန်းပင်အောက်၌ သီတင်းသုံးနေတော်မူပြီ။ ယခု ဤမြတ်စွာဘုရားသည် သတ္တသတ္တာဟအဖြစ် ရာဇာယတနဖြစ်သော လင်းလွန်းပင်အောက်၌ သီတင်းသုံးတော်မူ၏။

ဗုဒ္ဓဘုရားရှင်သည် (၄၉)ရက်ပတ်လုံး ဆွမ်းအာဟာရတို့ကို ဘုဉ်းပေးတော်မမူဘဲ နိရောဓသမာပတ်၊ အရဟတ္တဖိုလ်ဖလသမာပတ်များကို ဝင်စားတော်မူ၍ သီတင်းသုံးနေတော်မူ၏။ ထိုဗုဒ္ဓဘုရားရှင်သည် ဤလောကတွင် အလွန်ဖြစ်ခဲလှ၏၊ အလွန်လည်း ဖူးတွေ့ရခဲလှ၏။ အမောင်ကုန်သည်ညီနောင်တို့သည် ယခုပင်လျှင် ထိုဗုဒ္ဓမြတ်စွာဘုရားရှင်အား ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်၍ ပူဇော်လှူဒါန်းကြပါကုန်လော့။

ဗုဒ္ဓဘုရားရှင်အား ဤသို့လှူဒါန်းပူဇော်ကန်တော့ရခြင်းသည် အမောင်ညီနောင် ကုန်သည်တို့အတွက် နှစ်ရှည်လများ များစွာသော အကျိုးစီးပွားတို့ကို ဖြစ်စေလိမ့်မည်"ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားရလေလျှင် ကုန်သည်ညီနောင်တို့သည် လည်း၊ အလွန်အမင်း စေတနာသဒ္ဓါစိတ်များ ဖြစ်ပွားလာကာ အားရဝမ်းသာရှိလာကြပြီး ဆွမ်းချက်နေလျှင် အချိန်ကြာနေပေလိမ့်မည်ဟု ယူဆပြီး မြတ်စွာဘုရားထံ အလျင်အမြန်သွားရောက်ကြပြီးလျှင် မိမိတို့ပါရှိလာသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို

ဗုဒ္ဓမြတ်စွာဘုရားအား ကပ်လှူပူဇော်ကန်တော့ကြကုန်၏။

မြတ်စွာဘုရားရှင်သည် စတုလောကပါလ နတ်မင်းကြီး လေးပါးတို့ ဆက်ကပ်လှူဒါန်းထားသော ကျောက်သပိတ်တော်ဖြင့် ကုန်သည်ညီနောင်တို့ ဆက်ကပ်လှူဒါန်းသော ပျားဆုပ်မုံ့များ၊ မုံ့ကြွက်ကျစ်ဆွမ်းများကို အလှူခံတော်မူ၍ ဘုဉ်းပေးသုံးဆောင် တော်မူ၏။ ၎င်းနောက် ကုန်သည်ညီနောင်တို့အား သင့်လျော် လျောက်ပတ်သော ဆွမ်းအနုမောဒနာတရားတော်ကို ဟောကြား တော်မူလေ၏။

ထိုအချိန် ထိုကာလတွင် သံဃာရတနာ မပေါ်ပေါက်သေး ပေ။ သရဏဂုံ(၂)ပါးသာ ရှိသေးသည့်အတွက် "ဧတေမယံ ဘန္တေ ဘဂဝန္တံ ဂစ္ဆာမ ဓမ္မဉ္စ"ဟူသော ဘုရားရှင်နှင့် တရားတော်မြတ်သာ ရှိနေခြင်းကြောင့် ဗုဒ္ဓဘုရားရတနာ၊ ဓမ္မတရားရတနာအားဖြင့် "ဒွေဝါစိက သရဏဂုံ" (၂)ပါးကို ကုန်သည်ညီနောင်တို့ ခံယူကြရပြီး ဒွေဝါစိကသရဏဂုံ တည်သော၊ စတင်ခံယူသော ဥပါသကာများ ဖြစ်ကြကုန်၏။

ထိုကုန်သည်ညီနောင်တို့သည် ဤကမ္ဘာလောကကြီးထဲတွင် အစောဆုံး၊ အဦးဆုံး၊ အစဆုံး သရဏဂုံ(၂)ပါးကို ခံယူကြသော ပုဂ္ဂိုလ်များဖြစ်ကြရသည်ဟု သိမြင်ထားတတ်ကြပါလေ။ ထိုအချိန် တွင် ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်မူကာစအခါဖြစ်ပြီး တရား တော်မြတ်လည်း ဟောကာစ အခါသမယဖြစ်၍ သံဃာမပေါ် ပေါက်သေးသောကြောင့် ဘုရားရတနာနှင့် တရားရတနာ

(၂)မျိုးသာ ရှိနေသေးသောကြောင့် ဤကမ္ဘာလောကတွင် သရဏဂုံ (၂)ပါးသာ စတင်ပေါ်ပေါက်နေသေးကြောင်း သတိပြုကြပါလေ။

ကုန်သည်ညီနောင်တို့သည်လည်း ကံပါရမီကြီးမားသော ပုဂ္ဂိုလ်များဖြစ်ကြသည်နှင့်အညီ အစောဆုံး၊ အဦးဆုံး၊ သရဏဂုံ (၂)ပါးကို ခံယူဆောက်တည်ခွင့်ရရှိခဲ့လေသည်။ ဤကား သရဏဂုံ (၂)ပါးသည် ကမ္ဘာပေါ်တွင် အစဦးဆုံးပေါ်ပေါက်လာသော အကြောင်းကို ပြဆိုလိုရင်းဖြစ်ပေသည်ဟု မှတ်ယူကြပါလေ။

ရင်းနောက် မကြာမီတွင်ပင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မိဂဒါဝုန်တောတွင် ပဥ္စဝဂ္ဂီ(၅)ဦးတို့ကို အကြောင်းပြု၍ များစွာသော နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောကြားတော်မူခြင်း၊ နောက်တစ်နေ့တွင် အနတ္တလက္ခဏ သုတ်တော်ကို ဟောကြားတော်မူခြင်း၊ ယသသတို့သားမိသားစုအား ချေချွတ်တော်မူခြင်း၊ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်အား အကျွတ် တရားရစေခြင်းမှစ၍ သံဃာရတနာစတင် ပေါ်ပေါက်လာခဲ့ပါ သည်။

ထိုအချိန်မှစတင်ကာ "တေဝါစိကသရဏံ"ဟုခေါ်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာစသော ရတနာ(၃)ပါး စတင်ပေါ်ပေါက်လာကြောင်း၊ စတင်တည်ရှိလာခဲ့ကြောင်းကိုလည်း အထူးမှတ်သားကြပါလေ။

ရာဇဂြိုဟ်နေပြည်တော်မှတစ်ဆင့် ကာဠုဒါယီမထေရ်မြတ် ပင့်လျှောက်ချက်အရ ဗုဒ္ဓမြတ်စွာဘုရားသည် မိမိမွေးရပ်ဌာန

တပိလဝတ်နေပြည်တော်ကို ကြွချီရာ၌ နောက်ပါ သံဃာပေါင်း သောင်းနှင့်ချီသော သံဃာများပါ အတူတကွ ကြွလှမ်းကြကြောင်း ကို များစွာသော ဗုဒ္ဓဝင်ကျမ်းဂန်များတွင် အထင်အရှားပြသထား ၏။ တဖြည်းဖြည်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် မြတ်ကြီးသည် နေတစ်ဆူ လတစ်ပါး ထင်ရှားကျော်ကြားနေဆဲတွင် သိက္ခာတော်၊ ဝါတော်(၄၅)ဝါပြည့်ခါနီး၊ ပရိနိဗ္ဗာန်ဝင်စံခါနီး တွင်ကား ဗုဒ္ဓဘုရားရှင်၏ သံဃာအား သိန်းပေါင်းများစွာ ဝိုင်းရံ ခ၍ သန်းနှင့်ချီသော သံဃာရတနာများ တည်ရှိလာခဲ့ကြောင်း ကိုလည်း များစွာသော ဗုဒ္ဓဝင်ကျမ်းများတွင် တွေ့မြင်ရပါသည်။

## ၃။ သရဏဂုံသည် ရတနာအစစ်ဖြစ်ပုံ

ရတနာဟူသည်မှာ အဖိုးအနဂ္ဃထိုက်ခြင်းကြောင့် ရတနာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ရှားပါး၍ အဖိုးထိုက်တန်သော ဝတ္ထုပစ္စည်းများကိုလည်း ရတနာဟု ခေါ်ဆိုနိုင်ပါသေးသည်။ နှစ်လိုဖွယ်ရာ မြတ်နိုးတွယ်တာအပ်သော ဝတ္ထုပစ္စည်းများကိုလည်း ရတနာဟုပင် စာရင်းသွင်းနိုင်ပါသေးသည်။ ရိုသေလေးစား၍ ချစ်ခင်မြတ်နိုးအပ်သောအရာကိုလည်း ရတနာဟုပင် ခေါ်ဆိုသင့်သေး၏။ ယုံကြည်စွာ အားကိုးအားထားပြုအပ်သော အရာဝတ္ထုတို့ကိုလည်း ရတနာဟုပင် စာရင်းသွင်းအပ်၏။ များစွာသော ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကိုဖြစ်စေခြင်းစသော အရာဝတ္ထုအကြောင်းအရာတို့ကိုလည်း ရတနာဟုပင် သမုတ်သင့်၊ ခေါ်ဝေါ်သင့်သေး၏။ ရတနာနှင့်ပတ်သက်၍ကား အကျယ်ဝေဖန်ကြပါလျှင် ကုန်နိုင်ဖွယ်မမြင်ပါ။

ဥပမာပြဆိုရပါလျှင် မရှိလျှင်မဖြစ်၊ သူမပါလျှင်မပြီး၊ မိမိ

အသက်တမျှ၊ မိမိ၏ဘဝတမျှ အရေးကြီးအသုံးဝင်သော အရာဝတ္ထု၊ အကြောင်းအရာကိစ္စများကိုလည်း ရတနာဟုပင် ကမ္ပည်းတွင်နိုင်သေး၏။

ဥပမာ ဆင်ဖြူရတနာ၊ မြင်းဖြူရတနာ၊ ကျွဲဖြူရတနာ၊ နွားဖြူရတနာ၊ သမီးကြီးရတနာ၊ သားလှရတနာ၊ မယားလှရတနာ၊ မိဖုရားရတနာ၊ ခြေနင်းစကြာရတနာ၊ စကြာမင်းရတနာ (ဝါ) စကြာရတနာ၊ စိန်၊ ရွှေ၊ ငွေ၊ ဥဿဖယား၊ ဝေါမုတ်၊ နီလာ၊ ပတ္တမြား၊ ဣန္ဒနီလာ စသည်များသည်လည်း လောကအခေါ်အဝေါ်အားဖြင့် ရတနာဟုပင် ခေါ်ဆိုကြရကုန်၏။ ထို့ပြင်လည်း လောကအခေါ်အဝေါ်အားဖြင့် နဝရတ်ရတနာ၊ လေးစကြာရတနာ၊ လုံစကြာရတနာ၊ မဏိဇောတပတ္တမြားရတနာ၊ မနောမယပတ္တမြားရတနာ၊ ပြဒါးရတနာ၊ သံရတနာ၊ သိပ္ပံအနုမြူဓာတ်သတ္တုများပင် ရတနာထိုက်သေး၏ဟု မှတ်သားသင့်ပါသည်။

ထိုထိုဆိုအပ်ခဲ့ပြီးသော ရတနာစိန်ကျောက်များကို (၃၁)ဘုံကမ္ဘာ့လူသားအများတို့သည် နှစ်သက်တတ်ခြင်း၊ တွယ်တာတတ်ခြင်း၊ မြတ်နိုးတတ်ခြင်း၊ ချစ်ခင်တတ်ခြင်း၊ ရှိသေစွာ သိမ်းဆည်းတတ်ခြင်း၊ အားကိုးယုံကြည်တတ်ခြင်းတို့ကြောင့်လည်း ရတနာဟုပင် ခေါ်ဆိုကြကုန်သေး၏။

ထို့ပြင် တိုင်းပြည်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အတွက် အသက်ပေး တာဝန်ထမ်းဆောင်သော ပုဂ္ဂိုလ်များ၊ လူမျိုးအတွက်၊ ဘာသာအတွက်၊

သာသနာအတွက်၊ အသက်စွန့်တာဝန်ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များသည်လည်းကောင်း၊ နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက် ဂုဏ်တက်အောင် ထင်ပေါ်ကျော်ကြားအောင်၊ ကမ္ဘာ့အလယ်တွင် တင့်တယ်အောင်၊ နိုင်ငံအလယ်၊ တိုင်းပြည်အလယ်၊ ကမ္ဘာ့အလယ်တွင် ဂုဏ်ကျက်သရေဆောင်နိုင်အောင် ကြိုးစားဆောင်ရွက်သော ပုဂ္ဂိုလ်များကိုလည်း "တိုင်းပြည်၏ရတနာ"၊ "နိုင်ငံတော်၏ရတနာ"၊ "တိုင်းပြည်၏သားကောင်း ရတနာများ"ဟု ခေါ်ဝေါ်သင့်သေး၏။

တစ်သက်လုံးစား၍မကုန်နိုင်သော အရာဝတ္ထုများကိုလည်း ရတနာဟုပင် ဆိုထိုက်သေး၏။ ထို့ပြင် သာမန်အရာဝတ္ထုများထက် ပိုမိုလွန်ကဲ၍ တန်ဖိုးအနဂ္ဃထိုက်တန်သော အရာဝတ္ထုပစ္စည်းများကိုလည်း ရတနာဟုပင် သတ်မှတ်သင့်သေး၏။ ထို့ပြင် သာမန်ပုဂ္ဂိုလ်များပြုနိုင်ခဲသော ကိစ္စရပ်၊ အကြောင်းအရာများကို အသက်ကို ပဓာနမထားဘဲ အောင်မြင်အောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ကိုလည်း ရတနာဟုပင် ဆိုထိုက်၏။ ဤကား လောကီလောက အားဖြင့် ခေါ်ဝေါ်သုံးစွဲကြကုန်သော ရတနာများပင် ဖြစ်ကြကုန်၏။

ထိုရတနာများသည် လောကလူသားများက ပညတ်ခြင်း၊ သမုတ်ခြင်း၊ သတ်မှတ်ခြင်း၊ ခေါ်ဝေါ်ခြင်းတို့ကြောင့် လောကရတနာများ၊ လောကီရတနာများဟု သတ်မှတ်ရပါမည်။ ထိုထို လောကီရတနာများသည် အများဆုံးတစ်ဘဝအတွက်သာ အသုံးဝင်ပေလိမ့်မည်။ တစ်ဘဝအတွက် စားချင်တာစား၊ သောက်ချင်

တာသောက်၊ ဝယ်ချင်တာဝယ်၊ လုပ်ချင်တာလုပ်၊ ဆောင်ရွက်ချင်တာဆောင်ရွက်၊ တစ်ဘဝအတွက်တော့ဖြင့် ဖူလုံခြင်း၊ ပြည့်စုံခြင်း၊ လုံလောက်ခြင်းကား ဖြစ်နိုင်ပေလိမ့်မည်။

အချို့ အကုသိုလ်ဒုစရိုက်အားကြီးလှသော မိသားစုများတွင်မူ တစ်ဘဝအတွက်ပင် ဖြစ်မလာတော့ဘဲ အချိန်တိုတို၊ လတိုတို၊ နှစ်တိုတိုနှင့်ပင် ထိုရတနာပစ္စည်းများသည် ကုန်ဆုံးပျောက်ကွယ်ကြရကုန်၏။ ထိုအခါ မသေခင်စပ်ကြား ရတနာမရှိတော့၍ ဆင်းရဲဒုက္ခပင်လယ်ဝေကာ စားရမဲ့သောက်ရမဲ့ နိမ့်ကျသောဘဝကို ရောက်တတ်ကြကုန်၏။ ကွယ်လွန်အနိစ္စရောက်တော့လည်း ချို့ချို့တဲ့တဲ့ ဆင်းဆင်းရဲရဲဖြင့် သေဆုံးရတတ်ကုန်၏။ အချို့သော မိသားစုများသည်၊ ရတနာပစ္စည်းများနှင့် ပေါများကြွယ်ဝချမ်းသာကြကုန်၏။ စီးပွားရေးကလည်းကောင်း၊ အလုပ်အကိုင်ကအဆင်ပြေ၊ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်အောင် ကောင်းလွန်းသည့်အတွက် လောကီစည်းစိမ်ရတနာများ နေ့ချင်းညချင်းကြီးပွားတိုးတက်လာကြကုန်၏။

ထိုအခါ အားရကျေနပ်မှု မရနိုင်သေးဘဲ လောဘမီးဟုန်းဟုန်းတောက်ကာ ရလေလိုလေ အိုတစ္ဆေဟူသော လောကစကားကဲ့သို့ပင် လောဘကို အရှိန်မသတ်နိုင်တော့ဘဲ မလှူရက်၊ မစားရက်၊ မသောက်ရက်ဖြစ်လာကာ၊ စည်းစိမ်ရတနာများကို အတောမသတ် ရှာဖွေစုဆောင်းတတ်ကုန်၏။ ကြာလာသည်နှင့် အမျှ လူ့လောကတွင် လောကီစည်းစိမ် ရတနာများနှင့် ပြည့်စုံ

သည်ကားမှန်ပါ၏။ သို့သော် ကောင်းကောင်းမစားရခြင်း၊ ကောင်းကောင်းမနေရခြင်း၊ ကောင်းမွန်စွာမအိပ်ရခြင်း၊ အလှူအတန်းကုသိုလ်ကောင်းမှု မပြုလုပ်ခြင်းတစ်၍ ရောဂါဝေဒနာများတစ်ခုပြီးတစ်ခု ဝင်ရောက်နှိပ်စက်လာကြကုန်၏။

ထိုရောဂါ၊ ထိုအနာတို့သည်လည်း ပျောက်ကင်းနိုင်ခဲသော၊ ပျောက်ကင်းရန် လမ်းစမမြင်နိုင်သော ရောဂါဝေဒနာမျိုးသာဖြစ်စေနိုင်ပြီး ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ သွေးကျတတ်သောရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောင်ရမ်းနာ၊ အဆုပ်နာ၊ ကျောက်ကပ်ရောဂါများ၊ လေးဘက်နာရောဂါ၊ လေငန်းရောဂါများ၊ ဦးနှောက်သွေးကြောပိတ်ရောဂါများ တစ်ခုမဟုတ်တစ်ခုစွဲကပ်လာကာ ငွေကုန်လူပန်း ရောဂါမပျောက် နေ့စဉ်ဆေးသောက်နေရသော ငြိမ်မရှိ ပျော်ရွှင်မှုကင်းမဲ့သော ကာလသားရောဂါများ ဝင်ရောက်လာတတ်ကြကုန်၏။

ရတနာများနှင့်ပြည့်စုံပါသော်လည်း ဘဝတစ်ခုတွင် ပျော်ရွှင်မှုမရှိ၊ အားရကျေနပ်မှုမရ၊ စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်၊ သောကစိတ်များဖြင့် နှိပ်စက်နေကြရကုန်၏။ အချို့မှာ မိမိဘဝတွင်ရတနာ၊ ရွှေငွေတို့နှင့် ပြည့်စုံစွာ နေထိုင်ရပါသော်လည်း အလှူအတန်းမလုပ်၊ ကုသိုလ်ကောင်းမှုမရှိ၊ ဒါနကိုနားမလည်။ ကောင်းမှုကို အဝေးက ရှောင်တတ်ခြင်းကြောင့် အသက်တို၍ လာမည့်အနာဂတ်ဘဝတွင် ထိုရတနာရွှေငွေများကို စွဲလမ်းတပ်မက်လာခဲ့ခြင်းကြောင့် ရတနာရွှေငွေတို့ကို စောင့်ရှောက်ရသော ပြိတ္တာဘဝ၊

မကျွတ်မလွတ်သော ဥစ္စာစောင့်ဘဝမျိုးကို ဖြစ်စေတတ်ပါသည်။

ရတနာရွှေငွေရှာဖွေစုဆောင်း၍ တိုးတက်ရရှိလာလေလေ၊ ကုသိုလ်ကောင်းမှုတို့ကိုလည်း အနည်းအများဆိုသလို ဒါနကုသိုလ်ကောင်းမှုမျိုးကို အားကိုးတကြီး ပြုသင့်လှပါသည်။ ထိုသို့ မဆောင်ရွက်ခဲ့ပါလျှင် အကုသိုလ်တရား အကျိုးပေးခွင့်ကြုံလာပါက ယခု ဘဝထဲ၌ပင် မီးလောင်ကျွမ်းခံရ၍ ဆုံးရှုံးနစ်နာသောကိစ္စမျိုး၊ ရေကြီး၍ ရေထဲမျောပါသွားခြင်း၊ ရေအောက်ရောက်သွားခြင်းမျိုးများ၊ သူခိုးဓားပြသောင်းကျန်းသူများ၊ ခိုးယူလုယက် ဖျက်ဆီးခံရတာမျိုးများ ကြုံတွေ့ရတတ်ပါသည်။ အဆိုးဝါးဆုံး အကုသိုလ်တက်လာပါက မိမိမှာရှိသော ရတနာရွှေငွေကြောင့် ယခုဘဝတွင်ပင် အသက်ရှည်အောင် မနေကြရဘဲ သူတစ်ပါးသတ်ဖြတ်ခြင်းကို ခံရခြင်း၊ သူတစ်ပါး လုယူတာမျိုးခံရခြင်း၊ အသက်ဆုံးရှုံးရ ခြင်းမျိုး ဖြစ်လာတတ်ပါသည်။

ထို့ကြောင့် ရတနာဟူသည် ထိုက်သူသာစံစားရသော သဘောရှိတတ်ခြင်း၊ ရတနာဟူသည် ကောင်းမှုကုသိုလ်ရှင်များ၊ ဘုန်းရှင်ကံရှင်များလက်ပေါ်တွင်သာ တာရှည်ထာဝရ တည်တံ့ခိုင်မြဲ၍ နေတတ်စမြဲဟု အထူးသိမြင်တတ်ကြပါလေ။ ဤကား လောကီရတနာများ၏ ဖြစ်ပုံပျက်ပုံများ ဖြစ်ကြပါသည်။

ထို့ကြောင့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကြောင့် ဖြစ်ပေါ်လာသော ရတနာများသည် အဆိပ်ပြင်းထန်သော မြွေဆိုးနှင့် အသွင်သဏ္ဌာန်တူလှသည်ဟု မှတ်ယူသင့်၏။ အလောဘ၊

အခေါ်သ၊ အမောဟတို့ကြောင့် ဖြစ်ပေါ်လာသော ရတနာများသည် ဣစ္ဆာသယ လိုတရစေနိုင်သော မဏိဇောတပတ္တမြားရတနာနှင့် အသွင်သဏ္ဌာန်တူလှ၏ဟု မှတ်သင့်၏။

ဥပမာပြဆိုဦးအံ့၊

ဗုဒ္ဓဝင်ကျမ်းတွင် သူတစ်ပါးပစ္စည်းခိုးတတ်သော သူခိုးအုပ်စုတစ်စုသည် ပစ္စည်း၊ ရွှေငွေရတနာများကို ညတွင်းချင်းခိုးယူလာခဲ့ပြီး မိုးမလင်းသေးသည့်အတွက် မှောင်မိုက်နေသော ညဘက်တွင်ပင် လယ်ထွန်ယောကျ်ား(ဝါ)လယ်သမားတစ်ဦး၏ လယ်အနီးသစ်ပင်တစ်ပင်ကြီးအောက်တွင် ရတနာပစ္စည်းများကို မြှုပ်ခဲ့၏။ ထိုသို့မြှုပ်ကြရာတွင် ညအကာလ မှောင်မိုက်နေသောကြောင့် တစ်ဦးနှင့်တစ်ဦး မမြင်ရသည့်အတွက် ပစ္စည်းရတနာများကို မြှုပ်ရာတွင် မြှုပ်သည့်ပစ္စည်းများကမြှုပ်၍ ပေါ်နေသည့် ပစ္စည်းရတနာများက တစ်ချို့တစ်ဝက်ပေါ်နေခဲ့၏။

ဤကိစ္စအခြင်းအရာအကြောင်းစုံကို ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နံနက်အရုဏ်တက်ချိန်တွင် သဗ္ဗညုတဉာဏ်တော်ဖြင့် အကုန်အစင် သိမြင်ပြီးဖြစ်၍ ထိုလယ်သမား၏ တစ်မဂ်တစ်ဖိုလ် ရရှိရန်ကိုလည်း မြင်တော်မူသောကြောင့် နောက်ပါအလုပ်အကျွေးအာနန္ဒာမထေရ်အား ခေါ်ဆောင်ကာ ရင်းသစ်ပင်အနီးသို့ကြွသွားလေ၏။ လယ်သမားလည်း လယ်ထွန်၍ မောပန်းသည့်အတွက် ခေတ္တခဏနားနေခိုက်တွင် ဗုဒ္ဓမြတ်စွာဘုရား ကြွလာသည်ကိုမြင်၍ "စောစောစီးစီး ဗုဒ္ဓမြတ်စွာဘုရားရှင်သည်

အဘယ်ကိုစွဲရှိနေ၍ ကြွလာပါလိမ့်နည်း"ဟု စိတ်ထဲတွင် တွေးတော နေပိ၏။

ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားသည် ထိုသစ်ပင်၏အနီးသို့ ရောက်ရှိလာပြီး ထိုလယ်သမားကြားသိလောက်အောင်ပင် အာနန္ဒာအား မေးတော်မူ၏။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သစ်ပင် အောက်တွင် တစ်ဝက်တပျက်မြုပ်နေသော ဥစ္စာထုပ်၊ ရတနာ ထုပ်များကို အာနန္ဒာအားညွှန်ပြတော်မူပြီး "အာနန္ဒာသစ်ပင် အောက်တွင် အဆိပ်ပြင်းထန်သော မြွေဆိုးကိုတွေ့၏လော၊ မြင်၏ လော"ဟု မေးတော်မူ၏။ ထိုအခါ အာနန္ဒာက "မှန်လှပါဘုရား အဆိပ်ပြင်းထန်သောမြွေဆိုးကို မြင်ပါ၏ဘုရား"ဟု လျှောက်ထား ပြီး ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာခဲ့၏။

ထိုအနီး၌ရှိနေသော လယ်ထွန်ယောကျ်ားသည် ဤအနီး အနားမှာ ငါလယ်လုပ်နေတာကြာခဲ့ပြီ၊ ဤအနီးအနား မြွေဆိုးရှိ သည်ဟု မတွေ့မမြင်ဖူးခဲ့၊ စောစောကပင် ဗုဒ္ဓမြတ်စွာဘုရားနှင့် အာနန္ဒာရောက်လာခဲ့ပြီး မြွေဆိုးကိုမြင်၏လောဟု ဗုဒ္ဓဘုရားက မေး၍ အာနန္ဒာက မြင်ပါသည်ဘုရားဟု ပြောဆိုသွားကြသည်၊ အသို့နည်း၊ ငါသွားကြည့်ဦးမည်ဟု ထသွား၍ ထိုသစ်ပင်အနီး ကြည့်ရှု၏၊ အဆိပ်ရှိသော မြွေကားမတွေ့မမြင်ရဘဲ ညပိုင်းက သူခိုးများမြှုပ်ခဲ့သော အဖျာပစ္စည်းရတနာရွှေငွေများကိုသာ တွေ့ ရ၏။

ထိုအခိုက် နန်းတွင်းမှ မှူးမတ်များ၊ မင်းခယောကျ်ားများ

ရောက်ရှိလာခဲ့ပြီး ထိုဘဏ္ဍာပစ္စည်း၊ ရတနာရွှေငွေများအား အနီးရှိ လယ်သမားပင် ခိုးယူ၍ ဤသစ်ပင်အောက်တွင် လာရောက်ဖွက်ထား၊ မြှုပ်ထားခြင်းဖြစ်လိမ့်မည်ဟု အထင်ရှိပြီး ပစ္စည်းရတနာ ဘဏ္ဍာများကို ဖော်ထုတ်ယူငင်ကာ လယ်သမားကိုလည်း ပစ္စည်းခိုးသော သူခိုးဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်၊ ရိုက်ပုတ်ချည်နှောင်၍ ခေါ်ဆောင်သွားလေသည်။

အကျဉ်းချုပ်အားဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဘုရင်အား အကြောင်းစုံကို အမိန့်ရှိမှသာ အမှုန်တရားပေါ်ပြီး နှိပ်စက်ညှဉ်းပန်းခံနေရသော သူခိုးလည်း လွတ်မြောက်ကာ ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို နာကြားရ၍ သူခိုးဟုစွပ်စွဲခံနေရသော လယ်ထွန်ယောကျ်ားသည်လည်း သောတာပန်ဖြစ်ကာ အကျွတ်တရားရကြကုန်၏ဟု ဓမ္မပဒနှင့် ဗုဒ္ဓဝင်တို့တွင် ပြဆိုထားပါသည်။ အကျယ်ကြည့်လိုလျှင် ၎င်းကျမ်းများ၌ ကြည့်နိုင်ပါသည်။

လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့နှင့် ယှက်တွယ်မိလျှင် ရတနာသည် အဆိပ်ပြင်းထန်သော မြွေပွေး၊ မြွေဆိုးနှင့်တူကြောင်းကို သတိပြုပါလေ။ ဒုက္ခလှလှပေးတတ်သည်ကို သတိပြုပါလေ။

ဥပမာဆိုပါဦးအံ့၊ အဇာတသတ်မင်းသည် ဇောတိကသူဌေး၏ စည်းစိမ်ဥစ္စာများ၊ ရတနာများ၊ အိမ်ခြံအားလုံးတို့ကို မတရားသိမ်းပိုက်လိုသော အကြံအစည်သည် နေ့စဉ်လိုလိုပင် နှိပ်စက်အားကြီးသည်ဖြစ်၍ စစ်သည်စစ်သားအင်အားသုံး၍ ဇောတိကသူဌေး၏ နေရာ၊ ဥစ္စာရတနာစည်းစိမ်တို့ကို သိမ်းယူ

စေ၏၊ အဇာတသတ်မင်း၏ စစ်သည်ဗိုလ်ပါများ၊ တပ်သားများ သည် ဇောတိကသူဌေး၏ စည်းစိမ်ဥစ္စာရတနာများကို မဆိုထားဘိ အိမ်ဝင်းထဲပင် ဝင်၍မရနိုင်ဘဲ ထွက်ပြေးကြရကုန်၏။

ဤအကြောင်းအရာအပြည့်အစုံကို ဇောတိကသူဌေးကြားသိ လေသော် မိမိကိုယ်တိုင်က မပေးသော ဥစ္စာပစ္စည်းရတနာများကို တစ်ပါးရန်သူများ၊ သူခိုးများ ခိုးယူ၍ မရနိုင်ကြောင်း၊ လုယက် ယူငင်၍မရနိုင်ကြောင်းကို အဇာတသတ်မင်းအား သံတော်ဦးတင် လျှောက်ကြားလေ၏။

အဇာတသတ်မင်းလည်း ဤသို့လျှောက်ထား သံတော်ဦး တင်သည်ကို ယုံကြည်တော်မမူဘဲ ဇောတိကသူဌေး၏ လက်တွင် ဝတ်ထားသော လက်ဝတ်ရတနာကို အတင်းအဓမ္မ ချွတ်စေရာ မကျွတ်နိုင်၊ မရနိုင်ရှိလေ၏၊ ထိုအခါမှ ဇောတိကသူဌေးက အရှင်မင်းကြီး အားပေးပါ၏၊ ဤပစ္စည်းလက်ဝတ်ရတနာသည် အရှင်မင်းကြီးသာ ရရှိပါစေဟု နှုတ်ကဆို၍ အရှင်မင်းကြီး လက်တော်ဖြန့်ပါဟုဆိုကာ အဇာတသတ်မင်း၏ လက်ဝါးတော် ပေါ်သို့ ဇောတိကသူဌေးလက်က ထိတွေ့ညွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဇောတိကသူဌေး၏ လက်ဝတ်ရတနာသည် အလို အလျောက်ပင် လက်မှကျွတ်၍ အဇာတသတ်မင်း၏ လက်ပေါ်သို့ ကျရောက်စေ၏၊

ဤအရာ၌လည်း ရတနာဟူသည် ပါရမီရှင်၊ ဘုန်းရှင်၊ ကံရှင်၊ ကုသိုလ်ရှင်တို့၏ အရာသာဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုန်းရှင်၊

ကံရှင်၊ ကုသိုလ်ရှင်များနှင့်သာ ထိုက်တန်သည်ဟူ၍လည်းကောင်း အထူးမှတ်သားသင့်ပါသည်။

ထို့ကြောင့် ရတနာဟူသည် "ထိုက်တန်လျှင်အေး၊ မထိုက်တန်လျှင်ဘေး"ဟု မှတ်ယူသင့်ပါသည်။ ဤကား တစ်ဘဝအတွက်သာ အကောင်းအဆိုးတို့ကို ဖြစ်စေနိုင်သော လောကီရတနာများ၏ ဖြစ်ပုံပျက်ပုံ သဘောဓမ္မတာတည်း။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟုဆိုအပ်သော သရဏဂုံ (၃)ပါးသည်ကား တစ်ဘဝအတွက်သာမက ဘဝပေါင်းများစွာ၊ ဘဝပေါင်းအနန္တ ကောင်းကျိုးချမ်းသာမင်္ဂလာသုခတို့ကို ပေးစွမ်းနိုင်သောကြောင့် ထိုသရဏဂုံ(၃)ပါးသည် ဆင်းရဲဒုက္ခအမျိုးမျိုးမှ တင်းဝေးလွတ်မြောက်စေနိုင်သောကြောင့် ထိုသရဏဂုံ (၃)ပါးသည် ရတနာအစစ်၊ ရတနာအမှန် ဖြစ်ပေတော့၏။ ထိုဘုရား၊ တရား၊ သံဃာဟုဆိုအပ်သော သရဏဂုံ(၃)ပါးသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်စသော အပါယ်(၄)ပါးတို့မှ တင်းလွတ်စေ၍ အပါယ်လေးပါးတို့မှ ကင်းဝေးရာဖြစ်သော ချမ်းသာသုဂတိတို့ကို ပေးစွမ်းနိုင်သောကြောင့် ထိုသရဏဂုံ(၃)ပါးသည် ရတနာအစစ်၊ ရတနာအမှန်ဖြစ်၏ဟု သိမှတ်ကြရာ၏။

ထိုဘုရားတရားသံဃာစသော သရဏဂုံ(၃)ပါးတို့သည် ဘေးရန်အန္တရာယ်ဥပါဒ် အသွယ်သွယ်တို့နှင့် ရောဂါအနာတို့ကို ကင်းဝေးပပျောက်စေ၍ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ အဖြာဖြာတို့ကို ပေးစွမ်းနိုင်သောကြောင့် ထိုသရဏဂုံ(၃)ပါးသည်

ရတနာအစစ်၊ ရတနာအမှန်ဖြစ်၏ဟု သိမှတ်ကြရာ၏။

ထိုဘုရားတရားသံဃာစသော သရဏဂုံ(၃)ပါးတို့သည် ပဋိစ္စသမုပ္ပါဒ် သံသရာခြား ရဟတ်တို့ကို ဖြတ်တောက်စေ၍ ထိုသံသရာဝဋ်ဆင်းရဲ ဝဲဩဃအသွယ်သွယ်တို့မှ လွတ်ကင်းရာအမှန်သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ သန္တိသုခနိဗ္ဗာန်အထိ ပို့ဆောင်ပေးစွမ်းနိုင်သောကြောင့် ထိုသရဏဂုံ(၃)ပါးတို့သည် ရတနာအစစ်၊ ရတနာအမှန်ဖြစ်၏ဟု သိမှတ်ကြရာ၏။

အလုံးစုံသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ကင်းဝေးပပျောက်စေ၍ ချမ်းသာသုခမှန်သမျှ ပြည့်စုံအောင်မြင်စေခြင်းငှာ စွမ်းအားသတ္တိနှင့်ပြည့်စုံခြင်းကြောင့် ထိုသရဏဂုံ(၃)ပါးတို့သည် ရတနာအစစ်၊ ရတနာအမှန်ဖြစ်၏ဟု သိမှတ်ကြရာ၏။

မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီမိဖုရားဝတ္ထုတွင်လည်း ဗုဒ္ဓမြတ်စွာဘုရားသည် လောကကြီးတစ်ခုလုံးတွင် အလွန်တရာကြုံတောင့်ကြုံခဲ၊ ဖြစ်တောင့်ဖြစ်ခဲ၊ အလွန်လျှင် ရတောင့်ရခဲသော ရတနာဖြစ်ကြောင်း ဤလောကတွင် ဘုရား. . . ဘုရားဟူသော အသံတော်ကိုလည်း၊ အလွန်ကြားရခဲလှ၏။ တရား. . . တရား ဟူသော အသံတော်ကိုလည်း အလွန်အမင်းကြားရခဲလှ၏၊ သံဃာ. . . သံဃာဟူသော အသံတော်ကိုလည်း အလွန်ကြားရခဲလှ၏ဟု မှတ်သားသင့်၏။

ထို့ကြောင့် မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီမိဖုရားတို့သည် ဘုရား၊ တရား၊ သံဃာနှင့်ပတ်သက်သော သတင်းစကား

ပြောဆိုသံတို့ကို အလွန်ကြားသိလိုလှသဖြင့် သတင်းထူးပေးနိုင်သူအား အသပြာတစ်သိန်းဆုချမည်ဟု တိုင်းသူပြည်သားတို့အား သိကြားစေ၏။

ထိုအခါ တစ်နေ့သ၌ သာဝတ္ထိပြည်မှ ကုန်ကူးသန်းရောင်းဝယ်ရန် ရောက်ရှိလာသော လှည်းသမား၊ လှည်းကုန်သည်များထံမှ လောကတွင် ဗုဒ္ဓဘုရားရှင် ထင်ရှားကေန်ပွင့်တော်မူပြီဖြစ်ကြောင်း၊ ထိုဗုဒ္ဓဘုရားရှင်သည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်တော်မူသောကြောင့် သဗ္ဗညုတဉာဏ်တော်ဖြင့် အလုံးစုံသော တရားမှန်သမျှ အကြွင်းအကျန်မရှိ အလုံးစုံကိုသိမြင်တော်မူကြောင်း၊ အရဟံအစရှိသော ဂုဏ်တော်(၉)ပါးနှင့် ပြည့်စုံတော်မူခြင်း၊ သေခြင်းတရားကို အောင်မြင်တော်မူပြီး မသေရာမှန်မြတ်နိဗ္ဗာန်သို့ ပို့ဆောင်နိုင်တော်မူကြောင်း စသည်စသည်ဖြင့် လောကမှာ မြတ်စွာဘုရားပွင့်တော်မူပြီဟု မဟာကပ္ပိန မင်းကြီးနှင့် အနောဇာဒေဝီမိဖုရားတို့ကို သာဝတ္ထိပြည်သား လှည်းကုန်သည်များက သတင်းထူးအဖြစ် သံတော်ဦးတင်ကြသည့်အတွက် အသပြာတစ်သိန်းဆုတော်ကို ချီးမြှင့်ခြင်းခံရပါသည်။

ထိုသို့ကြားရခဲခြင်း၊ သိနိုင်ခဲခြင်း၊ မြင်နိုင်ခဲခြင်း၊ ဖြစ်တုံ့ဖြစ်ခဲ၊ ရတုံ့ရခဲဖြစ်တော်မူ သောကြောင့် ဘုရား၊ တရား၊ သံဃာ စသော သရဏဂုံ(၃)ပါးတို့သည် ရတနာထိုက်သည်ဖြစ်၍ ရတနာအစစ်၊ ရတနာအမှန်ဟု သိမှတ်ထားရာ၏။

ယခုခေတ်ကမ္ဘာ့လူသားများသည် တန်ဖိုးထား၍ဝယ်ယူခြင်း၊

သိုမှီးခြင်း၊ သိမ်းဆည်းခြင်းပြုကြကုန်သော စိန်ရတနာ၊ ရွှေရတနာ၊ ငွေရတနာ၊ ပတ္တမြားရတနာ၊ မြရတနာ၊ ပုလဲ၊ နီလာ၊ ဂေါ်မုတ် စသော ရတနာများသည် တစ်ဘဝအတွက်သာ အကျိုးပေး အသုံးဝင်သောကြောင့် (ဝါ) တစ်ခဏ၊ တစ်မုဟုတ်၊ ခေတ္တ၊ ယာယီ၊ အတန့်အသတ်တစ်ခုအတွက်၊ တစ်ကမ္ဘာအတွက်၊ တစ်ဘဝအတွက်သာဖြစ်နိုင်သောကြောင့် ရတနာ အတုအယောင်၊ ရတနာယောင်ဆောင်နေသော လူသုံးကုန်ပစ္စည်းများ၊ အတုအယောင်ဆောင်သော ရတနာအတုများဟု ခေါ်ဆိုသင့်လှ၏။

ဘုရား၊ တရား၊ သံဃာစသော သရဏဂုံ(၃)ပါးသည် ခဏပေါင်း အနန္တ၊ ခဏပေါင်း အသင်္ချေ၊ မုဟုတ်ပေါင်း အနန္တ၊ မုဟုတ်ပေါင်း အသင်္ချေ၊ ခေတ္တပေါင်း အနန္တ၊ ခေတ္တပေါင်း အသင်္ချေ၊ ယာယီပေါင်း အနန္တ၊ ယာယီပေါင်း အသင်္ချေ၊ အတန့်အသတ်ပေါင်း အနန္တ၊ အတန့်အသတ်ပေါင်း အသင်္ချေ၊ ကမ္ဘာပေါင်း အနန္တ၊ ကမ္ဘာပေါင်း အသင်္ချေ၊ ဘဝပေါင်း အနန္တ၊ ဘဝပေါင်း အသင်္ချေ၊ တမ္ဘာပေါင်း အနန္တ၊ တမ္ဘာပေါင်း အသင်္ချေမျှမက ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်စေတတ်၏။ ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းလွတ်စေတတ်၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံများသို့ မလားရောက်နိုင်၊ အပါယ်ဘုံတံခါး ပိတ်ထားပြီးဖြစ်တော့၏။

များစွာသော သံသရာဝဋ်ဆင်းရဲ ဝဲဩဃရေအယဉ်မှ ကင်းလွတ်ရာ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာသာဝကများ စံဝင်ရာ

အသခ်တတတ် သန္တိသုခနိဗ္ဗာန်အထိ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခအဖြာဖြာတို့ကို ပေးစွမ်းနိုင်သည်ဖြစ်၍ ဝိမုတ္တိချမ်းသာအထိ ခံစားစံစားရသည်ဖြစ်၍ တကယ့်ရတနာစစ်၊ ရတနာမှန်ဖြစ်တော့သည်ဟု မှတ်သားကြပါကုန်။ အဟုတ် ရတနာစစ်ရတနာမှန်ဖြစ်တော့သည်ဟု အမြဲအစွဲမှတ်သား နာယူသင့်၏ဟု မှတ်ကြပါလေ။

ဤတွင် ဘုရား၊ တရား၊ သံဃာစသော သရဏဂုံ(၃)ပါးတို့သည် ရတနာစစ်၊ ရတနာမှန်ဖြစ်ကြောင်း ကဏ္ဍကို သူတော်ကောင်းတို့ သိရှိကြကုန်ရာသတည်း။

## ၄။ သရက္ခာဂုံနှင့်စပ်လျဉ်း၍ ရှေးဆရာတော်ကြီးများ၏ ပြဲ့ဝါဒကထာနှင့် အယူအဆ သဘောတရားများ

(က) ဟိမဝန္တာတောတွင် သီတင်းသုံးနေတော်မူသော
သက်တော် (၁၂၂)နှစ်ရှိ နေမျိုးရာဇာ
ဦးအာသဝဆရာတော်၏ ဩဝါဒကထာ

လူတွေနှစ်သက်တဲ့ ရွှေငွေတို့၊ စိန်နီလာတို့၊ ပတ္တမြားတို့ဆိုတာတွေက တစ်လအတွင်း ရှာဖွေစုဆောင်းရင် ရနိုင်ကြတယ်။ တစ်နှစ်အတွင်း ရှာဖွေစုဆောင်းလျှင်လည်း ရနိုင်ကြတယ်။ အချို့ဆိုလည်း ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်စသည်ဖြင့် ကြိုးစား၍ရှာဖွေလုပ်ကိုင်ပါက ရနိုင်ကြပေလိမ့်မည်။ ကုသိုလ်၊ အကုသိုလ်ကံတို့ကိုမူတည်၍ အနည်းအများဖြင့်သော်လည်းကောင်း၊ အချိန်အတိုအထွာ၊ အရှည်အတိုအားဖြင့်လည်းကောင်း ဒါသာကွာကောင်းကွာခြားနိုင်ပါလိမ့်မည်။ ဒီလိုရတနာမျိုးက လောကမှာ ပေါပါတယ်ကွာ။ စည်းကမ်းတကျ ကြိုးစားအားထုတ်လျှင် ရနိုင်တာချည်းပဲကွ။

ဒါပေမဲ့ ဘုရားတရားသံဃာဆိုတဲ့ သရဏဂုံ(၃)ပါးကတော့ ဒီလိုရှာနေရုံနှင့်၊ ဒီလိုကြိုးစားနေရုံနှင့်၊ ဒီလိုဆုတောင်းနေရုံနှင့် မရနိုင်ဘူးကွ။ ဘုရားတစ်ဆူတစ်ဆူပွင့်ပါမှ တစ်ကြိမ်သာ ပေါ်ပေါက်ခွင့်၊ သီးပွင့်ခွင့်ရတဲ့ သရဏဂုံဖြစ်လေတော့ တိုတိုဩဝါဒပေးရရင်ကွာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာပါမှ သရဏဂုံ(၃)ပါးဟာ တစ်ကြိမ်သာ ပေါ်ပေါက်ရိုး၊ သီးပွင့်ရိုးရှိတယ်ဆိုတာ မြဲမြဲမှတ်ထားကြပါ။

(၁) အချက် ဗုဒ္ဓမြတ်စွာဘုရားရှင်ပွင့်တာနှင့် ကြုံကြိုက်ရခြင်း၊ (သို့မဟုတ်)

(၂) အချက် ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်ရခြင်း။

(၃) အချက်သာသနာတော်အတွင်း လူသားဖြစ်ရခြင်း။

ဤအချက် (၃)ချက်နှင့်ကိုက်ညီစွာ လူ့ဘဝဖြစ်ပါမှ သရဏဂုံ(၃)ပါးကို သိခွင့်၊ မြင်ခွင့်၊ ကြုံကြိုက်ခွင့်၊ ဖူးတွေ့ခွင့်ရနိုင်ကြပေလိမ့်မယ်။ အခုဆိုရင် ဗုဒ္ဓသာသနာတော်ရှိနေသေးတယ်။ ဒါကြောင့် သရဏဂုံ(၃)ပါးလည်း အထင်အရှားရှိနေတုန်း။ သရဏဂုံ(၃)ပါးကို အားကိုးအားထားပြုကြ။ သရဏဂုံ(၃)ပါးကို အထပ်ထပ် ပွားများအားထုတ်ကြပါ။

(၈) သက်တော် (၁၀၄)နှစ်ရှိတော်မူသော
မြဝတီဆရာတော်ကြီး၏ ဩဝါဒ
အိမ်၊ ခြံ၊ မြေ၊ စိန်၊ ရွှေရတနာတို့ဆိုတာ ငွေနှင့်ပေးဝယ်လို့

ရတယ်။ မြဲမြဲမှတ်ကြပါ။ သရဏဂုံ(၃)ပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ ရတနာ(၃)ပါးကို ငွေပေး၍မရနိုင်။ ရွှေပေး၍ မရနိုင်၊ ရွှေငွေတွေပုံထားပြီး ဝယ်ယူလည်း မရနိုင်ပါ။ ဒါ့ကြောင့်တန်ဖိုးကြီးမားလှပြီး နိဗ္ဗာန်အထိ ပို့ဆောင်တတ်သော သရဏဂုံ(၃)ပါးကို နေ့ညအခါမလပ် ပွားများကြပါ။ အားထုတ်ကြပါ။ တို့တော့ သရဏဂုံ(၃)ပါးပဲကွဲ့။ တို့က သရဏဂုံနှင့်ပဲ အသက်ရှည်လာတာ၊ မင်းတို့အမြင်ပဲ။

(ဂ) ဝန်လည်တောင်ဆရာတော် ဦးသုဇာတဓမ္မဒေသနာ

နိဗ္ဗုပုညကုသိုလ် (၇)မျိုးထဲမှာ ထိပ်ဆုံးကပင် ဘုရား၊ တရား၊ သံဃာစသော သရဏဂုံ(၃)ပါးက ပါလာပြီးသားပဲ။ သရဏဂုံ(၃)ပါးကို နံနက်တစ်ကြိမ် ခံယူဆောက်တည်ပါ။ ညတစ်ကြိမ် ခံယူဆောက်တည်ပါ။ ပြီးလျှင် သရဏဂုံ(၃)ပါးကို အချိန်မရွေး၊ အခါမရွေး၊ နေရာမလပ်၊ အချိန်အခါမလပ် ပွားများအားထုတ်ကြပါ။ သရဏ္ဍာယ်ပေးကြပါ။

ဘုရားသာသနာတော်နှင့် ကြုံတွေ့နေရလို့ သရဏဂုံ(၃)ပါးကို သိခွင့်ရကြတာ၊ ဘုရားတစ်ဆူတစ်ဆူ ပွင့်ထွန်းပေါ်ပေါက်ပါမှ သရဏဂုံ(၃)ပါးဆိုတာ တစ်ကြိမ်သာ ပေါ်ပေါက်ခွင့်ရတာ။ မမေ့ကြနှင့်၊ မပေါ့ကြနှင့်၊ အထူးကြိုးစားပေးကြပါ။

(ဃ) ၁၉၅၉ ခုနှစ်၊ သက်တော် (၉၀)ရှိသော
 ပုပ္ပါးဆရာတော်ကြီး၏ ဩဝါဒကထာ

ဘုရားတစ်ဆူတစ်ဆူပွင့်ပါမှ သရဏဂုံကလည်း တစ်ကြိမ် တစ်ကြိမ်ဖြစ်ပေါ်ခွင့်ရတာ။ ဘုရားတစ်ဆူပွင့်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာပါလျှင် သရဏဂုံ(၃)ပါး တစ်ကြိမ်ဖြစ်ပေါ်ခွင့် သည်လည်း လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပင်ကြာမှ ဖြစ်ပေါ်ရ၏။

ဘုရားတစ်ဆူပွင့်ရာ၌ ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာခဲ့ ပါလျှင် သရဏဂုံ(၃)ပါး တစ်ကြိမ်ဖြစ်ပေါ်ခွင့်သည်လည်း ရှစ်သင်္ချေ နှင့်ကမ္ဘာတစ်သိန်းကြာပါမှ ဖြစ်ပေါ်ခွင့်ရနိုင်၏၊

ဘုရားတစ်ဆူပွင့်ရာ၌ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းကြာခဲ့ပါလျှင် သရဏဂုံ(၃)ပါး တစ်ကြိမ်ဖြစ်ပေါ်ခွင့် သည်လည်း တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာပါမှ ဖြစ်ပေါ်ခွင့်ရနိုင်ပေ၏။

ဒါ့ကြောင့် ရတောင့်ရခဲလှပေသော၊ ကြုံတောင့်ကြုံခဲလှပေ သော၊ ဖြစ်တောင့်ဖြစ်ခဲလှပေသော သရဏဂုံ(၃)ပါးတို့ကို အဖန် ဖန်တလဲလဲ ပွားများအားထုတ်ခြင်းဖြင့် သေလျှင် ငရဲဘုံမရောက် တော့ဘူး၊ ပြိတ္တာဘုံကိုမရောက်တော့ဘူး၊ တိရစ္ဆာန်ဘုံကို မရောက် တော့ဘူး၊ အသုရကာယ်ဘုံကို မရောက်တော့ဘူးကွဲ့။

ဒါကို ဘုရားရှင်က "သရဏဂုံ(၃)ပါးကို အထပ်ထပ်ပွားများ နေလျှင် အပါယ်လေးပါး တံခါးပိတ်သည်"ဟု ဟောတော်မူခဲ့ ပါသည်။

(င) ပွေးဦးတောင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာဓိပတိ ဒိုကာထာ

ပွေးဦးတောင်ကတော့ မြင့်ပါကွာ၊ တို့အသက်က (၉၀)ကျော် နေပြီ၊ ယနေ့ထက်တိုင် တစ်နေ့ကို နှစ်ခေါက်လောက်အနည်းဆုံး တောင်တက်တောင်ဆင်းလုပ်နိုင်တာပဲ၊ မောတယ်၊ ပန်းတယ် သိပ်မရှိလှဘူး၊ ဒါဟာသရဏဂုံရဲ့ အကျိုးတွေပဲလားတော့ မပြော တတ်ပါဘူး၊

အဲသရဏဂုံ(၃)ပါးကိုတော့ အသက်နှင့်လဲပြီး အားကိုးတယ်၊ ယုံကြည်တယ်၊ ပွားများတယ်၊ ရွတ်ဖတ်သရဇ္ဈာယ်တယ်၊ ဒါ့ ကြောင့်ပဲထင်ပါရဲ့၊ ဘုန်းကြီးတို့တော့ ယနေ့အထိ အသက်သာ (၉၀)ကျော်သွားတာ၊ ကျန်းမာရေးအထူးကောင်းတယ်၊ ရောဂါ ဝေဒနာရယ်လို့ ဘာမှမယ်မယ်ရရမဖြစ်ဘူး၊ အသက်ရှည်ရှည်နှင့် သာသနာပြုနိုင်ပါစေလို့ဘဲ ဆုတောင်းပါတယ်၊ မင်းတို့လည်း သရ ဏဂုံ(၃)ပါးကို မမေ့ကြလေနှင့်၊ အမြဲသတိတရ ရှိနိုင်လေ သရ ဏဂုံက ပိုအစွမ်းထက်လေပဲကွဲ့၊

မှတ်မိသေးတယ်ကွဲ့၊ ၁၉၆၇-ခုနှစ်၊ မိုးတွင်းတုန်းကပေါ့ကွာ၊ အဲဒီနှစ်က မိုးသိပ်ကောင်းတာ၊ နေ့ရောညပါ မိုးကသဲသဲမဲမဲ ရွာကောင်းနေလိုက်တာ၊ ပွေးဦးတောင်ထိပ် အစွန်းနေရာလောက် မှာ ဘုန်းကြီးက ကမ္မဋ္ဌာန်းကျောင်းကလေးနှင့် ညဘက်ညဥ့်နက် သည်အထိ သရဏဂုံ(၃)ပါးကို ပုတီးစိပ်ရင်း ရွတ်ဖတ်သရဇ္ဈာယ် နေတာ မိုးတွေကလည်း သဲကိုးကွဲ့၊ မကြာပါဘူးထင်တယ်ကွာ၊ တောင်စောင်းတစ်ခြမ်းပဲ့ပြီး တောင်ပြိုကျသွားတာ၊ အဲဒီထဲ

ဘုန်းကြီးလည်း ပါသွားတာပေါ့။

သရဏဂုံ(၃)ပါးကို ရွတ်နေရင်း ရွတ်နေရင်းနှင့် တောင်တစ်ခြမ်းက တဖြည်းဖြည်း အိအိကျဆင်းလာပြီး၊ မကြာခင်ပဲ တဝုန်းဝုန်းနှင့် အသံတွေမြည်ဟိန်းလာပြီး ဘုန်းကြီးလည်း ကမ္မဋ္ဌာန်းကျောင်းနှင့်အတူ တောင်အောက်ကို ရောက်မှန်းမသိ ရောက်ခဲ့ရတယ်၊ တောင်အောက်ကိုရောက်တော့ ကမ္မဋ္ဌာန်းကျောင်းထဲကနေ အပြင်ထွက်လို့ မရတော့ဘူး။ အပေါ်က မြေကြီးတွေက ကျောင်းလေးကို ဖုံးအုပ်ပြီး မြေဖို့ထားသလို အောက်မှာ ပိနေပါတော့တယ်။

ဒါနဲ့ ကဲမထူးတော့ဘူး။ အသက်လည်းကြီးနေပြီ၊ သေမယ်ဆိုရင်လည်း သေသင့်နေပြီ၊ ဒီတော့ ငါအားကိုးနေတဲ့ သရဏဂုံ(၃)ပါးကိုပဲ အထပ်ထပ်ရွတ်နေတော့တယ်။ မနက်လင်းလာမှ တစ်ညလုံးရွာထားသည့် မိုးကလည်း တဖြည်းဖြည်းမိုးစဲလာပါတော့တယ်၊ မကြာခင်ပါပဲ ပွေးဦးတောင်အနီးအနားက ရွာသူရွာသားတွေ ရောက်ရှိလာခဲ့ပြီ "ပွေးဦးတောင်ပဲ့ကျပြီး တောင်ပြိုကျရာမှာ ဆရာတော်ကြီးပါ ရောပါသွားပြီး မြေကြီးအောက်မှာပိနေတယ်။ အမြန်လုပ်ကြဟေ့"စသည်ဖြင့် ရွာသူရွာသားများ အော်ဟစ်ပြောဆိုကြပြီး၊ အမြန်ရှင်းလင်းဖယ်ရှားကာ ဆရာတော်ကို ကမ္မဋ္ဌာန်းကျောင်းကလေးထဲက ဆွဲထုတ်ပြီး ပွေးဦးတောင်ထိပ်သို့ ပြန်လည်ပင့်ဆောင်လာခဲ့ကြပါတော့တယ်။ နာမည် သတင်းကတော့ ကြီးသွားတာပေါ့ကွာ။ ပြည်မြို့ဘက်က ဒကာဒကာမတွေ

တောင် ရောက်လာကြပြီး သတင်းမေးကြ၊ မြန်းကြ၊ ကန်တော့ကြ၊ ပူဇော်ကြပေါ့ကွာ။

ဘုန်းကြီးကတော့ တွေးမိပါတယ်။ ကိုယ်အမြဲတမ်း အား ထုတ်သရဇ္ဈာယ်နေတဲ့ သရဏဂုံ(၃)ပါးရဲ့ တန်ခိုးသတ္တိပဲလို့ အောက် မေ့မိပါတယ်။ ဒကာဒကာမတို့လည်း ဘုရားဟောတဲ့ သရဏဂုံ (၃)ပါးကို မမေ့ကြနှင့်။ ဘာမှမလိုဘူး။ ဒါကိုပဲ ဂရုတစိုက် အားထုတ် ကြပါ။

(စ) မွေ့ဝိဇ္ဇာ ဦးကလျာဏ၏ ဩဝါဒကထာ
၁၉၆၀-ခု၊ ပေါင်းတည်မြို့(ခေတ္တ)

တို့တော့ လယ်တီဆရာတော်ကိုတော့ အတော့်ကိုသဘော ကျမိပါရဲ့ကွယ်။ ဒီဆရာတော်ကြီးက စာကလည်းတတ်ပါ့ကွာ။ မဟာသရဏဂုံတော်ကြီးကလည်း လိုနေတယ်ရယ်လို့ မတွေ့ရ ပါဘူး။ မဟာသရဏဂုံတော်ကြီးကို သစ္စာ(၄)ပါး၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အထိ ပြသထားတော့ အားကျဖို့ကောင်းတယ်ဟေ့။

လောကမှာ သရဏဂုံမြဲမှ သရဏဂုံတည်အောင် ကျင့်ကြံ ပွားများအားထုတ်နိုင်မှ ဘဝတစ်ခုရဲ့ အာမခံချက်ကို ရနိုင်တာလား ဟေ့၊ သရဏဂုံမှ ခန္ဓာကိုယ်မှာတည်အောင် မလုပ်နိုင်ဘဲနှင့် သမထတို့ ဝိပဿနာတို့ လျှောက်ပြော၊ လျှောက်လုပ်နေရင် သဘာဝကျပါ့မလားကွဲ့။

လယ်တီဆရာတော်ကတော့ အပင်ပန်းခံနိုင်ပါ့ကွာ။

လပေါင်းများစွာ နေ့ရောညပါ မနေမနား သရဏဂုံတော်ကြီးကို ပွားများသရဇ္ဈာယ်တော်မူခဲ့တယ်။ ဒါပဲ ထင်ပါရဲ့ကွာ။ လယ်တီဆရာတော်ကြီးဟာ မြန်မာနိုင်ငံအနှံ့၊ တောရောမြို့ပါမကျန်၊ နိုင်ငံခြားတိုင်းပြည်များကပါ လယ်တီဆရာတော်ကြီးအား မေးကြမြန်းကြလျှောက်ထားကြနှင့် နိုင်ငံအနှံ့၊ သာသနာတော်မြတ်ကြီးကို ဘတ်စုံပြုစုလာခဲ့တာ အတော့ကို အောင်မြင်မှုရနေတဲ့ ဆရာတော်ပါပဲ။

ဒါဟာ မဟာသရဏဂုံတော်ကြီးရဲ့ ကျေးဇူးတော်၊ တန်ခိုးတော်လို့ပဲ တို့ဘုန်းကြီးတွေကတော့ ယူဆထားတယ်။ မင်းတို့လေးတွေလည်း မသေခင်စပ်ကြား ဘာလုပ်လုပ် သရဏဂုံ(၃)ပါးကို မမေ့အပ်။ မမေ့နေကြနှင့်၊ အမြဲတမ်း သတိတရရှိနေအောင်၊ ဘဝကူးကောင်းအောင် အားထုတ်ပေးကြကွဲ့။

(ဆ) ၁၃၀၀ ပြည့် ပုပ္ပါးတောင် ဘိုးမင်းခေါင်ကြီး၏ ညွှန်ကြားချက်အရ

တို့တော့ ဖြစ်လေရာဘဝများမှာ ဗုဒ္ဓသာသနာတော်ကြီးကို နေလိုလလို ထွန်းလင်းတောက်ပနေအောင် သာသနာပြုရာမှာ မဟာသရဏဂုံသုံးဆယ်ကို အမြဲမပြတ် အားထုတ် ပွားများလာခဲ့တာ ကြာပါပေါ့ကွာ။ ဘယ်ဘဝကစ၍ မဟာသရဏဂုံတော် (၃၀)တို့ကို ပွားများလာခဲ့တာ မှတ်တောင်မမှတ်မိတော့ပါလား။

သာသနာရှိနေသမျှ သရဏဂုံတွေ ရှိနေဦးမှာပဲကွ။ သာသနာ

ကွယ်ပခါမှပဲ သရဏဂုံလည်း ကွယ်ပသွားနိုင်တာပဲ။ တို့တော့ ဘာပဲလုပ်လုပ်၊ ဘာကိစ္စပဲရှိရှိ၊ ဘာကိုပဲ ဆောင်ရွက်ဆောင်ရွက် မဟာသရဏဂုံ(၃၀)ကိုတော့ လက်ကိုင်ထားတယ်ဟေ့။ ဘယ်သူ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် တို့ကတော့ သရဏဂုံမှ သရဏဂုံပဲဟေ့။


(ဃ) နဝင်းသိုက်ထွက် ပထမံဘိုးဘိုးအောင်၏
ဩဝါဒအဆုံးအမ

သရဏဂုံ(၃)ပါးကိုတည်၊ ဂုဏ်တော်(၉)ပါးကိုပွား၊ ငါလို ကျင့်၊ ငါလိုအားထုတ်၊ ငါလိုကြံ၊ ငါလိုတွေး၊ ငါလိုစီရင်၊ ငါလို သနား၊ ငါလိုကြင်နာ၊ ငါလိုမေတ္တာပွား၊ ငါလိုကြိုးစား၊ ငါနှင့် တူလျှင် ငါလိုဖြစ်မည်၊ ငါလိုအောင်မည်၊ ငါလိုပြီးစီးမည်၊ ငါ့သိဒ္ဓိအစ သရဏဂုံက။

- သရဏဂုံ (၃)ပါးကိုတည်၊
  ဂုဏ်တော် (၉)ပါးကိုပွား၊
  ဝိဇ္ဇာမိုရ်အလား။
- သရဏဂုံ(၃)ပါးကိုတည်၊
  ဂုဏ်တော် (၉)ပါးကိုပွား၊
  အစိပတိလုသား။
- သရဏဂုံ(၃)ပါးကိုတည်၊
  ဂုဏ်တော်(၉)ပါးကိုပွား၊
  သိဒ္ဓိပေါက်ပြီးသား။

- သရဏဂုံ(၃)ပါးကိုတည်၊
  ဂုဏ်တော်(၉)ပါးကိုပွား၊
  သိကြားနတ်အလား။
- သရဏဂုံ(၃)ပါးကိုတည်၊
  ဂုဏ်တော်(၉)ပါးကိုပွား၊
  သောတာပန်အလား။

ဤတွင် သရဏဂုံနှင့်စပ်၍ ရှေးဆရာတော်ကြီးများ၏
ဩဝါဒကထာနှင့်
အယူအဆသဘောတရားများ ပြီး၏။



## ၅။ သရက္ခဏာကုံဖြင့် ရှင်ရဟန်းဖြစ်ခြင်း

ယနေ့မြန်မာနိုင်ငံတော်တွင်လည်းကောင်း၊ ကမ္ဘာပေါ်တွင်လည်းကောင်း လက်ဗုပ်ချိုမိုးရှိခိုးခြင်း အလေ့အထများကို အများအပြားတွေ့နေရမှာဖြစ်ပါသည်။ အထူးသဖြင့် တောင်အာရှဒေသနိုင်ငံများတွင်လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင်လည်းကောင်း အများဆုံးမြင်တွေ့ရမှာဖြစ်ပါသည်။

အချို့ သဲကန္တာရနိုင်ငံများတွင်လည်းကောင်း၊ အချို့အာရှတိုက်ဒေသတစ်ချို့၏ ယဉ်ကျေးမှု၊ အနုရသကို မြတ်နိုး၍ မိမိလူမျိုး၊ မိမိတို့၏ဓလေ့များနှင့် ကိုက်ညီအောင် ယူသုံးကြသည် ဖြစ်သောကြောင့် အချို့နိုင်ငံကြီးများတွင်လည်းကောင်း၊ လက်ဗုပ်ချိုမိုး ရှိခိုးသော အလေ့အထတို့ကို မြတ်မြတ်နိုးနိုး သုံးစွဲလာနေကြသည်ကို တွေ့မြင်ရပြီဖြစ်ပါသည်။ ပထမကမ္ဘာစစ်မီး တောက်လောင်သောအချိန်များမှစ၍ ဒုတိယကမ္ဘာစစ်မီး တောက်လောင်ပြီးသည်အထိ အတိတ်ကာလ လွန်ခဲ့ပြီးသော နှစ်ပေါင်း(၅၀)၊

နှစ်ပေါင်း(၁၀၀)ခန့် အချိန်ကာလများတွင် လက်အုပ်ချီကန်တော့သော ရှိခိုးသော အလေ့အထများသည် အလွန်နည်းပါးလှသေး၏။

များသောအားဖြင့် ထေရဝါဒသာသနာတော် ထွန်းလင်းတောက်ပနေသော မြန်မာနိုင်ငံတော်တွင်သာ အများဆုံးမြင်တွေ့ရမှာဖြစ်ပါသည်။ မြန်မာနိုင်ငံတော်မှလွဲ၍ အခြားအခြားသော နိုင်ငံကြီးများ၊ နိုင်ငံငယ်များတွင် မတွေ့မြင်ရသလောက်ပင် အလွန်ရှားပါးလှပါသည်။ ထေရဝါဒသာသနာနှင့် မဟာယာနသာသနာများတွင်သာ အများအပြား တွေ့မြင်နိုင်ပါသည်။ အခြားအခြားသောဝါဒများ၊ ဂိုဏ်းဂဏများ၊ အခြားအခြားသော အယူဝါဒများတွင် မတွေ့မမြင်ရသလောက်ရှိခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးသွားခဲ့သည်မှ စတင်၍ ကြည့်ရှုလျှင် စစ်ဘေးစစ်ဒဏ် အသီးသီးကို ခံခဲ့ရသော နိုင်ငံ တော်တော်များများသည် မိမိနိုင်ငံအတွက် ဘာသာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုအနုပညာ၊ စီးပွားရေး၊ ကျန်းမာရေး၊ စက်မှုလက်မှု စသည်စသည်တို့ဖြင့် အလျှင်အမြန်တည်ဆောက်နေပြီး အစစအရာရာ တိုးတက်အောင် ဆောင်ရွက်နေချိန်မှစတင်၍ ယခုရောက်ဆဲ ခရစ်နှစ် ၂၀၀၁-၂၀၀၂-၂၀၀၃ အတွင်းအထိ ကမ္ဘာ့နိုင်ငံ အတော်များများသည် မြန်မာနိုင်ငံတော်၏ ထေရဝါဒဗုဒ္ဓသာသနာမှ သုံးစွဲလာခဲ့သော လက်အုပ်ချီရှိခိုးခြင်း၊ အဥ္စလိဂါရဝ၊ အဥ္စလိသက္ကစ္စ၊ အဥ္စလိကတွာ-အမှတ်တံဆိပ်ကို ပေါပေါများများ သုံးစွဲလာခဲ့ကြပြီ ဖြစ်ပါသည်။

ဤအမှတ်သညာတံဆိပ်သည် ထေရဝါဒဗုဒ္ဓဘာသာတရား၊ ဗုဒ္ဓသာသနာတော်မှ ဆင်းသက်လာခဲ့သော အဉ္စလိဂါရဝ အမှတ်သညာပင်ဖြစ်ပါတော့သည်။ ကမ္ဘာ့နိုင်ငံ အမျိုးအပြား သုံးစွဲလာလေ ပိုမိုပြီး ဝမ်းသာအားရဖြစ်သင့်ပါသည်၊ ဤအမှတ်သညာသည် ဗုဒ္ဓမြတ်စွာဘုရားသာသနာတော်အတွင်း သာသနာ့ယဉ်ကျေးမှု အမှတ်တံဆိပ်ပင် ဖြစ်ပေတော့၏၊ အလွန်ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြစ်ပါသည်။ မတ်တပ်ရပ်လျက်ပဲ လက်အုပ်ချီချီ၊ မတ်တပ်ရပ်ခြေစုံရပ်၍ ခန္ဓာကိုယ်မတ်မတ်ထား၍ပဲ လက်အုပ်ချီချီ၊ လက်အုပ်ချီ၍ မတ်တပ်ရပ်လျက် ခန္ဓာကိုယ်ကို ရှေ့သို့ အနည်းငယ်ညွတ်၍ဆိုလျှင်လည်း အလွန်ကြည့်ကောင်းပြီး လှပတင့်တယ်သော ဗုဒ္ဓယဉ်ကျေးမှုတစ်ရပ်ဟု မှတ်ယူသင့်ပါသည်၊

| | |
|---|---|
| အဉ္စလိဂါရဝ | - ဂါရဝတရား ရှေ့ထား၍ လက်အုပ်ချီခြင်း။ |
| အဉ္စလိသက္ကစ္စ | - ရိုသေလေးစားစွာ လက်အုပ်ချီမိုးခြင်း။ |
| အဉ္စလိ ကတွာ | - လက်အုပ်ချီမိုးခြင်းကို ပြု၍ |
| ဝန္ဒိတဗ္ဗံ | - ရှိခိုးကန်တော့အပ်၏။ |
| ဝန္ဒာမိ | - ရှိခိုးကန်တော့ပါ၏၊ |
| ဝန္ဒနမာန | - ရှိခိုးခြင်းကို ပြု၍၊ |

တစ်ဦးနှင့်တစ်ဦး ဗုဒ္ဓသာသနာ၏ ယဉ်ကျေးမှု အမှတ်တံဆိပ်ဖြင့် လက်အုပ်ချီမိုး ကန်တော့၍၊ ရှိခိုး၍၊ အရိုအသေပြုခြင်း၊

လေးစားမှုကို ပြုခြင်းဖြင့် အဓိပ္ပာယ်အမျိုးမျိုးယူ၍ ရပါသည်၊ ကြီးသူကို ငယ်သူကရှိခိုးခြင်း၊ ရိုသေခြင်း၊ လေးစားခြင်းဖြင့်၊ လက်အုပ်ချီမိုး ရှိခိုးခြင်းသင်္ကေတအမှတ်သည် ကြီးကဲသူရော၊ ငယ်သူတွေပါ နှစ်ဦးနှစ်ဖက် ကြည်နူးနှစ်သက်ကျေနပ်စေ၏။

ဆရာတော်ကြီးများ၊ ဘုန်းကြီးရဟန်းသံဃာများ၊ ဆရာသမားများ၊ မိဘဘိုးဘွားများ၊ ယောက္ခမများ၊ ဦးလေး၊ အဒေါ်များကို သားသမီးမြေးမြစ်များသည်လည်းကောင်း၊ တပည့်တပည့်မများသည်လည်းကောင်း၊ စတုပစ္စယ ဒကာဒကာမများသည်လည်းကောင်း ကြီးကဲသူများကို ဦးထိပ်မှာထား၍ ငယ်ရွယ်သူများက အဥ္စလိဂါရဝတရားဖြင့် ရိုသေလေးစားစွာ လက်အုပ်ချီမိုး၍ ရှိခိုးခြင်းသည် ကြီးကဲသူရော၊ ငယ်ရွယ်သူများအတွက်ပါ နှစ်ဦးနှစ်ဖက် အားရကျေနပ်စေ၏။

ဆရာတော်ကြီးများ၊ ဘုန်းကြီးရဟန်းသံဃာများအား အဥ္စလိသက္ကစ္စတရားရှေ့ထား၍ ရိုသေစွာ ရှိခိုးကန်တော့ခြင်းဖြင့် နဂိုရှိရင်းစွဲ အပြစ်ကြီးအပြစ်ငယ်များပင် ကြေအေးစေနိုင်၏။ ဆရာသမားများ၊ မိဘဘိုးဘွားများအား ရိုသေမှုကို၊ လေးစားမှုကို ရှေ့ထား၍ လက်အုပ်ချီမိုး၍ ရှိခိုးစေခြင်းဖြင့် ဆရာသမားများ၊ မိဘဘိုးဘွားများနှင့် မိမိတို့အကြားမှာ အမျက်ဒေါသများ၊ မာန်မာနတရားများ၊ အထင်အမြင်လွဲမှုများ၊ အကုသိုလ်နိမိတ်များ၊ အတိတ်များ ကျေစေ၊ ပြေငြိမ်းစေ၊ ငြိမ်းချမ်းသာယာစေနိုင်၏။

မိမိအား ရန်ငြိုးဖွဲ့ခြင်း၊ ရန်သူပြုခံရခြင်း၊ သူခိုးဓားပြ

အပါအဝင် မသုတော်များ၊ ရန်သူများပင်ဖြစ်စေ ကြီးကဲသူအမှတ်၊ အကြီးအကဲအမှတ်ထား၍ အဥ္စလိကတွာ၊ အဥ္စလိ ဂါရဝတရားကို ရှေ့တင်၍ လက်အုပ်ချီမိုးရှိခိုးစေခြင်းသည်လည်း ရန်ပြေပျောက်ခြင်း၊ မာန်ပြေပျောက်ခြင်း၊ အပြစ်အနာအဆာများ ပြေပျောက်၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်မိသားစုနှင့်တစ်မိသားစု ကျေနပ်စေခြင်း၊ အားရစေခြင်း၊ ကြည်နူးဝမ်းသာ ပီတိဖြစ်စေခြင်း သည် ဗုဒ္ဓသာသနာမှ ဆင်းသက်လာသော ထေရဝါဒလက်အုပ်ချီမိုး ရှိခိုးခြင်းသင်္ကေတ၊ ဗုဒ္ဓတရား၏ ယဥ်ကျေးမှုအမွေတစ်ရပ်ဟု မှတ်သား၊ မှတ်ယူသင့်လှ၏။

တခြားတခြားသော အယူဝါဒ၊ တခြားတခြားသော ဘာသာ များတွင် မရှိသေးသော၊ မပေါ်သော သဘောရှိခဲ့ပြီး ယနေ့ ကမ္ဘာ့ နိုင်ငံများစွာတို့သည် အခြားအခြားသော ဘာသာအယူဝါဒများ ပင်လျှင် ဗုဒ္ဓမြတ်စွာဘုရားမှ ဆင်းသက်လာသော(ဝါ) ဗုဒ္ဓသာသနာ တော်မှ ပေါက်ဖွားလာခဲ့သော ထေရဝါဒသာသနာတော်၏ ဗုဒ္ဓ ယဥ်ကျေးမှု အမှတ်တံဆိပ် သင်္ကေတဖြစ်ခဲ့သည်၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနေကြပြီကို အထူး လေ့လာကြည့်ပါက၊ စူးစမ်းကြည့်ပါက ကမ္ဘာမှာ အထင်အရှား တွေ့မြင်ရမှာ ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဗုဒ္ဓဝင်သဘောတရားများ၊ ဗုဒ္ဓ ဘုရားရှင်၏ သင်္ကေတ အမှတ်အသားများ၊ ဗုဒ္ဓဘုရားရှင်၏ ဟောကြားချက်များ၊ ဗုဒ္ဓဘုရားရှင်၏ ယဥ်ကျေးမှု အမွေအနှစ်

များသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာ မြန်မာနိုင်ငံတော်မှ စတင်ဗဟိုရုံပြု၍ ကမ္ဘာ့နိုင်ငံအသီးသီးသို့၊ ကမ္ဘာ့တိုင်းပြည်များ၊ မြို့ကြီးများအသီးသီးသို့ စတင်ခံယူ ကျင့်သုံးစပြုလာနေကြပြီ ဖြစ်ကြောင်းတို့ကို ကမ္ဘာ့သတင်းစာကြီးများ၊ မဂ္ဂဇင်းများ၊ စာစောင်များ၊ T.V များ၊ ဗွီဒီယိုတိုသတင်းများစသည်တို့တွင် ယနေ့ အထင်အရှားမြင်တွေ့နေရပြီ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ယဉ်ကျေးမှုအနှစ်သာရသည် ယနေ့ ကမ္ဘာပေါ်တွင် မှတ်ကျောက်အတင်ခံနိုင်သော၊ အာမခံချက်ရှိသော ယဉ်ကျေးမှု အနှစ်သာရများပင် ဖြစ်ပေလိမ့်မည်။

မှတ်ကျောက်တင်ခံနိုင်ခြင်းနှင့် အာမခံချက်ပေးနိုင်ဆုံး ကိစ္စတစ်ရပ်မှာ ယခင်ကဏ္ဍတုံးက ပြဆိုထားခဲ့ပြီးသည့်အတိုင်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၊ ဓမ္မစက်ရေးယာ အတွင်းထဲတွင် ကျင့်ကြံကြိုးကုတ်အားထုတ်ပွားများကြကုန်သော ဗုဒ္ဓဘုရားရှင်၏ တပည့်သားသမီးများတို့သည် သောတာပန်ပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ သကဒါဂါမ် ပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်အဖြစ် လည်းကောင်း တည်ရှိနေခြင်းသာဖြစ်၏။ ဖြစ်ထွန်းပေါ်ပေါက် နေခြင်းသာဖြစ်၏ဟု မှတ်ကြပါလေ။

ထိုဗုဒ္ဓအဆုံးအမသာသနာတော်မှလွဲ၍ တခြားတခြားသော ပြင်ပဘာသာများ၊ အယူဝါဒများ၊ ဂိုဏ်းဂဏများတွင်မူ သောတာပန်လည်းမရှိနိုင်။ သကဒါဂါမ်လည်း မဖြစ်နိုင်။ အနာဂါမ်လည်း

မတွေ့နိုင်၊ ရဟန္တာလည်း မပေါ်ပေါက်နိုင်သည်သာ ဖြစ်ကုန်၏၊ ဤသို့လျှင်ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်၏ အနှစ်သာရများပင်ဖြစ်၏။

ထို့ကြောင့်ပင်လျှင် ဘုရား၊ တရား၊ သံဃာစသော ရတနာ (၃)ပါးသာ မပေါ်ခဲ့ပါလျှင်၊ မရှိခဲ့ပါလျှင် လူဘဝလူသားတို့၏ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှု၊ ဝတ်စားဆင်ယင်မှု၊ ရိုသေလေးစားတတ်မှု၊ သနားကြင်နာတတ်မှု၊ ရိုင်းပင်းကူညီတတ်မှု၊ ချီးမြှောက်ထောက်ပံ့တတ်မှု၊ စည်းကမ်းတကျ ဆောင်ရွက်တတ်မှု၊ ယဉ်ကျေးသိမ်မွေ့တတ်မှု၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံတတ်မှု၊ နာမည်မှည့်တတ်မှု၊ မင်္ဂလာပြုတတ်မှု၊ ကြီးပွားချမ်းသာလာအောင် ဆောင်ရွက်တတ်မှု၊ ကောင်းကျိုးချမ်းသာသုခအဖြာဖြာနှင့် ပြည့်စုံအောင်နေထိုင်တတ်မှု၊ ကျင့်သုံးတတ်မှု၊ အားထုတ်တတ်မှု၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်မှုကစ၍ ဆုတ်ယုတ်ပျက်ပြား သွားစေနိုင်၏၊ ဘီးနောက်ပြန်လည်သွားစေနိုင်သည်၊ တလွဲတချော်ဖြစ်သွားစေနိုင်သည်၊ အပါယ်လေးပါးတံခါး အမြဲပွင့်နေတတ်ပြီး အပါယ်လေးပါး ပိတ်ဆို့လျက် လူနတ်နိဗ္ဗာန်တို့၏ သွားရာလမ်းများ၊ ခြောက်သွေ့ပိတ်ဆို့သွားနိုင်ကြောင်းကို အထူးသိမြင်ထားကြပါလေ။

ဥပမာပြဆိုပါဦးအံ့၊

ဗုဒ္ဓမြတ်စွာဘုရား မရှိတော့၍၊ မပေါ်ပေါက်တော့၍ ဘုရား

မပွင့်သောကမ္ဘာများ၊ သာသနာမရှိသော သာသနာပအခါများတွင် ဖြစ်စေ၊ သာသနာပျက်သုဉ်းနေသော သာသနာကွယ်ပနေသော အချိန်အခါမျိုးတွင်ဖြစ်စေ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ စသော သရဏဂုံ(၃)ပါး ကို ရွှေနှင့်ပေးဝယ်၍မရနိုင်၊ ငွေနှင့်ပေးဝယ်၍မရနိုင်၊ စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား၊ မြ၊ ပုလဲ၊ ဂေါ်မုတ်၊ ဂေါ်ကြိုး စသည် များနှင့် ချိန်စက်၍ သရဏဂုံ(၃)ပါးကို ဤကမ္ဘာမြေအဆုံး လိုက်လံ ရှာဖွေ၍ဝယ်လည်း မရနိုင်ပါဟု မှတ်ယူသင့်၏။

ထို့ပြင် ဤကမ္ဘာပေါ်တွင် သရဏဂုံ(၃)ပါးသည် မည်သည့် ဒေသမှ ထွက်ရှိသည်၊ အဘယ်ပထဝီမြေကြီးက ထွက်ရှိသည်၊ အဘယ်တောတောင်ထဲမှာ ရှိနေသည်ဟု ထင်မှတ်၍ ယူဇနာ (၈၄၀၀၀)နှစ်ပြန်ဆောင်သော မေရုဗဟိုရ်မြင့်မိုရ်တောင်ထွဋ် အပါ အဝင် ဤကမ္ဘာမြေအဆုံး၊ ရေအဆုံး၊ လေအဆုံး လိုက်လံရှာဖွေ တူးဆွသော်လည်း တွေ့ဖို့မမြင်၊ ရဖို့မရှိ၊ မျက်မမြင်ပုဂ္ဂိုလ်ကဲ့သို့ အချည်းနှီးသာ၊ အပေါသိကံသာဖြစ်ပေလိမ့်မည်၊ အသံ၊ အနံ့ပင် ကြားရမှာမဟုတ်တော့ပေ။

ထို့အတူ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် လည်းကောင်း၊ ဈာန်အဘိညာဉ် တန်ခိုးနှင့်ပြည့်စုံသော ဗြဟ္မာမင်း သည်လည်းကောင်း၊ ဆယ်ပါးသော ဣဒ္ဓိပါဒ်တို့ကို အောင်မြင်ပြီးစီး ကုန်သော ဝိဇ္ဇာဓိုရ်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတို့သည်လည်း ကောင်း၊ မိမိတို့၌ရှိသော ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ဤကမ္ဘာမြေ ထက်အောက်တို့ကိုလည်းကောင်း၊ လေးကျွန်းတစ်မြင့်မိုရ်ထက်၊

အောက်တို့ကိုလည်းကောင်း၊ တစ်သောင်းသောစကြဝဠာထက်၊ အောက်တို့ကိုလည်းကောင်း လှန်၍ဖြစ်စေ၊ မှောက်၍ဖြစ်စေ၊ တူးဖော်၍ဖြစ်စေ၊ ဖြိုခွဲ၍ဖြစ်စေ၊ ဖောက်ခွဲ၍ဖြစ်စေ၊ သရဏဂုံ (၃)ပါးကို ရှာဖွေပါသော်လည်း တွေ့ရှိဖို့မမြင်။ ကြားသိဖို့မရှိ။ အနှံ့ပင်မရနိုင်ကြောင်းကို အထူးသိရှိထားကြပါလေ။

ယခုခေတ်ကာလ သိပ္ပံစက်မှုအတတ်ပညာ၊ နည်းပညာများဖြင့် ကြည့်ရှုလေ့လာ သုံးသပ်ပါက တစ်စက္ကန့်လျှင် မိုင်ပေါင်း ထောင်ချီ အသွားမြန်သော၊ အသံထက်အဆပေါင်း တစ်ရာမက မြန်ဆန်လှသော ဒုံးပျံများ၊ အာကာသယာဉ်များဖြင့် ဤကမ္ဘာကြီး၏ အထက်၊ အောက်ကိုလည်းကောင်း၊ ဤစကြဝဠာတစ်ခုလုံး၏ အထက်၊ အောက်၊ ဝဲယာတို့ကို လည်းကောင်း၊ ဘုရား၊ တရား၊ သံဃာစသော သရဏဂုံ(၃)ပါးတို့ကိုတွေ့အောင် ရှာကြံပါသော် လည်း၊ မတွေ့တွေ့အောင် ဖွေရှာပါသော်လည်း တွေ့ဖို့ကိုမမြင်။ တွေ့မြင်ဖို့ရာ အကြောင်းမရှိ။ အသံမျှမကြားရ။ အနံ့မျှပင်မရ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင်လျှင် သုတ္တနိပါတ်အဋ္ဌကထာ (ဆဋ္ဌမူ)၌ -

* ဗုဒ္ဓေါ လောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗပါဏိနံ။

* ဓမ္မောလောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ၊

* သံဃော လောကေ သမုပ္ပန္နော၊

ပုညကွေတ္တံ အနုတ္တရံ"ဟု မိန့်ဆိုထားပါသည်။

အစိပ္ပါယ်မှာ လောကတွင် ဘုရားရတနာသည် အကြောင်းမဲ့ သက်သက် ပွင့်ထွန်းပေါ်ပေါက်လာသည်မဟုတ်ပါ။ အကြောင်း မရှိပါဘဲလျက် ဘုရားပွင့်သည်မဟုတ်ပါ။ နေရင်းထိုင်ရင်း ဘုရား ပွင့်နေပါသည်ဟု မယူဆအပ်ပါ။ "ဘုရားပွင့်ပွင့်နေတာ၊ ဘုရား ဖြစ်ဖြစ်လာတာ တို့နှင့်ဘာမှမသက်ဆိုင်ဘဲ သူဟာသူပွင့်နေတာ ပါ"ဟု အထွာလွန်ကဲ၍ မမြင်သင့်ပါ။ မဝေဖန်သင့်ပါ။ ဘုရားပွင့်တာ သည် တို့နှင့်မပတ်သက်ပါဘူးဟူ၍ မိစ္ဆာဒိဋ္ဌိဆန်ဆန် မတွေးတော၊ မဝေဖန်သင့်ပါ။ ရေလမ်းဖုံထူလွန်း၍၊ ရေလမ်းမှာ အသွားအလာ များပြားလွန်း၍ အားလုံးသော သတ္တဝါအများ၊ တမ္ဘာသူကမ္ဘာသား၊ လူနတ်ဗြဟ္မာအကျိုး စီးပွားအတွက်သာ ဤလောကကမ္ဘာပေါ်တွင် ဗုဒ္ဓဘုရားရှင်သည် ပွင့်ထွန်းဖြစ်ပေါ်ပေးရသည်ဟု မှတ်ယူရပါ မည်။

ထိုနည်းတူပင် တရားတော်မြတ်သည်လည်း လောကကမ္ဘာ ပေါ်တွင် အကြောင်းမဲ့သက်သက် တည်ရှိလာရိုးထုံးတမ်းစဉ်လာ မရှိခဲ့ပါ။ အကြောင်းတရားမရှိဘဲ အလဟဿမဲ့ နေရင်းထိုင်ရင်း တရားတော်မြတ် ပေါ်ပေါက်လာသည်မဟုတ်နိုင်ပါ။ မဟုတ်ရပါ။ ဆယ်ပါးသော တရားတော်မြတ်ကြီးသည် များစွာသောသတ္တဝါများ၊ လူနတ်ဗြဟ္မာများအတွက် ချမ်းသာမှုသုခ အဖြာဖြာတို့ကို ပေးစွမ်း နိုင်ခြင်းငှာလည်းကောင်း၊ လူ့ချမ်းသာ၊ နတ်ဗြဟ္မာချမ်းသာ၊ သန္တိ သုခအသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာအထိ

လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာစသော ချမ်းသာသုခ ဖြစ်စေခြင်းငှာလည်းကောင်း ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

သံဃာတော်မြတ်သည် ဓာတ်မြေဩဇာထည့်စရာမလိုသော ဓမ္မမြေဆီမြေနှစ် ဓမ္မမြေဩဇာကောင်းပြီးဖြစ်သော လယ်ယာမြေ ကောင်းသဖွယ်နှင့် အလားသဏ္ဍာန် တူညီသည်ဟု များစွာသော ဗုဒ္ဓစာပေများက ပြဆိုထားပါသည်။ သံဃာ့ဂုဏ်တော်(၉)ပါးနှင့် အညီ ကျင့်ဆောင်တော်မူခြင်းကြောင့် သံဃာ၏စွမ်းအားသည် လူ့ချမ်းသာ၊ နတ်ပြဟ္မာချမ်းသာ၊ လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ပေးစွမ်း နိုင်သောကြောင့် လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သံဃာ တော်များအထံတွင် ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ သမထမျိုးစေ့၊ ဝိပဿနာမျိုးစေ့များ ကြဲချစိုက်ပျိုးခြင်းဖြင့် (ဝါ) ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို ဆောင်ရွက်၊ ကျင့်ကြံကြိုး ကုတ် အားထုတ်ခြင်းဖြင့် လိုရာအကျိုး၊ လိုရာချမ်းသာသုခတို့ကို ရရှိခံစားခွင့်ရှိနိုင်သောကြောင့် သံဃာတော်အရှင်မြတ်များသည် ဤကမ္ဘာ၊ ဤလောကထဲတွင် ဖြစ်ပေါ်ပေးရသည်။ ပေါ်ပေါက် ပေးရသည်။ တည်ရှိပေးရသည်ဟု မှတ်သားနာယူသင့်ပါသည်။

ထို့ကြောင့်ပင်လျှင် ဘုရား၊ တရား၊ သံဃာဟူသော သရဏဂုံ (၃)ပါးသည် များစွာသော ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ အာဏာစက်တော်အနန္တ၊ ကံတော်အနန္တ၊ သိဒ္ဓိတော်အနန္တတို့နှင့် ပြည့်စုံသည် ဖြစ်၍

ကမ္ဘာမြေမိုး ဖြန်းဖြန်းကြီးမျှ တန်ခိုးဂုဏ်တော်များနှင့် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဗုဒ္ဓရတနာဖြစ်တော်မူပြီးနောက် ဧဟိဘိက္ခုခေါ်တော်မူခြင်းဖြင့် အခေါ်ခံရသော ပုဂ္ဂိုလ်သည် ချက်ခြင်းပင် တန်ခိုးတော်ဖြင့် အလိုအလျောက်သာ ပြီးစီးစေ၍ ဆံပင်၊ မုတ်ဆိတ်များ ကွယ်ပျောက်ပြီးသား၊ လူ့အသုံးအဆောင်အဝတ်အထည်များ အလိုလို ကွယ်ပျောက်၍ ခန္ဓာကိုယ်ပေါ်တွင် သင်္ကန်းရုံပြီးသား၊ သပိတ်လွယ်ပြီးသား၊ အဆင့်သင့် အလိုလိုတန်ခိုးတော်ဖြင့် ပြီးစီးရသော ဧဟိဘိက္ခုရဟန်းဖြစ်ရပါသည်။

ရဟန်းပြုစေချင်လျှင်၊ ရဟန်းဘဝကို နှစ်သက်၍ ရဟန်းဖြစ်စေချင်လျှင် သပိတ်၊ သင်္ကန်းပြည့်စုံရပါမည်။ မရှိသေးလျှင် သပိတ်ကိုလည်းကောင်း၊ သင်္ကန်းများကိုလည်းကောင်း ရှာဖွေရပါမည်။ ဧဟိဘိက္ခုအခေါ်ခံခွင့်ရသော ရဟန်းဖြစ်စေချင်သည့် ပုဂ္ဂိုလ်သည် (ဝါ) ရဟန်းဘဝကို တောင်းခံလာသော ပုဂ္ဂိုလ်သည် ပြီးခဲ့သော အတိတ်ဘဝပေါင်း များစွာက သင်္ကန်းလှူဒါန်းခဲ့ဖူးခြင်း၊ သပိတ်လှူဒါန်းခဲ့ဖူးခြင်း၊ သင်္ကန်းသပိတ်အပါအဝင် ပရိက္ခရာများကို လှူဒါန်းခဲ့ဖူးရပါမည်။

ထိုသို့ အတိတ်ဘဝပေါင်းများစွာက သပိတ်၊ သင်္ကန်း၊ ပရိက္ခရာများကို လှူဒါန်းခဲ့ဖူးမှသာလျှင် ဗုဒ္ဓဘုရားရှင်နှင့် ဖူးတွေ့ရသည့်အခါ ရဟန်းအဖြစ်ကို တောင်းပန်ခဲ့လျှင် ဗုဒ္ဓမြတ်စွာဘုရားက ဧဟိဘိက္ခုဟု ခေါ်လိုက်လျှင်ပင် အလိုလို တန်ခိုး

တော်ဖြင့် လူ့အသွင် အပြင်အဆင်များ ကွယ်ပျောက်၍ ရဟန်း အသွင်အပြင်၊ ခန္ဓာကိုယ်ပေါ်တွင် သင်္ကန်းရုံပြီးသား၊ သင်္ကန်း ပတ်ပြီးသား၊ ပခုံးပေါ် သင်္ကန်းကြီးတင်ပြီးသား၊ သပိတ်လွယ်ပြီးသား ဝါတော်၊ သိက္ခာတော် (၆၀)ရသော မထေရ်ကြီးကဲ့သို့ ဖြစ်ကြရ ပါသည်။

အတိတ်ဘဝပေါင်းများစွာက သင်္ကန်းလည်းမလှူခဲ့ဖူးခြင်း၊ သပိတ်လည်းမလှူခဲ့ဖူးခြင်း၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစုံလည်း မလှူခဲ့ဖူးလျှင် ယခုဘဝတွင် ရဟန်းဖြစ်လိုပါက ရဟန်းဘဝရဖို့ အတွက် တောင်းပန်လာပါက ဗုဒ္ဓဘုရားရှင်က "အသင့်မှာ သပိတ် တို့၊ သင်္ကန်းတို့ အပြည့်အစုံပါရဲ့လား"ဟု မေးတော်မူပါသည်။ အရံသင့်မရှိသေးပါလျှင် ဗုဒ္ဓဘုရားရှင်က "အသင်သည် ရဟန်း ဖြစ်ရန်အတွက် ရဟန်းတို့မှာ ရှိသင့်ရှိထိုက်သည့် ရဟန်း အသုံး အဆောင်ဖြစ်သော သပိတ်နှင့်သင်္ကန်းတို့ကို ရှာဖွေပါလေ"ဟု အမိန့်ရှိတတ်ပါသည်။

ရဟန်းဘဝ၊ ရဟန်းအဖြစ်ကို တောင်းပန်လာခဲ့ပါလျှင် ဗုဒ္ဓ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူပါသည်။ ထိုအခါ အတိတ်ဘဝပေါင်းများစွာက သပိတ်များ၊ သင်္ကန်းများ၊ ပရိက္ခရာများ လှူခဲ့ဖူးသည်ကို မြင်တွေ့ရပါက ချက်ခြင်းပင် ဧဟိဘိက္ခု ခေါ်တော်မူ၍ တန်ခိုးတော်ဖြင့်ပြီးသော ဧဟိဘိက္ခု ရဟန်းဘဝကို ရရှိပါသည်။

ဧဟိဘိက္ခုရဟန်း မဖြစ်ခဲ့သော (ဝါ) ဧဟိဘိက္ခုရဟန်းဘဝ

မျိုးကိုမရခဲ့သော် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သရဏဂုံ (၃)ပါးဖြင့် ရှင်ရဟန်းအဖြစ် ခွင့်ပြုတော်မူခဲ့ပါသည်။ ထို့ကြောင့် သရဏဂုံ (၃)ပါးသည် မြင့်မြတ်၍ အထက်တန်းအဆင့်ဘဝမျိုးရောက်အောင် တင်ပို့ပေးနိုင်သော စွမ်းအားသတ္တိနှင့်ပြည့်စုံနိုင်ကြောင်းကို ဗုဒ္ဓဘာသာမြန်မာအမျိုးသား၊ အမျိုးသမီးများ အထူးသိမှတ်ထားရာ၏။

တစ်နည်း သရဏဂုံသုံးပါးသည် လူမျိုး(၁၀၁)ပါး အပါအဝင် (၃၁)ဘုံတွင် ရှိရှိသမျှသော လူနတ်ဗြဟ္မာများ ဦးချရှိခိုးခြင်းငှာထိုက်သော အထက်တန်းမြင့်သော သီလသမာဓိ အကျင့်သိက္ခာတရားနှင့်ပြည့်စုံအောင် ကျင့်ဆောင်ခွင့်ရသော တည်ငြိမ်အေးချမ်းသော ရဟန်းဘဝ၊ ရှင်သာမဏေဘဝမျိုးကို ဘဝပြောင်း၍၊ ဘဝတစ်ဖြစ်လဲ၍ ခံစားရရှိစေနိုင်ပါသည်ဟု မှတ်ယူထားရပါမည်။

ဤသို့လျှင် သရဏဂုံသတ္တိ၊ သရဏဂုံသိဒ္ဓိ၊ သရဏဂုံမဟိဒ္ဓိတို့သည်လည်းကောင်း၊ သရဏဂုံ၏ သုခအဖြာဖြာသည်လည်းကောင်း၊ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် နှုတ်တော်မှ မိန့်ခွန်းတော်မူခဲ့သော သရဏဂုံဖြစ်သောကြောင့် ရှေးယခင်ဗုဒ္ဓဘုရားသခင်လက်ထက် သရဏဂုံ(၃)ပါးနှင့်ပင် ရှင်သာမဏေဖြစ်ကြရ၍ မင်္ဂလာချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ အားဖြည့်ပေးခဲ့ကြောင်း ထင်ရှားလှ၏။

ထိုနည်းအတူ သရဏဂုံ(၃)ပါးဖြင့် မြင့်မြတ်သော ရဟန်းဘဝကို ရောက်ရှိခဲ့၍ ထိုသရဏဂုံ(၃)ပါးကို အခြေချမှုတည်၍

များစွာသော မက်ချမ်းသာ၊ ဇိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာသို့ တိုင်အောင် သရဏဂုံက အားဖြည့်ပေးနိုင်သည်ဟု မှတ်ကြပါလေ။

သရဏဂုံ(၃)ပါးကို ဗုဒ္ဓဘုရားရှင်က နှုတ်တော်မှချပေးခြင်း (သို့မဟုတ်) ဗုဒ္ဓဘုရားရှင်က တာဝန်ပေးအပ်ခြင်းခံရသော ဝါကြီး ထေရ်ကြီးတစ်ပါးက သရဏဂုံ(၃)ပါးကိုနှုတ်မှ ချပေးခြင်းကို ရှင်သာမဏေဖြစ်လိုသူ ရဟန်းဖြစ်လိုသူ တစ်ဦးဦးက ပီပီသသ လိုက်ဆိုရုံဖြင့် အထက်တန်းရဟန်းဘဝ၊ ရှင်သာမဏေဘဝတို ချက်ခြင်းရောက်စေနိုင်မှုသည် သရဏဂုံ(၃)ပါး၏ အကျိုး အာနိသင်ပင် ဖြစ်၏ဟု အထူးမှတ်ရာ၏။

* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ၊
* ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊
* တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ (ခုဒ္ဒကပါဠိတော်)

အနက်တား၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ် ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏၊ ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏၊ သံဃံ- သံဃာ

တော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။ တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဥပမာပြပါဦးအံ့။

ဗုဒ္ဓဘုရားရှင်၏တစ်ဦးတည်းသော သားတော်ဖြစ်သည့် ရာဟုလာမင်းသားအား သာသနာ့အမွေပေးခဲ့ရာတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်က တာဝန်ပေးအပ်ခြင်းခံရသော ဗုဒ္ဓဘုရားရှင်၏ လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးက ဆံချပေး၊ သင်္ကန်းဝတ်ပေးပြီး ဗုဒ္ဓဘုရားရှင်၏ လက်ျာတော်ရံရှင်သာရိပုတ္တရာက သရဏဂုံ(၃)ပါးကို နှုတ်တော်ကချပေးခြင်းဖြင့် မြင့်မြတ်၍ အထက်တန်းကျသော သာသနာ့အမွေကို ပေးအပ်ခဲ့ပါသည်။

နောက်ပိုင်းတွင် မြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း ရှင်ရဟန်းပြုရန် ဝင်ရောက်လာကြသည်မှာ သူဌေးမျိုး၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဆင်းရဲမျိုးစသည်စသည်ဖြင့် များပြားလာခဲ့သောကြောင့်လည်းကောင်း၊ ရှင်သာမဏေဖြစ်လိုသူများသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ တောတောင်မြို့ဇနပုဒ်သို့ ခေါ်ဆောင်လာခဲ့ကြရာတွင် ခရီးဝေးလွန်း၍ အလွန်ပင်ပန်းဆင်းရဲစွာ လာခဲ့ကြသည်ကို ဗုဒ္ဓဘုရားရှင် သိမြင်တော်မူ၍ ရဟန်းပြုလိုသောပုဂ္ဂိုလ်များ၊ သာမဏေဖြစ်လိုသော ပုဂ္ဂိုလ်များနှင့် အနီးကပ်ဆုံးမြို့၊ ဒေသ၊ ရွာ စသည်တို့တွင် သီတင်းသုံးလျက်ရှိကုန်သော နီးစပ်ရာသံဃာမထေရ်ကြီးများထံတွင် ရှင်သာမဏေအဖြစ်၊ ရဟန်းပဉ္စင်းအဖြစ် ဆောင်ရွက်လုပ်ကိုင်ခွင့်ကို ခွင့်ပြုတော်မူခဲ့ပါသည်။

ဤသို့ခွင့်ပြုတော်မူခဲ့သည့်အတွက် နောင်သောအခါတွင် ရှင်သာမဏေ၊ ရဟန်းပြုလိုသောပုဂ္ဂိုလ်များသည် ဗုဒ္ဓဘုရားရှင်ရှိရာကို လာရောက်စရာမလိုတော့ဘဲ မိမိတို့နှင့် နီးစပ်ရာသံဃာများ သီတင်းသုံးရာကျောင်းများ၌ပင် ရဟန်းပြုခွင့်၊ သာမဏေပြုခွင့်ရှိလာကြလေ၏။ ထိုသို့ရှင်ရဟန်းပြုခွင့်တို့ကိုလည်း ဗုဒ္ဓဘုရားရှင်က သရဏဂုံ(၃)ပါးကို ဥပဇ္ဈာယ် ဆရာက နှုတ်တိုက်ချပေးခြင်းဖြင့် သာမဏေအဖြစ် ရဟန်းအဖြစ်သို့ ရောက်ကြရကုန်၏။ ထို့ကြောင့် သရဏဂုံသည် သာသနာတော်၏ နှလုံးသားဖြစ်၏ဟု မှတ်ယူကြပါလေ။

မှတ်ချက်။ သရဏဂုံဟူသည်မှာ ကိုးကွယ်၊ ဆည်းကပ်၊ အားကိုး၊ ယုံကြည်သူများအား ဒုက္ခ"ဆင်းရဲ"မှ လည်းကောင်း၊ အနှောင့်အယှက်ဘေးရန်အန္တရာယ်များမှ လည်းကောင်း၊ ရောဂါဝေဒနာများမှလည်းကောင်း၊ ဆင်းရဲမှု 'ဒုက္ခ'အသွယ်သွယ်တို့မှ လည်းကောင်း တင်းဝေးပပျောက်အောင် ချမ်းသာခြင်း 'သုခ'အဖြာဖြာနှင့်ပြည့်ဝအောင် တာကွယ်စောင့်ရှောက်တတ်သောကြောင့် သရဏဂုံဟု ခေါ်ဆိုပါသည်။

ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ထောက်ရာ၊ တည်ရာ၊ မှီရာ၊ ကိုးကွယ်၊ ဆည်းကပ်ရာကို သရဏဂုံဟုမှတ်ရာ၏။

ထိုသရဏဂုံဖြင့် ရှင်ရဟန်းပြုခွင့်ကို ပေးပြီးနောက် နောင်လာမည့် သာသနာတော်မြတ်၏ ရှေ့ရေးကိုမျှော်ခေါ် ထောက်ဆ၍ နောင်အခါ ရဟန်းပြုလိုသောသူများအား သိမ်ထဲမှာ သံဃာအပေါင်းခြံရံလျက် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းအဖြစ်ကို ပြုပေးစေရန် ဗုဒ္ဓမြတ်စွာဘုရား ညွှန်ပြတော်မူခဲ့သောကြောင့် ယခုဗုဒ္ဓသာသနာတော် အစွန့်ရှည်ကြာလာသော ကာလပတ်လုံး ရဟန်းပြုစေလိုလျှင် သိမ်အတွင်းမှာ သံဃာအများခြံရံ၍ ဉပဇ္ဈာယ်ကိုခံယူစေကာ သပိတ်သင်္ကန်းအပြည့်အစုံဖြစ်ကြောင်းတို့ကို စိစစ်မေးမြန်းတော်မူပြီးလျှင် ကမ္မဝါစာများရွတ်ဖတ်စေ၍ ရဟန်းအဖြစ်ကိုဆောင်ရွက်စေလျက်ရှိပါသည်။ ရှင်သာမဏေအဖြစ် ဆောင်ရွက်စေလိုလျှင် ဗုဒ္ဓဘုရားရှင်လက်ထက်တော်မှစတင်၍ ယနေ့အချိန်အခါတိုင်အောင်ပင် သရဏဂုံသုံးပါးဖြင့်ပင် ရှင်သာမဏေဖြစ်စေခဲ့ပေသည်ဟု မှတ်ကြပါကုန်။

## ၆။ အသက်(၅)နှစ်မှ (၁၆)နှစ်အရွယ်အထိ သရဏဂုံဆောက်တည်ပုံ

ထေရဝါဒသာသနာတော်မြတ်ကြီးသည် မြန်မာနိုင်ငံတော်တွင် နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပလျက် ရှိနေသောကြောင့် ထိုထေရဝါဒဗုဒ္ဓသာသနာတော်၏ ရောင်ခြည်အောက်တွင် နေထိုင်ကြကုန်သော ဗုဒ္ဓဘာသာနွယ်ဝင် ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသားကောင်း၊ အမျိုးကောင်းသမီးတို့သည် သရဏဂုံ(၃)ပါးကို အမြဲထာဝရ ကျင့်ဆောင်ကြရာ၏။ မိသားစုတိုင်း၊ မိသားစုတိုင်း ငယ်ရွယ်နုပျိုသော လူငယ်လူရွယ်ကလေးငယ်များသည်လည်း သရဏဂုံဆောက်တည်နိုင်ခွင့် ရှိစေရမည်ဖြစ်ပါသည်။

အသက်(၅)နှစ်သား၊ (၅)နှစ်သမီးအရွယ်သည် စကားတတ်ကာစ အောက်ထစ် လူငယ်လူရွယ်ဝင်ဖြစ်သောကြောင့် အသက်(၅)နှစ်အရွယ် ကလေးငယ်မှစ၍ လူငယ်အရွယ်၊ နောက်ဆုံး

(၁၆)နှစ်အထိသည် အောက်ပါအတိုင်း သရဏဂုံ(၃)ပါးကို ဆောက်တည်သင့်ပါသည်။

(က) မြတ်စွာဘုရားအား ထိခြင်း(၅)ပါးနှင့်ညီညွတ်အောင် လက်အုပ်ချီမိုး၍ ရှိခိုးကန်တော့စေရပါမည်။ နီးစပ်ရာ လူကြီးမိဘများက သင်ကြားပေးရပါမည်။ သို့မဟုတ် မိမိတို့နှင့်အကျွမ်းဝင်ရာ ရဟန်းတစ်ပါးပါးနှင့်လည်းကောင်း၊ ဆရာတော်တစ်ပါးပါးနှင့်လည်းကောင်း ပူးတွဲ၍ သင်ကြားပြသပေးရပါမည်။ လက်အုပ်ချီပုံသည် မြတ်စွာဘုရားရှင်၏ ယဉ်ကျေးမှုသင်္ကေတ အမှတ်တံဆိပ်ဖြစ်သောကြောင့် ပဒုမ္မာကြာဖူးကြာငုံကဲ့သို့ လက်အုပ်ချီမိုးရှိခိုးစေရပါမည်၊ ထိုသို့ရှိခိုးတတ်အောင်လည်း နီးစပ်ရာက သင်ကြားပေးပါ။

(ခ) နမောတဿဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿကို (၃)ကြိမ်ရွတ်ဆို၍ ဗုဒ္ဓဘုရားအား ရှိခိုးတတ်အောင် သင်ကြားပေးပါ။

အထက်ပါ (က)မှာ ညွှန်ပြထားသည့်အတိုင်း ပဒုမ္မာကြာဖူးကြာငုံသဏ္ဌာန် လက်အုပ်ချီမိုး၍ ရှိခိုးတတ်အောင် သင်ကြားလေ့ကျင့်ပေးရပါမည်။ အသက်ငယ်ရွယ်လွန်းသေး၍ အနက်အဓိပ္ပာယ်ကို ချမပေးသင့်သေးဘဲ အသက်အရွယ် အနည်းငယ်ရလာပါက လေ့ကျင့်ရှိခိုးမှုလည်း နားလည်တတ်ကျွမ်းလာပါက "နမောတဿ"၏ အနက်အဓိပ္ပါယ်ကို ချပေး သင်ကြားပေးရပါမည်။ ကလေးငယ်များနှင့် သင့်လျော်သောအနက်အဓိပ္ပါယ်မှာ-

အရဟာတော-လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံယူတော်မူပေထသော၊ သမ္မာသမ္ဗုဒ္ဓသ-သစ္စာလေးရပ် တရားမြတ်ကို ကိုယ်တော်တိုင် သိမြင်တော်မူထသော၊ ဘဂဝတော-ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ တဿ-ထိုမြတ်စွာဘုရားအား၊ အဟံ-တပည့်တော်သည်၊ နမော-ရှိခိုး ပါ၏ဘုရား။

(၁) ✱ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
✱ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊
✱ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

(၃)ကြိမ် ပုံမှန်ရွတ်ဆိုရပါမည်။ (ခုဒ္ဒကပါဌ်မှ)

သရဏဂုံ(၃)ပါး၏ အနက်အဓိပ္ပာယ်ကိုမူ ဤကျမ်း၏ အပိုင်း(၅) "သရဏဂုံဖြင့် ရှင်ရဟန်းပြုခြင်းကဏ္ဍ"တွင် ကြည့်ရှုပါလေ။ ကလေးသူငယ်များနှင့် ကိုက်ညီသော အနက်အဓိပ္ပာယ် ဖြစ်ပေလိမ့်မည်။ အဓိပ္ပါယ်နှင့်တကွ သင်ကြားပေးခြင်း၊ နှုတ်မှချ ပေးခြင်း၊ အလွတ်ရအောင် လေ့ကျင့်ပေးရပါမည်။

ဤအချက် (၃)ချက် ပြည့်စုံသွားပါလျှင် အသက်(၅)နှစ်မှ အသက်(၁၆)နှစ်အထိ လူငယ်လူရွယ်များ၊ ကလေးများအဖို့ သူ့ကဏ္ဍနှင့်သူ အနေတော်၊ အံဝင်ခွင်ကျ သင့်တော် လိမ့်မည်ဟု မှတ်ယူသင့်ပါသည်။

ဤအချက်သည် အခြေခံအုတ်မြစ်ချသည်ဟုသောအဆင့် သို့မဟုတ် ဗုဒ္ဓဘုရားရှင်၏မွေစက်သာသနာအတွက် အသက်သွင်း ပေးသည်ဟု ဆိုပါလျှင် မှန်ကန်သင့်တော်ပေ လိမ့်မည်ဖြစ်ပါသည်။ တစ်နည်း လူငယ်လူရွယ်ကလေးငယ်များအား ဗုဒ္ဓသာသနာတော် အတွက် သာသနာမျိုးစေ့၊ သရဏဂုံမျိုးစေ့ကို စတင်ပျိုးထောင်ပေး နေသည်ဟုလည်း မှတ်ယူနိုင်ပါသည်။

ဘာသာတရား၊ သာသနာနှင့်စပ်ရာ၊ သရဏဂုံနှင့်ပတ်သက် ရာတို့ကို ကျွမ်းကျင်စွာ နားလည်ထားသော မိဘများ၊ အဘိုး အဘွားများ၊ ဆရာသမားများ၊ ကလေးငယ်များ၊ လူငယ်လူရွယ်များ စိတ်ဝင်စားလာအောင်၊ စိတ်ဝင်တစားဖြစ်လာအောင် ပြောဟော ပြသ နားချပေးပါက ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကို တစ်ဖက်တစ်လမ်းမှ သာသနာပြုရာ၊ ကုသိုလ်ပွားရာ ဖြစ်ပေလိမ့် မည်ဟု ယူဆထားမိပါသည်။

ဤအချက် (၃)ချက်နှင့်ညီညွတ်အောင် လူငယ်လူရွယ်များ၊ ကလေးငယ်များအား လေ့ကျင့်ပေးခြင်းဖြင့် အခြေခံတရား လုံလောက်နေသည်ဟု ဆိုနိုင်ပါသည်။ ဤအဆင့်သည် ကလေး အရွယ်များ၊ လူငယ်လူရွယ်များအနေနှင့် သိပ်ခက်ခက်ခဲခဲ

မဟုတ်သည့်အတွက် ဘာမျှအပန်းကြီးလိမ့်မည်၊ အခက်အခဲရှိလိမ့်မည်မဟုတ်ချေ။ သက်ဆိုင်ရာ လူကြီးမိဘဘိုးဘွားဆရာသမားများသည် နေ့စဉ်နေ့တိုင်း အားလပ်နေသော အချိန်ကာလ တစ်ခုကို စည်းကမ်းတကျ၊ စည်းကမ်းဘောင်သတ်မှတ်ပေးထားပြီး အချိန်မှန်မှန် ဘုရားရှိခိုးခိုင်းခြင်း၊ သရဏဂုံရွတ်ဆိုခိုင်းခြင်း၊ မပီသေးလျှင် ပီသလာအောင် နှုတ်မှချပေးခြင်း၊ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါသည်။ နောက်ပိုင်း အလေ့အကျင့် များလာပြီး အလေ့အထရှိလာကြသည့်အခါ လူငယ်လူရွယ်ကလေးငယ်များသည် နေ့စဉ် အချိန်မှန်မှန် ဘုရားရှိခိုးတတ်လာခြင်း၊ သရဏဂုံဆောက်တည်တတ်လာပေလိမ့်မည်။

ယခုခေတ်လူငယ်လူရွယ်ကလေးငယ်အများစုတို့သည် ယခုပြဆိုခဲ့သော သရဏဂုံဆောက်တည်ပုံ အခြေခံအဆင့် (၃)ဆင့်ကိုပင် မသိကြတာ၊ မလုပ်ဖူးတာ၊ မဆောက်တည်ဖူးတာ၊ မကြားဖူးတာ၊ မြောက်မြားစွာ တွေ့မြင်နိုင်ပါသည်။ လူငယ်၊ ကလေးငယ်ကိုပင် မဆိုထားဘိဦး။ လူလတ်ပိုင်း၊ လူကြီးပိုင်းများပင် အချို့ဘာသာတရားနှင့်ကင်းကွာပြီး ဤအခြေခံအချက် (၃)ချက်ကိုပင် မလုပ်ဖူးတာ၊ မဆောင်ရွက်ဖူးတာ၊ မဆောက်တည်ဖူးတာ အများအပြားတွေ့ရတတ်ပါသည်။

မိမိကိုယ်ကိုမိမိ နိုင်ငံကြီးသားလိုလို၊ နိုင်ငံခြားမှာ မွေးလာသလိုလို၊ နိုင်ငံခြား တခြားတိုင်းပြည်မှာသွားပြီး ကြီးပြင်းလာသလိုလို၊ ဘွဲ့ဒီဂရီရပြီး ခေတ်မီအောင် နိုင်ငံခြား လူမျိုးများနှင့်

ရှင်ပေါင်တန်းလိုက်နေရလို့ပါလို့ ဆိုသလိုလို၊ စီးပွားရေးလုံးပန်းနေရလို့ပါလို့ ဆိုသလိုလို၊ ခေတ်မမီတော့လို့ ခေတ်နောက်ကျနေတာကြီးမို့လို့ ရှေးခေတ်အယူအဆတွေပါဟု ဆင်ခြေဆင်လက်အမျိုးမျိုးထုတ်တတ်ကြပြီး ဗုဒ္ဓဘာသာရေး၊ သာသနာရေးနှင့် ကင်းကွာမှန်းမသိ ကင်းကွာနေကြပြီး ဗုဒ္ဓဘုရားရှင်၏ သားတော်သမီးတော် မဟုတ်တော့သည့် ဗုဒ္ဓဘာသာမှ လွတ်နေသော ဗုဒ္ဓသာသနာတော်မှ လွတ်ထွက်နေသော လူမျိုးများ ဖြစ်နေတတ်ကြပါသည်။

ဤသို့ဖြစ်နေခဲ့ပါလျှင် ယခုတစ်ဘဝသာ လူဖြစ်နိုင်တော့ပြီး လာမည့်အနာဂတ်ဘဝ ပေါင်းများစွာတွင် လူဖြစ်နိုင်ဖို့ဝေးစွ၊ အပါယ်ဘုံသို့ ကျရောက်စေတတ်ကြောင်းကို သတိမူကြပါလေ။

ရှေးဆရာတော်ကြီးတစ်ပါး စကားစပ်၍ ပြောဆိုသံ ကြားသိခဲ့ဖူးပါသည်။

"လူတွေက တယ်ခက်ပါတယ်ကွာ။ ခေတ်မီတာ အကောင်းအောက်မေ့နေကြတယ်။ ခေတ်မီလွန်းအားကြီးတော့ ပေါ်တော တောချာတာတာ ဖြစ်တတ်တယ်ကွဲ့။ ခေတ်နောက်ပြန်ဆွဲပြီး ခေတ်မီအောင်မနေတတ်ပြန်တော့ ကြောင်တောင်တောင် ဖြစ်တတ်တယ်ကွဲ့"ဟု အမိန့်ရှိဖူးတာ ကြားခဲ့မှတ်ခဲ့ဖူးပါသည်၊

ခေတ်မီတိုးတက်နေပါသည်ဟုဆိုသော နိုင်ငံကြီးများပင် သူတို့ဘာသာရေးသူတို့ အလေးထားဆောင်ရွက်လုပ်ကိုင်နေကြတာ ယနေ့ကမ္ဘာမှာ အထင်အရှားတွေ့မြင်နေရပါသည်။ ယနေ့ခေတ်

သည် ကမ္ဘာကြီးမှာ ဆက်သွယ်ရေးစနစ်၊ ဆက်သွယ်ရေးနည်းပညာများ တိုးတက်နေသည်ဖြစ်၍ T.V ရုပ်မြင်သံကြားစက်များ၊ ဂြိုဟ်တုဆက်သွယ်ရေးသတင်းများ၊ ခေတ်မီမဂ္ဂဇင်းများ၊ စာစောင်များတွင် အများအပြားမြင်တွေ့နေကြရပါပြီ။

ဥပမာပြဆိုပါဦးအံ့၊ ခေတ်မီတိုးတက်ကြီးပွားနေသော ဂျပန်နိုင်ငံ၊ အမေရိကနိုင်ငံ၊ အင်္ဂလိပ်နိုင်ငံ၊ ဂျာမဏီနိုင်ငံများ၊ ကိုရီးယား၊ တရုတ်ပြည်၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ ကနေဒါနိုင်ငံ စသည်များကိုကြည့်ရှုလျှင် ခေတ်မီတိုးတက်တာကတစ်ပိုင်း၊ မိမိတို့ ကိုးကွယ်အားထားသော ဘာသာရေးကတစ်ပိုင်း၊ သူ့ကဏ္ဍနှင့်သူ အားကြိုးမာန်တက် ဆောင်ရွက်နေကြပြီး ခေတ်မီတိုးတက်နေလို့ ဘာသာရေးမှာ နောက်ကျနေပြီဟု မရှိခဲ့ပါ။ သူတို့ကိုးကွယ်သော ဘာသာကိုလည်း တက်တက်ကြွကြွ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ကြိုးစားဆောင်ရွက်နေတာ တွေ့မြင်ရမှာဖြစ်ပါသည်။

ဥပမာဆိုဦးအံ့၊ ခရစ်ယာန်ဘာသာကို ကိုးကွယ်ဆည်းကပ်နေကြသော ခရစ်ယာန်ဘာသာဝင်များသည် တနင်္ဂနွေနေ့ရောက်ပြီဆိုလျှင် အဝတ်သစ်များဝတ်ဆင်ခြင်း၊ ရေမိုးချိုး၍ ကိုယ်လက်သန့်စင်ကာ စည်စည်ကားကား ဘုရားရှိခိုးကျောင်းတက်ကြတာ မြင်တွေ့ရပေလိမ့်မည်။ မလွဲသာမရှောင်သာ တျန်းမာရေး မကောင်းသော လူများသာ အိမ်တွင် ကျန်ရစ်ခဲ့ရသည်။ ကျန်ကလေးတစ လူကြီးအဆုံး မိန်းမအားလုံးပင် ရာခိုင်နှုန်းအားဖြင့် ရှစ်ဆယ်ကိုးဆယ်ခန့် ဘုရားရှိခိုးကျောင်း သွားကြရပါသည်။

ထို့အတူပင် အစ္စလာမ်ဘာသာရပ်ကို အလေးထား၊ ဘာသာဝင်ထားသူများလည်း သောကြာနေ့တိုင်း ကလေး၊ လူကြီးအားလုံး ဝတ်မပျက် ဗလီတက်ကြရပါသည်။

ဆိုလိုသည့်အဓိပ္ပါယ်မှာ ခေတ်မီတိုးတက်နေသော နိုင်ငံတိုင်း၊ ဘာသာရေးတိုင်းတွင် လျော့ကြနေသည်ဟူ၍မရှိ။ သူတို့ ကိုးကွယ်သော ဘာသာတရားကို အထူးတန်ဖိုးထားတတ်ကြသည်။ အထူးအလေးထားကာ ဆောင်ရွက်နေကြသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားနေသည်မှာ ကမ္ဘာက အသိဖြစ်ပေသည်။ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းနေသည်နှင့်အညီ ဘုရား၊ စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်များ၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသဒ်၊ ငှက်မြတ်၊ တံခွန်၊ စုလစ်မွန်ချွန်တို့ အလွန်ပင် ပေါများကြွယ်ဝသော နိုင်ငံတော်လည်းဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စာပေများ၊ ပိဋကတ်များ၊ ကျမ်းဂန်များ၊ ပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများ အစစ်အမှန် ပေါကြွယ်ဝသော၊ ချမ်းသာသောနိုင်ငံတော်လည်း ဖြစ်ပါသည်။

ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုသပ္ပါယ်လှသော ရွှေတိဂုံစေတီတော်ကြီးကိုလည်း ကမ္ဘာကသိမြင်ကြ၏။ ရွှေများအိမှည့်၍ ပြည့်ဖြိုးမို့မောက်တော်မူသော မန္တလေးမဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ကမ္ဘာက သိရှိကြကုန်၏။ တောတောင်ထဲတွင်

သီတင်းသုံးလင့်ကစား တန်ခိုးကြီးမားတော်မူသော ကမ္ဘာ့အံ့ဖွယ် ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကိုလည်း ကမ္ဘာက သိရှိကြကုန်၏။ ပဲခူးမြို့၊ ရွှေမော်ဓော စေတီတော်မြတ်ကြီးကိုလည်းကောင်း၊ ပြည်မြို့၊ ရွှေဆံတော်စေတီတော်မြတ်ကြီးကိုလည်းကောင်း၊ အင်းလေး ဖောင်တော်ဦး ရုပ်ပွားတော်များကိုလည်းကောင်း၊ မင်းဘူးမြို့၊ စက်တော်ရာကိုလည်းကောင်း၊ ဇလွန်မြို့၊ ပြည်တော်ပြန်ဘုရားကြီးကိုလည်းကောင်း ကမ္ဘာက သိရှိထားကြကုန်၏။

ထိုမျှမက များပြားလှသော တန်ခိုးကြီးဘုန်းတော်ကြီး၊ သိဒ္ဓိကြီးတော်မူကြသည့် ဘုရားပုထိုးစေတီတော်များ ကြွယ်ဝချမ်းသာသော မြန်မာနိုင်ငံတော်ကြီးတွင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာများဖြင့် တိုးတက်စည်ကားလျက်ရှိပေရာ ဗုဒ္ဓဘာသာဝင် မြန်မာကလေးငယ်များ၊ လူငယ်လူရွယ်များသည် မပေါ့သော သတိတရားဖြင့် မိမိတို့၏ ဗုဒ္ဓဘာသာကို အခြေခံကျကျ ခံယူတတ်ကြပါစေ။ ကျင့်သုံးတတ်ကြပါစေ။

အခြားတိုင်းတစ်ပါးနိုင်ငံခြားသားများ စူးစမ်း၍ မေးမြန်းသည့်အခါ များသောအားဖြင့် မဖြေတတ်၊ မပြောတတ် ဖြစ်တတ်ကြပါသည်။ ဘာသာရေး၊ သာသနာရေး၊ ကုသိုလ် ရေးနှင့်ပတ်သက်၍ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြ၊ အမေးအဖြေများပြုလုပ်ကြရာတွင် အချို့လူငယ်လူရွယ်များသည် မိမိတို့၏ဗုဒ္ဓဘာသာအကြောင်းကို ပြောရမှာကိုပင် ရှက်သလိုလို၊ လန့်သလိုလို၊ ကြောက်သလိုလို ဖြစ်တာ များပါသည်။ အမှန်တကယ် ဗုဒ္ဓဘာသာ သဘောတရား

တွေကို အခြေခံကျကျနားလည်ထားပါက ဘာမှ မပြောတတ်စရာ မရှိပါ။

အောက်ထစ်အခြေခံဖြစ်သော ယခုစာရေးသူပြသထားသည့် သရဏဂုံဆောက်တည်တတ်လျှင်ပင် သရဏဂုံဆောက်တည်မှု၏ အဓိပ္ပာယ်၊ ခံယူချက်၊ သဘောတရားတို့ကို တတ်သိနားလည်ထားပါလျှင် အလွယ်တကူပင် ပြောနိုင်၊ ဆိုနိုင်၊ ဝေဖန်နိုင်၊ ပိုင်းခြားနိုင်ပေလိမ့်မည်။ လူငယ်ကလေးသည် လူငယ်ကလေးများအဆင့် ဗုဒ္ဓဘာသာတရားကို ခံယူတတ်ဖို့၊ ကျင့်သုံးတတ်ဖို့ အထူးလိုအပ်ပါသည်။ လူလတ်ပိုင်းသည် လူလတ်ပိုင်းအဆင့် ဗုဒ္ဓဘာသာတရားကို ခံယူတတ်ဖို့၊ ကျင့်သုံးတတ်ဖို့လည်း အရေးကြီးလှပါသည်။ လူကြီးပိုင်းသည်လည်း လူကြီးပိုင်းအဆင့် ဗုဒ္ဓဘာသာတရားတော်များ၊ ကျင့်စဉ်များကို တတ်သိနားလည်ဖို့ အထူးလိုအပ်ပါသည်။

လူကြီးများက လူကြီးများအဆင့် ဗုဒ္ဓဘာသာတရား၊ ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာတို့၏ ကျင့်စဉ်များကို အထူးတတ်သိနားလည်ပါမှ ယနေ့ကလေးငယ်များ၊ လူငယ်လူရွယ်များအား အနီးကပ်တစ်ဆင့် သင်ကြားပို့ချပေးနိုင်မှာ ဖြစ်ပါသည်။ လူကြီးဖြစ်ပြီးလျှင် ဗုဒ္ဓဘာသာတရားများ၊ အကျင့်လမ်းများ၊ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုအမွေအနှစ်များကို မသိမတတ်ပါက ယနေ့လူငယ်လူရွယ်များအား မည်သို့မည်ပုံ သွန်သင်ဆုံးမနည်းလမ်းပြပါ့မလဲ ဆိုတာကို သတိပြုစေချင်ပါသည်။

ဗုဒ္ဓဘာသာနိုင်ငံ၊ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ ဘုရား

သားတော်အဖြစ်၊ ဘုရား သမီးတော်အဖြစ် ခံယူထားပြီးသော မြန်မာလူလတ်ပိုင်းပုဂ္ဂိုလ်များ၊ မြန်မာလူကြီးပိုင်း ပုဂ္ဂိုလ်များသည် ဗုဒ္ဓဝင်တို့ကိုလည်းကောင်း၊ ဗုဒ္ဓစာပေများကိုလည်းကောင်း၊ ဗုဒ္ဓဘာသာ၏ ခံယူချက်သဘောတရားတို့ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုများကိုလည်းကောင်း၊ အထူးတတ်မြောက်ထားသင့်၊ အထူးလေ့လာထားသင့်ကြောင့် သတိပြုပါလေ။

ဗုဒ္ဓဘာသာမြန်မာလူမျိုး လူကြီးလူကောင်းဖြစ်လျက် ဘာသာတရား၊ ဘာသာ၏ ယဉ်ကျေးမှုအနှစ်သာရ၊ ဗုဒ္ဓဘာသာ၏ခံယူချက်၊ ဗုဒ္ဓဘာသာ၏ကျင့်စဉ်များကို မတတ်မသိပါက လူငယ်လူရွယ်ကလေးငယ်များ မတတ်တာမသိတာ ဘာဆန်းလဲ။ မထူးဆန်းပါဘူးဟု ဆိုနိုင်ပါသည်။ မြန်မာကလေးများ၊ လူငယ်လူရွယ်များပင် ဗုဒ္ဓဘာသာသဘောတရား ခံယူချက်တို့ကို အတော်ပင်သိမြင်နေကြပါလျှင် မြန်မာလူကြီးလူကောင်းများဆိုလျှင်တော့ သွားမစမ်းနှင့်တော့ အတော့်ကို ဗုဒ္ဓဘာသာတရားနှင့်ပတ်သက်၍ အထူးကျွမ်းကျင်လိမ္မာလိမ့်မည်ဟု သတ်မှတ်၍ ရနိုင်ပေလိမ့်မည်။

ထို့ပြင် ဗုဒ္ဓသာသနာတော် အလွန်ထွန်းလင်းတောက်ပနေသော မြန်မာနိုင်ငံတော်ကြီးတွင် ဗုဒ္ဓဘာသာဝင်လူငယ်လူရွယ် မှန်သမျှတို့သည် များသောအားဖြင့် ဘုန်းကြီး၊ ရဟန်း၊ သံဃာများနှင့် တရင်းတနှီးမရှိတာ၊ အရောတဝင်မရှိတာ၊ ခပ်စိမ်းစိမ်းဖြစ်နေတတ်တာများ နေရာအနှံ့မှာ တွေ့မြင်နေရဆဲ ရှိပါသေးသည်။

ဥပမာဆိုပါဦးအံ့၊

ဗုဒ္ဓဘာသာအမေမှ ပေါက်ဖွားလာခဲ့ပြီး မိမိကိုယ်တိုင်လည်း ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံတော်တွင် နေထိုင်လျက်၊ အခြေချလျက်ရှိနေပြီး မြန်မာလူမျိုး ဖြစ်ပါလျက်နှင့် ဘုန်းကြီး၊ ရဟန်း၊ သံဃာများနှင့် အမှတ်မထင်ကြုံတွေ့ကြရာတွင် သူရဲ သူဘက်၊ ဘီလူး၊ အစိမ်းကိုတွေ့လိုက်ရသလို အချို့ရှောင်ပြေးတတ်ခြင်း၊ အချို့ဖယ်ခွာ သွားတတ်ခြင်း၊ အချို့က ဘုန်းကြီး၊ ရဟန်းက လှမ်းခေါ်ပြီး စကားစမြည်ပြောဆိုမှာ ကြောက်ရွံ့ခြင်း၊ အချို့ကလည်း ဘုန်းကြီး၊ ရဟန်း၊ သံဃာများနှင့် စကားမပြောတတ်၍ တစ်နေရာမှာ ပုန်းကွယ်နေတတ်ခြင်းများ ရှိတတ်ပါသည်။

အမှန်စင်စစ် ဤသို့မဖြစ်သင့်ပါ။ ကိုယ့်နိုင်ငံတော်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ၊ ကိုယ့်ဘုန်းကြီး၊ ကိုယ့်ရဟန်း၊ ကိုယ့်သံဃာများလို စိတ်ထဲမှာ သဘောထားရပါမည်။ ဘာမှ ကြောက်လန့်စရာမလိုပါ၊ ဘာမှလည်းစိုးရိမ်စရာ၊ ထိတ်လန့်စရာ မလိုပါ။ မိမိတို့၏လူကြီးမိဘဘိုးဘွားများကလည်း ဆရာတော်၊ သံဃာတော်များနှင့် မိမိ၏သား၊ သမီး၊ မြေး၊ မြစ်များကို စကားပြောတတ်အောင် သင်ကြားပေးသင့်ပါသည်။

ဤကိစ္စသည် ဗုဒ္ဓဘာသာတရားကိုလည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုများကိုလည်းကောင်း၊ လေ့လာမှတ်သားခြင်း၊ သင်ယူခြင်း၊ အလေ့အထပြုခြင်းဖြင့် တတ်မြောက် နိုင်သည်သာ ဖြစ်ပါသည်။ ဘာမျှခက်ခဲစရာ မမြင်ပါ။

(က) ပဓာနနာယကဆရာတော်၊ ကျောင်းထိုင်ဆရာတော်

အပါအဝင် သိက္ခာကြီး၊ ဝါတော်ကြီးဆရာတော်များကို "ဆရာတော်ဘုရား"ဟုလည်းကောင်း၊ "ကျောင်းဘုန်းကြီးဘုရား"ဟုလည်းကောင်း၊ "ဘုန်းတော်ကြီးဘုရား"ဟုလည်းကောင်း၊ "ဘုန်းကြီးဘုရား"ဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။

(ခ ) ငယ်ရွယ်သော ရဟန်းငယ်များ၊ ဝါငယ်များအတွက် ဆိုလျှင် "ဦးဇင်းဘုရား"၊ "ဦးဇင်း"ဟု ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။ သို့မဟုတ် "အရှင်ဘုရား"လည်း သုံးစွဲခေါ်ဝေါ်နိုင်ပါသည်။

(ဂ ) ယောကျ်ားဖြစ်ပါက မိမိကိုယ်ကိုမိမိ "တပည့်တော်" ဟု ခေါ်ဝေါ်သုံးစွဲရပါမည်။ သို့မဟုတ် "ဘုရားတပည့်တော်"ဟု လည်း ခေါ်ဆိုနိုင်ပါသည်။

(ဃ) အမျိုးသမီးများဖြစ်ပါက "တပည့်တော်မ"ဟု ခေါ်ဝေါ်သုံးစွဲရပါမည်။ သို့မဟုတ် "ဘုရားတပည့်တော်မ"ဟုလည်း ခေါ်ဝေါ်သုံးစွဲသင့်ပါသည်။

ဤအချက် (၄)ချက်စလုံးသည် ဆရာတော်သံဃာတော်များနှင့် စကားပြောဆိုရာတွင် သုံးနှုန်းအပ်သော အခေါ်အဝေါ်များပင် ဖြစ်ပါသည်။ ဆရာတော်သံဃာတော်များနှင့် ရင်းနှီးမှုရှိလေ၊ ခင်မင်မှုရှိလာလေ၊နောက်ဆိုလျှင် အလေ့အထ၊ အလေ့အကျင့် ရသွားပေလိမ့်မည်။ ဆွမ်းစားခြင်း၊ ဆွမ်းဘုဉ်းပေးခြင်းစကားများတွင်လည်း "အရှင်ဘုရား ဆွမ်းဘုဉ်ပေးကြွတော်မူပါဘုရား"ဟုလည်းကောင်း၊ ရေချိုးလျှင်လည်း "အရှင်ဘုရား ရေသုံးသပ်တော်မူပါဘုရား" သို့မဟုတ် "ရေသုံးသပ်ရန် ကြွတော်မူပါဘုရား"ဟု လျှောက်ထား

ရပါမည်။

အိပ်လျှင်လည်း အိပ်နေသည်ဟု မသုံးစွဲကောင်းပါ။ ဥပမာ "ဘုန်းကြီး ကျိန်းစက်နေသည်"ဟူသောစကားဖြင့် ပြောဆိုတတ်ရပါမည်။ အိမ်သို့ပင့်လျှောက်လိုပါလျှင် "ဦးဇင်းဘုရား တပည့်တော်တို့အိမ်မှာပဲ တစ်ညလောက်တော့ ကျိန်းစက်သွားပါဦးလားဘုရား" ဟုဖိတ်ကြားသော စကားအပါအဝင် တစ်နေ့တာအတွက် သာသနာနှင့်ပတ်သက်သည့် အခေါ်အဝေါ်မျိုးဖြင့် သုံးစွဲရမည်ကို အထူးသတိပြုပါလေ။

ယခုဆိုလျှင် မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ သင်ကြားပို့ချပေးနေပြီဖြစ်ပါသည်။ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်း အတာအရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို တောရွာမြို့ပါမကျန် ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အလွန်အမင်း အားရဝမ်းသာစရာ၊ ဝမ်းမြောက်စရာအဖြစ် ကြိုဆိုအပ်ပါသတည်း။

## ၇။ လူလတ်လူကြီးပိုင်းအတွက်
## သရဏဂုံဆောက်တည်ပုံ

(က) ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ ရတနာ(၃)ပါးအား ရှိသေလေးစားစွာ (၃)ကြိမ် ရှိခိုးပါ။

(ခ) နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ (၃)ကြိမ် ရွတ်ဆို ရှိခိုးပါ။

(ဂ) အတ္တသန္နိယျာတနသရဏဂုံကို ဖော်ပြပါအတိုင်း ဆောက်တည်ပါ -

* အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိတိ မံ ဓာရေထ။
* အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိတိ မံ ဓာရေထ။
* အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိတိ မံ ဓာရေထ။

အနက်။ အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ယခုကို၊ အာဒိံကတွာ-အစပြု၍၊ အတ္တာနံ-မိမိ၏ခန္ဓာကိုယ်ကို၊ ဗုဒ္ဓဿ-သဗ္ဗညုတဗုဒ္ဓဘုရားရှင်အား၊ နိယျာတေမိ-သဒ္ဓါဖွေးဖြူပေးလှူ အပ်နှင်းပါ၏ဘုရား၊ ဣတိဧဝံ-ဤသို့ မံ-တပည့်တော်ကို၊ ဓာရေထ-မှတ်တော်မူကြပါကုန်ဘုရား။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ယခုကို၊ အာဒိံကတွာ-အစပြု၍၊ အတ္တာနံ-မိမိ၏ခန္ဓာ ကိုယ်ကို၊ ဓမ္မဿ-မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဟူသော ဆယ်ပါးသော တရားတော်မြတ်အား၊ နိယျာတေမိ-သဒ္ဓါဖွေးဖြူ ပေးလှူအပ်နှင်းပါ၏ဘုရား။ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ-မှတ်တော်မူကြပါကုန်။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ယခုကို၊ အာဒိံကတွာ-အစပြု၍၊ အတ္တာနံ-မိမိ၏ခန္ဓာကိုယ်ကို၊ သံဃဿ-အရိယာရှစ်ဖော်သံဃာတော်အရှင်မြတ်အား၊ နိယျာတေမိ-သဒ္ဓါဖွေးဖြူ ပေးလှူအပ်နှင်းပါ၏ဘုရား။ ဣတိဧဝံ- ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ-မှတ်တော် မူကြပါကုန်ဘုရား။ (သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာမှ)

* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

* ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

* တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ (ခုဒ္ဒကပါဌပါဠိမှ)

(ဃ) တပ္ပရာယဏတာသရဏဂုံကို အောက်ပါအတိုင်း ရွတ်ဆိုတည်ဆောက်ပါ။

* အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏောတိ မံ ဓာရေထ။

* အဇ္ဇာဒိံ ကတွာ အဟံ ဓမ္မပရာယဏောတိ မံ ဓာရေထ။

* အဇ္ဇာဒိံ ကတွာ အဟံ သံဃပရာယဏောတိ မံ ဓာရေထ။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ယခုကို၊ အာဒိံကတွာ-အစပြု၍၊ ဗုဒ္ဓပရာယဏော-မြတ်စွာဘုရားတည်းဟူသော ကိုးကွယ် လဲလျောင်းရာရှိသောသူသည်၊ အမှိ-ဖြစ်ပါ၏။ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ယခုကို၊ အာဒိံကတွာ-အစပြု၍၊ ဓမ္မပရာယဏော-တရားတော်မြတ်တည်းဟူသော ကိုးကွယ် လဲလျောင်းရာရှိသောသူသည်၊ အမှိ-ဖြစ်ပါ၏။ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ယခုကို၊ အာဒိံကတွာ-အစပြု၍၊ သံဃပရာယဏော-သံဃာတော်မြတ်တည်းဟူသော ကိုးကွယ် လဲ

လျှောင်းရာရှိသောသူသည်၊ အမှိ-ဖြစ်ပါ၏၊ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။ (သီလက္ခန္ဓ ဝဂ္ဂဋ္ဌကထာ)မှ

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ၊
- ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊
- တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ (ခုဒ္ဒကပါဌပါဠိမှ)

(င) သိဿဘာဝူပသရဏဂုံကို အောက်ပါအတိုင်း ဆောက်တည်ပါ။

- အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကောတိ မံ ဓာရေထ၊
- အဇ္ဇာဒိံ ကတွာ အဟံ ဓမ္မဿ အန္တေဝါသိကောတိ မံ ဓာရေထ၊
- အဇ္ဇာဒိံ ကတွာ အဟံ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ၊

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ ယခုကို၊ အာဒိံကတွာ-အစပြု၍၊

ဗုဒ္ဓသ-သဗ္ဗညုဗုဒ္ဓ ဘုရားရှင်၏၊ အန္တေဝါသိကော-အတွင်းနေ တပည့်အရင်းသည်၊ အမှိ-ဖြစ်ပါ၏၊ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ-မှတ်တော်မူကြပါကုန်ဘုရား။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ ယခုကို၊ အာဒိံကတွာ-အစပြု၍၊ ဓမ္မဿ-ဆယ်ပါးသော တရားတော်မြတ်၏၊ အန္တေ ဝါသိကော-အတွင်းနေ တပည့်အရင်းသည်၊ အမှိ-ဖြစ်ပါ၏၊ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ-မှတ်တော်မူကြပါကုန်ဘုရား။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့ ယခုကို၊ အာဒိံကတွာ-အစပြု၍၊ သံဃဿ-သံဃာတော် မြတ်၏၊ အန္တေဝါသိကော-အတွင်းနေ တပည့်အရင်းသည်၊ အမှိ-ဖြစ်ပါ၏၊ ဣတိဧဝံ-ဤသို့၊ မံ-တပည့်တော်ကို၊ ဓာရေထ-မှတ်တော်မူကြပါကုန်ဘုရား။ (သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ)မှ

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ၊
- ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊
- တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ (ခုဒ္ဒကပါဠ်ပါဠိမှ)

(စ) ငါးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပါ။
* ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
* အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
* ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
* မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
* သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အနက်အဓိပ္ပါယ်အဖွင့် အကျဉ်းချုပ် (ခုဒ္ဒကပါဌပါဠိ) မှ ထုတ်နုတ်ထားပါသည်။

၁။ ပါဏာတိပါတာ-သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

၂။ အဒိန္နာဒါနာ-အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

၃။ မုသာဝါဒါ-သူတစ်ပါးကို အကျိုးယုတ်ပျက်စီးအောင် လိမ်လည်လှည့်ဖြား မုသားစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်

ကို၊ သမာဓိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

၄။ ကာမေသု မိစ္ဆာစာရာ-တဏှာရာဂ တရားဖြင့် သူတစ်ပါး၏ သားမယား၊ သူတစ်ပါးဇိမ်ယာတို့၌ ဖြစ်မှားကျူးလွန်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ-ဘုရားတရားသံဃာအားဖြင့် ၃-ပါး၊ ကုသိုလ်တရားကို သိသည်ဆိုပါငြားသော်လည်း အမှန်သိကို မသိနိုင် အမှားသိကိုသာ သိစေတတ်သော သေရည်သေရက် အရက်သေစာ မူးယစ်ဆေးဝါးတို့ကို သောက်စားမူးယစ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

အသက် ၅-နှစ်မှ ၁၆-နှစ်အထိ လူငယ်၊ လူရွယ်၊ ကလေးငယ်များ၏ သရဏဂုံဆောက်တည်ပုံတွင် က-မှ ဂ-အထိ အစဉ်အတိုင်း ၃-ကြိမ်စီ ဆို၍ ဆောက်တည်ရမည်ကို သတိပြုစေချင်ပါသည်။ ခက်ခက်ခဲခဲ မဟုတ်သည့်အတွက် ကျမ်းစာအုပ်ကို သေချာစွာ ဂရုတစိုက် ကြည့်ရှုလေ့လာခြင်းအားဖြင့် သိသာထင်ရှားနိုင်ပါသည်။

လူလတ်၊ လူကြီးပိုင်းအတွက် သရဏဂုံ ဆောက်တည်ပုံတွင်လည်း က-မှ စ-အထိ အစဉ်အတိုင်း၊ ဘုရားရှေ့တော်တွင် ၃-

ခေါက်စီ ရွတ်ဆို၍ သရဏဂုံဆောက်တည်ရပါမည်။ လူလတ်ပိုင်း၊ လူကြီးပိုင်းများ၏ သရဏဂုံဆောက်တည်ပုံတွင် ငါးပါးသီလတော်မြတ်ကို ထည့်ထားပါသည်။ သရဏဂုံကို နှိုသေလေးစားပါလျှင် မကောင်းသော အကုသိုလ်ဒုစရိုက်ကို အထူးလုံခြုံအောင် စောင့်ထိန်းရပါမည်ဟု မှတ်ကြရပါမည်။

အစိပ္ပါယ်အဖွင့်မှာ ၅-ပါးသီလတော်မြတ်ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ပါလျှင် သရဏဂုံ ၃-ပါးကို ကိုးကွယ်ဆည်းကပ်သူ၊ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်သုံးသူဟု ဆိုလိုပါသည်။

ဥပမာ ဆိုပါစို့၊ သရဏဂုံ ၃-ပါးသည် ခင်ပွန်းကောင်းနှင့် အသွင်သဏ္ဍာန်တူလှ၍ ၅-ပါးသော သီလတော်မြတ်သည် ဇနီးကောင်းနှင့် အသွင်သဏ္ဍာန်တူလှသည်ဟု မှတ်ယူသင့်သည်။ ထို့ကြောင့် နိဗ္ဗာန်ပုည ကုသိုလ် ၇-မျိုးထဲတွင် သရဏဂုံတည်ခြင်းသည် အပါယ် ၄-ပါး မလားရောက်နိုင်၊ အပါယ် ၄-ပါး တံခါးပိတ်စေခြင်း၊ ထိုနည်းအတူ ၅-ပါးသီလ တော်မြတ်ကို လုံခြုံအောင် စောင့်ထိန်းသော ပုဂ္ဂိုလ်များသည်လည်း အပါယ် ၄-ပါး မလားမရောက်ရဘဲ အပါယ်တံခါးပိတ်သော အကျိုးရှိသည်ဟုပင် မှတ်ယူရပါမည်။

ထို့ကြောင့် သရဏဂုံ ၃-ပါးတည်သော ပုဂ္ဂိုလ်သည် ၅-ပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပြီး ဖြစ်စေရသလို ၅-ပါးသီလတော်မြတ်ကို လုံခြုံအောင် ထိန်းသိမ်းသူသည်လည်း

အလိုလို သရဏဂုံတည်သော ပုဂ္ဂိုလ်ဖြစ်စေသင့်၏ဟု မှတ်ယူရပါမည်။ ထိုနည်းကို မှီ၍ ရှေးရှေးသော ဆရာတော်ကြီးများ အမိန့်ရှိသော ဩဝါဒကထာတစ်ခုတွင် "သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလတော်မြတ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ရထားသည်နှင့် တူညီလှ၍ သောတာပန်ပုဂ္ဂိုလ်အလား ဖြစ်၏"ဟု မိန့်ကြားဖူးသည်ကို သိမှတ်ခဲ့ဖူးပါ၏။

(၁) သရဏဂုံကို ခံယူဆောက်တည်ထားပြီး သူတစ်ပါးအသက်တို့ကို သတ်ဖြတ်နေမှု မဖြစ်သင့်ပါ။

(၂) သရဏဂုံကို ခံယူဆောက်တည်ထားပြီး သူတစ်ပါးပစ္စည်းဥစ္စာ လိုက်ခိုးယူနေမှု မဖြစ်သင့်ပါ။

(၃) သရဏဂုံကို ခံယူဆောက်တည်ထားပြီး သူတစ်ပါးသားမယား မိန်းမများကို လိုက်လံရှာဖွေပြီး စော်ကားဖျက်ဆီးနေမှု မဖြစ်သင့်ပါ။ မသင့်တော်လှပါ။ မလျော်ကန်တော့ပါ။

(၄) သရဏဂုံကို ခံယူဆောက်တည်ထားပြီး သူတစ်ပါးအကျိုးပျက်အောင် လိမ်ညာပြောဆိုနေမှုသည် မသင့်တော် မလျော်ကန်လှပါ။ မဖြစ်စေသင့်ပါ။


(၅) သရဏဂုံကို ခံယူဆောက်တည်ထားပြီးလျှင် အရက်သေစာများ မူးယစ်ဆေးဝါးများကို သုံးစွဲသောက်စားမူးယစ်နေလျှင်လည်း မသင့်တော် မလျော်ကန်ပါ။ မဖြစ်လည်း မဖြစ်စေသင့်ပါ။

(၆) ပါဏာတိပါတာကံကို လုံခြုံအောင် ထိန်းသိမ်း၍ သရဏဂုံသုံးပါးကို ပွားများအားထုတ်သင့်၏၊
(၇) အဒိန္နာဒါနကံကို လုံခြုံအောင် ထိန်းသိမ်း၍ သရဏဂုံသုံးပါးကို ပွားများအားထုတ်သင့်၏၊
(၈) ကာမေသု မိစ္ဆာစာရကံကို လုံခြုံအောင် ထိန်းသိမ်း၍ စောင့်ထိန်း၍ သရဏဂုံသုံးပါးကို ပွားများအားထုတ်သင့်၏၊
(၉) မုသာဝါဒကံကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်၍ သရဏဂုံသုံးပါးကို ပွားများအားထုတ်သင့်၏၊
(၁၀) သုရာမေရယကံကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်၍ သရဏဂုံသုံးပါးကို ပွားများအားထုတ်သင့်၏ဟု မှတ်ကြပါလေ၊

ဤသို့လျှင် သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလတော်မြတ်ကို ရာသက်ပန်ထာဝရ အလေးဂရုပြု၍ ရိုသေလေးစား၍ စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဆောက်တည်စေခြင်းအားဖြင့် "သောတာပတ္တိမဂ်ကို ရရှိထားသလို သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ တူလှ၏", "သောတာပန်နတ်အလား ဟိုးတဝါး ထင်မှတ်မှားအောင် တူလွယ်လွန်းလှ၏"ဟု မှတ်ယူသင့်လှ၏၊

ထို့ကြောင့် ရှေးရှေးသော ဆရာတော်ကြီးများ အမိန့်တော်ရှိဖူးသည်မှာ ရှေးရှေးတုန်းက သူတော်ကောင်း၊ သူမြတ်လောင်းတို့သည်လည်းကောင်း၊ ရသေ့သူမြတ်၊ သူတော်စင်တို့သည်လည်းကောင်း

တစ်တောဝင် တစ်တောင်ထွက် သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက် ကျင့်ကြံပွားများအားထုတ်ကြရာတွင် သရဏဂုံ ၃-ပါး နှင့်တကွသော ၅-ပါးသီလ တော်မြတ်ကိုပါ တွဲ၍, စပ်ဟပ်၍, အတူတကွပြု၍ ဆောက်တည်ကြသည် ပွားများအားထုတ်ကြသည်ဟု မှတ်ပါ။



## ၈။ သိဒ္ဓိပေါက်, ပညာပေါက်, သမထပညာရှင်ကြီးများ သရဏဂုံ ဆောက်တည်ပုံ

၄င်းသရဏဂုံ ဆောက်တည်ပုံကို ရှေးရှေးသော အရည်ဝါသီ တောရမှိကြကုန်သည့် ဆရာတော်ကြီးများ, ရသေ့သူတော်စင်ကြီး များ, သိဒ္ဓိပညာ, မဟာဒ္ဓိပညာ, သမထပညာများကို လေ့ကျင့်အား ထုတ်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်များသည် အထူး အလေးပေး၍ ပရိကမ္မအနေဖြင့် ဆောက်တည်ပြီး ကျင့်ကြံအား ထုတ်ကြ၏။

ပရိကမ္မအနေဖြင့် တောပျော်, တောင်ပျော်, တောရမှိသည့် ဆရာတော်ကြီးများ၊ သူတော်စင်ရသေ့များ၊ တပသီများ သမထ လမ်းကြောင်းကို ပေါက်မြောက်အောင် အဓိဋ္ဌာန်အားဖြင့် ကျင့်ကြံ အားထုတ်ကြကုန်သော သရဏဂုံဆောက်တည်နည်းတွင် ယခု ကျွန်ုပ် စာရေးသူဆရာတော် ပြဆိုလိုက်သည့် နည်းလမ်းတွင် ဟိမဝန္တာတောင်တွင် ကျင့်ကြံအား ထုတ်တော်မူခဲ့သော် နေမျိုး ရာဇာဘွဲ့ခံ ဦးအာသဖဆရာတော်ကြီးမှစ၍ မန္တလေးတောင် ရသေ့

ဦးခေါင်းအဆုံး ပရိကမ္မအနေအားဖြင့် ယခုပြဆိုမည့် သရဏဂုံ ဆောက်တည်နည်းကို လက်ကိုင်ထား အားထုတ်ခဲ့ပါသည်။

အကျင့်နှင့် နည်းနိဿယကို အလိုရှိသော ပုဂ္ဂိုလ်များအတွက် ရှေးတောရမှ၌ အကျင့်ပဋိပါတ်တရားကို ကြိုးစားအားထုတ်တော်မူခဲ့သည့် ဆရာ့ဆရာတော်ကြီးများ၏ နည်းနာနိဿယကို ဖော်ပြထုတ်ဖော်လိုက်ပါသည်။

(က) ဗုဒ္ဓမြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး စသည်များဖြင့် ကပ်လှူပူဇော်၍ လက်အုပ်ချီပြီး ၃-ကြိမ် ဦးချရှိခိုးရပါမည်။

(ခ) "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ၃-ကြိမ် ရွတ်ဆို၍ ဗုဒ္ဓမြတ်စွာဘုရားအား လက်အုပ်ချီမိုး ၃-ကြိမ် ဦးချရှိခိုးရပါမည်။

(ဂ) အဇ္ဇာဂ္ဂေ ပါဏုပေတံ ပရိစ္စဇာမိ၊ ဇီဝိတံ ပရိစ္စဇာမိ၊
ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

* အဇ္ဇာဂ္ဂေ ပါဏုပေတံ ပရိစ္စဇာမိ၊ ဇီဝိတံ ပရိစ္စဇာမိ၊
ဇီဝိတပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

* အဇ္ဇာဂ္ဂေ ပါဏုပေတံ ပရိစ္စဇာမိ၊ ဇီဝိတံ ပရိစ္စဇာမိ၊
ဇီဝိတပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ။

သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာမှ အနက်ကို ဆိုလျော်စေရန်အတွက် ထည့်ပုဒ်အနေဖြင့် ထည့်ဖြည့်စွက်၍ အနက်ပေးထားပါသည်။

အဟံ-တပည့်တော်သည်၊ ဗုဒ္ဓသ-သစ္စာလေးပါး တရားမြတ်ကို သိမြင်တော်မူသော ဘုရားရှင်အား၊ အတ္တာနံ-မိမိ၏ ခန္ဓာကိုယ်ကို၊ ပရိစ္စဇာမိ-စွန့်လွှတ်လှူဒါန်းပါ၏ဘုရား၊ ဇီဝိတံ-အသက်ဇီဝိတိန္ဒြေကိုလည်း၊ ပရိစ္စဇာမိ-စွန့်လွှတ်လှူဒါန်းပါ၏ဘုရား။

အဟံ-တပည့်တော်သည်၊ ဇီဝိတပရိယန္တိကံ-ရုပ်ဇီဝိတ, နာမ်ဇီဝိတ အဆုံးရှိသော ကာလပတ်လုံး၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီခိုဆည်းကပ်ပါ၏။

အဟံ-တပည့်တော်သည်၊ ဓမ္မသ-ဆယ်ပါးသော တရားတော်မြတ်အား၊ အတ္တာနံ- မိမိ၏ ခန္ဓာကိုယ်ကို၊ ပရိစ္စဇာမိ-စွန့်လွှတ်လှူဒါန်းပါ၏ဘုရား၊ ဇီဝိတံ-အသက်ဇီဝိတိန္ဒြေကိုလည်း၊ ပရိစ္စဇာမိ-စွန့်လွှတ်လှူဒါန်းပါ၏ ဘုရား။

အဟံ-တပည့်တော်သည်၊ ဇီဝိတပရိယန္တိကံ-ရုပ်ဇီဝိတ, နာမ်ဇီဝိတ အဆုံးရှိသော ကာလပတ်လုံး၊ ဓမ္မံ-ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ မှီခိုဆည်းကပ်ပါ၏။

အဟံ-တပည့်တော်သည်၊ သံဃသ-မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော်နှင့် သမ္မုတိထေရ် သံဃာတို့အား၊ အတ္တာနံ-မိမိ၏ ခန္ဓာကိုယ်ကို၊ ပရိစ္စဇာမိ- စွန့်လွှတ်လှူဒါန်းပါ၏ဘုရား၊ ဇီဝိတံ-အသက်ဇီဝိတိန္ဒြေကိုလည်း၊ ပရိစ္စဇာမိ-စွန့်လွှတ်လှူဒါန်းပါ၏ဘုရား။

အဟံ-တပည့်တော်သည်၊ ဇီဝိတပရိယန္တံ-ရုပ်ဇီဝိတ, နာမ်ဇီဝိတ အဆုံးရှိသော ကာလပတ်လုံး၊ သံဃံ-သံဃာတော် အရှင်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီခို ဆည်းကပ် ပါ၏။

(ဃ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

* ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

* တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ (ခုဒ္ဒကပါဌပါဠိမှ)

(င ) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

* အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

* အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊ (ခုဒ္ဒကပါဌပါဠိ)မှ

အဟံ- တပည့်တော်သည်၊ အဇ္ဇတဂ္ဂေ-ယနေ့ ယခုကို အစ ပြု၍၊ ပါဏုပေတံ- အသက်ဇီဝိတိန္ဒြေ အဆုံးတိုင်အောင်၊ ဝါ- အသက်ထက်ဆုံး၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီခိုဆည်းကပ်ပါ၏၊

အဟံ-တပည့်တော်သည်၊ အဇ္ဇတဂ္ဂေ-ယနေ့ ယခုကို အစပြု၍၊ ပါဏုပေတံ- အသက်ဇီဝိတိန္ဒြေ အဆုံးတိုင်အောင်၊ ဝါ-အသက်ထက်ဆုံး၊ ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီခိုဆည်းကပ်ပါ၏။

အဟံ- တပည့်တော်သည်၊ အဇ္ဇတဂ္ဂေ-ယနေ့ ယခုကို အစပြု၍၊ ပါဏုပေတံ- အသက်ဇီဝိတိန္ဒြေ အဆုံးတိုင်အောင်၊ ဝါ-အသက်ထက်ဆုံး၊ သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီခိုဆည်းကပ်ပါ၏။

(စ) ငါးပါးသီလ ခံယူဆောက်တည်ရပါမည်။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(ခုဒ္ဒကပါဌပါဠိ)မှ

အချို့သော တောရဆောက်တည်ခြင်းကိစ္စများ, သစ်တစ်ပင်အောက်, ဝါးတစ်ရုံအောက် တစ်တောတစ်တောင်ဝင်၍ ကျင့်ကြံအားထုတ်ကြသော ဆရာတော်များသည် ဝိနည်းသိက္ခာပုဒ်များကို အမိကစင်ကြယ်အောင် ဥပုသ်ပြုခြင်း, ဒေသနာကြားခြင်းကိစ္စ

တို့ကို ဆောင်ရွက်ခြင်းနှင့်တကွ သရဏဂုံကို အထက်ပါအတိုင်း ဆောက်တည်နိုင်ပါသည်။

ဆရာတော်ကြီးများ, ရဟန်းသံဃာများသည် ဤအတိုင်းပင် ရဟန်းတို့၏ သိက္ခာပုဒ် ဝိနည်းအတိုင်း သီလကို စင်ကြယ်စေရမည်ဖြစ်သည်။ ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၉-ပါးသီလတို့နှင့် မပတ်သက်ပါ။ မသက်ဆိုင်ပါ။ တောရမှီ၍ ကျင့်ဆောင်သော ရသေ့တပသီများ, သူတော်စင်များ ဖြစ်ပါလျှင် အောက်ထစ် ၅-ပါးသီလဖြင့်လည်းကောင်း၊ ၉-ပါးသော မေတ္တာသီလ ဖြင့်လည်းကောင်း ခံယူခြင်းနှင့် တွဲစပ်၍ သရဏဂုံ ၃-ပါးကို ဆောက်တည်ခွင့် ရှိပါသည်။

အောက်ထစ်ဆုံး, အယုတ်ဆုံးအားဖြင့် သရဏဂုံကို ၅-ပါးသီလတော်မြတ်နှင့် ပူးတွဲ၍ ဆောက်တည်ရပါမည်။ သမထအကျင့်ကို အားထုတ်ပေါက်မြောက်ချင်သော သမထပညာရှင်များသည်လည်း အယုတ်ဆုံးအားဖြင့် ငါးပါးသီလနှင့် တွဲဖက်၍ သရဏဂုံ ဆောက်တည်ရပေလိမ့်မည်။

လပြည့်နေ့, လကွယ်နေ့, ဝါတွင်းသုံးလရှစ်ရက် ဥပုသ်နေ့များတွင်မူ ဥပုသ်သီလဖြစ်သော ဥပေါသထသီလကို သရဏဂုံသုံးပါးနှင့်တွဲဖက်၍ ဆောက်တည်ရပေလိမ့်မည်။ ထိုထက် တစ်ဆင့်တက်၍ကား သရဏဂုံ ၃-ပါးကို ၉-ပါးသီလဖြစ်သည့် မေတ္တာသီလတော်မြတ်နှင့်တွဲဖက်၍ ဆောက်တည်နိုင်ပါက အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကားပင် ဖြစ်ပေတော့၏။

ဤကဏ္ဍတွင် သရဏဂုံကို ၅-ပါးသီလ ဖြင့်သာ အခြေခံအားဖြင့်, မူအားဖြင့် ပြသခဲ့ပါပြီ။ အခြေခံအားဖြင့် ကျင့်ဆောင်လိုသော ပုဂ္ဂိုလ်များအတွက်သာ ခုဒ္ဒက ပါဠိတော်မှ ထုတ်နုတ်၍ ပြသခဲ့ပါသည်။

၈ပါးသီလ၊ ၉-ပါးသီလ များဖြင့် သရဏဂုံကို ပူးတွဲ၍ ဆောက်တည်လိုပါက အခြားသော ဘာသာရေးမဂ္ဂဇင်းများ, ဘာသာရေးစာစောင်များတွင် ရှာဖွေကြည့်ရှု၍ ယူပါလေ။ ကျမ်းလေးနေမည်စိုး၍ ထပ်ထည့်ပြီး မရေးသားတော့ပါ။ ယခုခေတ်သည် သာသနာ အလွန်ထွန်းကားနေသောကြောင့် ၈-ပါးသီလများ၊ ၉-ပါးသီလများကိုမူ အလွယ်တကူပင် ရရှိနိုင်ပေလိမ့်မည်။ လွယ်လွယ်ကူကူ ရရှိနိုင်သောကြောင့် အကျယ်မပြတော့ပါ။

အထူးမှတ်ချက်။ သရဏဂုံဆောက်တည်ပုံနည်းစနစ် ၃-နည်းကို ဖွင့်ပြခဲ့ပါပြီ။ ထို ၃-နည်းစလုံးတွင် အကြင်လူသားတို့သည် သရဏဂုံကို မဆောက်တည်ဖူးသေးပါက လူငယ်လူရွယ် ကလေးငယ်များအတွက် ပြသထားသော သရဏဂုံအကျင့်၊ သရဏဂုံဆောက်တည်ပုံအတိုင်း ဆောက်တည်နိုင်ပါသည်။ မိမိ၏ အသက်အရွယ်နှင့် အသိဉာဏ် ဒဿနများ တိုးတက်လာပါက လူလတ်လူကြီးများအဆင့် သရဏဂုံဆောက်တည်ပုံကို ဆောက်တည်နိုင်ပါသည်။ တောတောင်ထဲဝင်၍ တောရမှီ၍ အကျင့်သီလသိက္ခာအတွက် အထူးအားထားပြီး ကျင့်ဆောင်လိုသော လူသားများအဖို့မှာမူ သမထပညာရှင်များ, သူတော်စင်ကြီးများသာ ကျင့်ဆောင်

သင့်သော သရဏဂုံဆောက်တည်ပုံနည်းအတိုင်း အထူးကျင့်ဆောင်ခြင်း, အထူးသရဏဂုံကို ဆောက်တည်ခြင်းကို ရာသက်ပန် ဆောက်တည်ကျင့်သုံးရပါမည်။

သရဏဂုံသည်သာ အားကိုးရာ, သရဏဂုံသည်သာ အားထားရာ, သရဏဂုံသည်သာ ကိုးကွယ်ရာ, ဆည်းကပ်ရာဟု မှတ်သားကြပါကုန်။

မဟာသရဏဂုံအဖွင့်ကျမ်း

နှင့်

ပုတီးစိပ်နည်းအမျိုးမျိုး ပဌမပိုင်း

ပြီး၏။

## မဟာသရဏဂုံ အပွင့်ကျမ်း
## (ဒုတိယပိုင်း)
## ပုတီးစိပ်နည်း အမျိုးမျိုး

### ၉။ သရဏဂုံ၏ နည်းပညာများ

၁။ အဘယသရဏဂုံတော်

- ဗုဒ္ဓံ မေ သရဏံ အညံ နတ္ထိ၊
- ဓမ္မံ မေ သရဏံ အညံ နတ္ထိ၊
- သံဃော မေ သရဏံ အညံ နတ္ထိ၊

နေ့စဉ် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်သင့်၏၊ အနည်းဆုံး တစ်ရက်အတွက် ၁၀၈-ခေါက် မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်သင့်၏၊ အဓိဋ္ဌာန် သစ္စာပြု၍, အဓိဋ္ဌာန်ရက် တန့်သတ်၍ နေ့စဉ် သရဏဂုံ-၁၀၀၀ ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက အထင်အမြင် အကြားရစေနိုင်၏၊ သူတစ်ပါးတို့၏ စိတ်အကြံကို သိစွမ်း၏။ သမ္မာဒေဝနတ်များ ခင်မင်လေးစားလာကြကုန်၏၊ နတ်တို့ စောင့်ရှောက်

လာကြကုန်၏၊ အန္တရာယ်မှန်သမျှ တင်းဝေးရ၏၊ ဘေးမှန်သမျှ မတွေ့ရောက်နိုင်၊ ရောဂါဝေဒနာမှန်သမျှ ပပျောက်ရ၏၊ စိတ်ထဲမှ တောင့်တသည့်ကိစ္စမှန်သမျှ ဖြစ်ပေါ်ပေးရ၏၊ တောင့်တတိုင်း တည်း ပြည့်စုံလာရ၏၊ စီးပွားရေးများ, အလုပ်အကိုင်များ, ဝင်ငွေ များ တိုးတက်ကြီးပွားရ၏၊

ဤအဘယသရဏဂုံတွင်လည်း နေ့စဉ် ၁၀၈-ခေါက် ရွတ်ခြင်းသည် ဟီန အကျင့်ဖြစ်၏၊ နေ့စဉ် ၃၂၄-ခေါက် သရဇ္ဈာယ် ခြင်းသည် မဇ္ဈိမအကျင့်ဖြစ်၏၊ နေ့စဉ် သရဏဂုံကို ၁၀၀၀-ပြည့် အောင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ပဏီတ, တိက္ခအကျင့် ဖြစ်၏၊

ဟီနအကျင့်ကို အောက်တန်းစားပုံမှန်အကျင့်မျိုးဟု မှတ်ယူရ ပါမည်၊ မဇ္ဈိမအကျင့်ကို အလယ်အလတ်အကျင့်မျိုးဟု မှတ်ယူရပါ မည်၊ ပဏီတ, တိက္ခအကျင့်ကို အထက်တန်းစား, အထက် အဆင့်မြင့်အကျင့်ဟု မှတ်သင့်ပါသည်၊

၂၊ အဘယသဗ္ဗာ သရဏဂုံတော်

- ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
- ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
- သံဃော မေ သရဏံ အညံ နတ္ထိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊
- တေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ၊

ဤသရဏဂုံတော်သည် ရွှေမှုံဟောင်း ဗားမဲ့ဆရာတော်၏

နည်းနိဿယဖြစ်ပါသည်၊ နံနက် ၂၇-ခေါက်၊ ည ၂၇-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပေးရာ၏၊ အဝိဇ္ဇာနံရက် ကန့်သတ်၍ ပညာဖြစ်အောင် အားထုတ်လိုပါလျှင် နေ့စဉ် သရဏဂုံပေါင်း ၁၀၀၀-ပြည့်အောင် ရွတ်သရဇ္ဈာယ်ရာ၏၊ သိဒ္ဓိအမျိုးမျိုး, ပညာအမျိုးမျိုးကို ရရှိစေနိုင်၏၊ အထင်, အမြင်, အကြား, အသိ, အတတ်ပညာများ တတ်မြောက်စေတတ်၏၊ အလုံးစုံသော လောကပါလနတ်များ, သမ္မာဒေဝနတ်များ ကူညီစောင့်ရှောက်ကြကုန်၏၊ နတ်တို့ ချစ်မြတ်နိုးကုန်၏၊ ပြောတိုင်းဆို တိုင်းတောင့်တတိုင်း အောင်မြင်ပြီးစီးရ၏၊

အစိုးရဝန်ထမ်းများ, နိုင်ငံ့ဝန်ထမ်းများ, ကုမ္ပဏီဝန်ထမ်းများသည် အတိုက်အခံများ, အဖုအထစ်များ, အခက်အခဲများမှ ကျော်လွှားလွတ်မြောက်စေရ၏၊ အာဏာတည်၏၊ ဩဇာအာဏာထက်မြက်၏၊ မိမိတို့ နေထိုင်ရာ အိမ်, ခြံ, မြေ စသည်တို့ အန္တရာယ်အပေါင်း, ရန်အပေါင်းမှ ကင်းဝေးရ၏၊ အပူသောကမှန်သမျှ, ဆင်းရဲဒုက္ခမှန်သမျှမှ လွတ်မြောက်စေရ၏၊

ဤသရဏဂုံတော်ကိုလည်း နေ့စဉ် ၁၀၈-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်လျှင် ဟီန အကျင့်ဟု မှတ်ရပါမည်၊ နေ့စဉ် ၃၂၄-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် မဇ္ဈိမအကျင့်ဟု မှတ်ရပါမည်၊ နေ့စဉ် ၁၀၀၀-ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် ဓိကအကျင့်ဟု မှတ်ရပါမည်၊ နှိုသေလေးစားစွာ ရွတ်ဖတ်သရဇ္ဈာယ်ကြပါလေ၊

၃။ အသင်္ခတ ဝိမုတ္တိ သရဏဂုံတော်

* မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
* မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဓမ္မံ သရဏံ ဂစ္ဆာမိ။
* မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သံဃံ သရဏံ ဂစ္ဆာမိ။
* တေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ၊

နေ့စဉ် နံနက် ၉-ခေါက်၊ ညအိပ်ခါနီး ၉-ခေါက် မှန်မှန် ရွတ်ဖတ်သရဏ္ဍာယ်သင့်ပါသည်၊ အပူမှန်သမျှ၊ သောကမှန်သမျှ၊ ပရိဒေဝမှန်သမျှ၊ ဒုက္ခမှန်သမျှ၊ ဘေးရန်မှန်သမျှမှ ကင်းငြိမ်းရ၏၊ အေးငြိမ်းရ၏၊ ရန်မှန်သမျှ ရန်ပြေပျောက်ရ၏၊ မာရ်မှန်သမျှ မာရ်ပြေပျောက်ရ၏၊ စိတ်သောကမှန်သမျှ ကင်းဝေးပပျောက်ရ၏၊ မကောင်းကျိုးမှန်သမျှ ပပျောက်ရ၏၊ စိတ်ဓါတ်ကြံ့ခိုင်၏၊ စိတ်တည်ငြိမ်မှု၊ တည်ကြည်မှုကို ရရှိနိုင်၏၊

နေ့စဉ် ၁၀၈-ခေါက် ရွတ်ဖတ်သရဏ္ဍာယ်ခဲ့လျှင် ဟီနအကျင့် ဖြစ်ပေလိမ့်မည်၊ နေ့စဉ် ၃၂၄-ခေါက် ရွတ်ဖတ်သရဏ္ဍာယ်ခဲ့လျှင် မဇ္ဈိမအကျင့် ဖြစ်ပေလိမ့်မည်၊ နေ့စဉ် ၁၀၀၀-ပြည့်အောင် ရွတ်ဖတ်သရဏ္ဍာယ်လျှင် တိက္ခအကျင့် ဖြစ်ပေလိမ့်မည်၊ ရိုရို သေသေ လေးလေးစားစား သရဏ္ဍာခြင်း၊ ရွတ်ဖတ်ခြင်းပြုကြပါလေ၊

၄။ အဋ္ဌအတုသဂုဏာ သရဏဂုံတော်ကြီး၊

- အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အရဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အရဟံ သံဃံ သရဏံ ဂစ္ဆာမိ၊
- သမ္မာသမ္ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  သမ္မာသမ္ဗုဒ္ဓေါ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သမ္မာသမ္ဗုဒ္ဓေါ သံဃံ သရဏံ ဂစ္ဆာမိ၊
- ဝိဇ္ဇာစရဏသမ္ပန္နော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဝိဇ္ဇာစရဏသမ္ပန္နော ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဝိဇ္ဇာစရဏသမ္ပန္နော သံဃံ သရဏံ ဂစ္ဆာမိ၊
- သုဂတော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  သုဂတော ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သုဂတော သံဃံ သရဏံ ဂစ္ဆာမိ၊
- လောကဝိဒူ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  လောကဝိဒူ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  လောကဝိဒူ သံဃံ သရဏံ ဂစ္ဆာမိ၊
- အနုတ္တရော ပုရိသဒမ္မသာရထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အနုတ္တရော ပုရိသဒမ္မသာရထိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အနုတ္တရော ပုရိသဒမ္မသာရထိ သံဃံ သရဏံ ဂစ္ဆာမိ၊
- သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  သတ္ထာ ဒေဝမနုဿာနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သတ္တာ ဒေဝမနုဿာနံ သံဃံ သရဏံ ဂစ္ဆာမိ၊

• ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဗုဒ္ဓေါ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဗုဒ္ဓေါ သံဃံ သရဏံ ဂစ္ဆာမိ၊

• ဘဂဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဘဂဝါ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဘဂဝါ သံဃံ သရဏံ ဂစ္ဆာမိ၊

ဤ သရဏဂုံတော်ကြီး၏ အကျိုးမှာ အနန္တဖြစ်ပါသည်၊ အမိဋ္ဌာန် သစ္စာပြု၍ ရိုသေလေးစားစွာ ရွတ်ဖတ်သရဇ္ဈာယ် သင့်ပါသည်၊ များစွာကုန်သော တောစောင့်နတ်များ, တောင်စောင့်နတ်များ, ဘုမ္မစိုးနတ်များ, ရုက္ခစိုးနတ်များ, အာကာသစိုးနတ်များ, သမ္မာဒေဝနတ်များ, သာသနာစောင့်နတ်မင်းများ အထူးချစ်ခင် လေးစားကြရကုန်၏၊ သူရဿတီ ဒေဝီမကြွင်း ခပင်းများစွာ နတ်ဒေဝါများ ချစ်ခင်ခယ, စောင့်ရှောက်လာကြကုန်၏၊

ဝိဇ္ဇာဉာဏ်တန်ခိုးများ, အဘိညာဉ်တန်ခိုးများ, အာဏာတန်ခိုးများ ရရှိလာကြကုန်၏၊ သိဒ္ဓိအမျိုးမျိုး, ပညာရပ်အမျိုးမျိုး, အတတ်ပညာအမျိုးမျိုး, အသိပညာအမျိုးမျိုးတို့ကို တတ်မြောက်နိုင်၏၊ ပရစိတ္တဝိဇာနနဉာဏ်မျိုးကို ပြီးစီးစေနိုင်၏၊ မနောမယိဒ္ဓိ, မနောမယ သိဒ္ဓိမျိုးကို အောင်မြင်ပြီးစီးရ၏၊ စိတ်က ကြံစည်သမျှ, တောင့်တသမျှ, စိတ်ကူးသ၍, စိတ်ဆန္ဒရှိသ၍ တစ်ခုပြီးတစ်ခု, တစ်ကိစ္စပြီးတစ်ကိစ္စ ပြည့်စုံလာရ၏၊ ပြောတိုင်းဆိုတိုင်း, လုပ်တိုင်း

တိုင်တိုင်း၊ ဆောင်ရွက်တိုင်း အောင်မြင်စေရ၏၊ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ် အန္တရာယ်မှန်သမျှ ပပျောက်စေရ၏၊ အဖမ်း အဆီး အချုပ်အနှောင်အဖွဲ့မှလည်း လွတ်မြောက်စေရ၏၊ အပူ သောက ဒုက္ခဆင်းရဲမှန်သမျှမှ လွတ်ကင်းရ၍ စိတ်တည်ငြိမ် အေးချမ်းရ၏၊

ပညာဖြစ်အောင် ကျင့်ကြံအားထုတ်လိုပါလျှင် အစမှ အဆုံး အထိရွတ်မှ ပုတီးတစ်လုံး ချရပါမည်၊ တစ်ရက်အတွက် ၁၀၈- ခေါက် ပုတီးတစ်ပတ်ရအောင် ရွတ်စိပ် စိပ်ရပါမည်၊ နေ့စဉ် ၁၀၈- ခေါက် ပုတီးတစ်ပတ်ရအောင် ရွတ်စိပ် စိပ်ခြင်းကိုပင် တိကွ အကျင့်ဟု မှတ်ရပါမည်၊ အစမှအဆုံးတိုင်ရွတ်၍ ဆုံးမှတစ်ခေါက် ဟု မှတ်ရမည်ကို အထူးသတိပြုရပါမည်၊ ဤအကျင့်မြတ်သည် သာမညပုဂ္ဂိုလ်များ အားထုတ်ဖို့ မလွယ်ကူလှသောကြောင့် ဖွဲ့သတ္တိ ဝီရိယနှင့် ပြည့်စုံပါမှ ဤတိကွအကျင့်ကို ကျင့်နိုင်ပေလိမ့်မည်၊ ကောင်းကျိုးချမ်းသာမင်္ဂလာ သုခမှန်သမျှ အကျိုးကျေးဇူးများမှာ အနန္တဟု မှတ်ပါလေ၊

၅၊ ရာဇနတ္တ သရဏဂုံတော်

- ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
  တံ ဗုဒ္ဓရတနံ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊
- ဓမ္မော လောကေ သမုပ္ပန္နော၊
  တံ ဗုဒ္ဓရတနံ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊

သံဃော လောကေ သမုပ္ပန္နော၊
တံ ဗုဒ္ဓရတနံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အနက်။ လောကေ-လောကသုံးခွင် ဘုံအပြင်၌၊ ယော ဗုဒ္ဓေါ-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော အကြင်မြတ်စွာဘုရားသည်၊ သမုပ္ပန္နော ကောင်းစွာ ပွင့်ထွန်းပေါ် ပေါက်တော်မူလေပြီ၊

တံ ဗုဒ္ဓရတနံ-ထိုဘုရားတည်းဟူသော ရတနာမြတ်ကို၊ အဟံ-တပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ ဝန္ဒာမိ-သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

လောကေ-လောကသုံးခွင် ဘုံအပြင်၌၊ ယော ဓမ္မော-အကြင်ဆယ်ပါးသော တရားတော်မြတ်သည်၊ သမုပ္ပန္နော-ကောင်းစွာ ပွင့်ထွန်းပေါ် ပေါက်တော်မူလေပြီ၊

တံ ဓမ္မရတနံ-ထိုတရားတည်းဟူသော ရတနာမြတ်ကို၊ အဟံ-တပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ ဝန္ဒာမိ-သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

လောကေ-လောကသုံးခွင် ဘုံအပြင်၌၊ ယော သံဃော-အကြင်မဂ်ဌာန် လေးယောက်, ဖလဌာန်လေးယောက်ရှစ်ယောက်သော အရိယာပရမတ္ထသံဃာနှင့် သမ္မုတိ သံဃာတော်မြတ်တို့သည်၊ သမုပ္ပန္နော-ကောင်းစွာ ပွင့်ထွန်းပေါ် ပေါက်တော်မူလေပြီ။

တံ သံဃရတနံ-ထိုသံဃာတည်းဟူသော ရတနာမြတ်ကို၊ အဟံ-တပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊

ဝန္ဓာခမီ-သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဤသရဏဂုံတော်သည် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပါက အိမ်, ကျောင်း, ခြံ, မြေ တို့သည် များစွာသော ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံစေနိုင်၏။ မကောင်းသောဘေး, မကောင်းသော ရန်, မကောင်းသောအန္တရာယ်, မကောင်းသော အတိတ်နိမိတ်တို့မှ ပပျောက်စေနိုင်၏။ ငှက်ဆိုးထိုး, လင်းတနား, မိုယ်းကြိုးပစ်ခြင်း, တော်လဲခြင်း, ဥက္ကာပျံခြင်း, လျှော်လှုပ်ခြင်း, မကောင်းသော အိပ်မက်မက်ခြင်းတို့မှ ပပျောက်စေရ၏။ ရေ, မီး, ခိုးသူ, မချစ် မနှစ်သက်သူဟူသော ရန်သူမျိုးငါးပါးတို့မှ လွတ်ကင်းရ၏။

ထို့ကြောင့် သရဏဂုံ သုံးပါးကို အမိကပစာနထား၍ အားကိုးအားထား ရွတ်ဖတ် ခြင်း, သရဇ္ဈာယ်ခြင်း, ပွားများခြင်း, သတိတရ ရှိခြင်းကို ပြုနေပါက "သရဏဂုံ ကိုယ်လုံးခြုံသည်. . . ရန်ဟုန်မြူမျှ မသန်းတည်း"ဟု ရှေးပညာရှိကြီးများ မိန့်ကြားခဲ့သော ကြောင့် သရဏဂုံ၏ စွမ်းအား, အကျိုးကျေးဇူးအားသည် ရန်သူပဲ ဖြစ်ဖြစ်, တစ်ဖက်ရန်သူ, ကြားရန်သူ, အမိကရန်သူ, ပြဿနာ ရန်သူ, အတွန်းအတိုက်ရန်သူ, အဖုအထစ်ရန်သူ, အခက်အခဲ ရန်သူ, ရှေ့ဆောင်ရန်သူ, အားကြီးသောရန်သူ, အားသေးသော ရန်သူ, အတတ်ပညာနှင့် တိုက်ခိုက်သော ရန်သူ, မလိုမုန်းထား သောရန်သူ, ဖြူစင်စောင်းမြောင်းသောရန်သူ မှန်သမျှတို့သည် လည်းကောင်း၊ ရေရန်သူ, မီးရန်သူ, လေမုန်တိုင်းရန်သူ, တောင်ပြို, မြေပြိုသောရန်သူ, ရန်သူမှန်သမျှသည်, အတိုက်အခိုက်မှန်သမျှ

သည်, အခက်အခဲမှန်သမျှသည် မြူမှုန်ကလေးမျှပင် ဖြစ်ပါစေ မိမိ၏ ခန္ဓာကိုယ်ပေါ် သို့လည်းကောင်း၊ ခန္ဓာကိုယ် အတွင်းထဲသို့လည်းကောင်း လားလားမျှ မကျမရောက်, မထိမရှ စေနိုင်ကြောင်းကို ရည်ရွယ်၍ သရဏဂုံသုံးပါးသည် ပွားများရွတ်ဖတ်သရဇ္ဈာယ်သူများအား စောင့်ရှောက်သည်ဖြစ်၍ "သရဏဂုံ ကိုယ်လုံးခြုံသည်. . . ရန်ဆိုမြူမျှ မသန်းတည်း" ဟု ဆိုလိုရင်းအဓိပ္ပါယ်ဖြစ်ပေသည်။ ယုံကြည်ကိုးစား ပွားများကြပါကုန်လော့။

၆၊ အာယုဒီဃသရဏဂုံတော်

* ဗုဒ္ဓေါ မေ ရက္ခတ္တု နိစ္စံ၊

* ဗုဒ္ဓေါ မေ ရက္ခတ္တု နိစ္စံ၊

* ဗုဒ္ဓေါ မေ ရက္ခတ္တု နိစ္စံ၊

* ဒီဃာယုကော သတံ ဘဝေ။

အနက်။ ဗုဒ္ဓေါ-သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သုံးတိုက်ဘုံကျော်ဟီး သဗ္ဗညုမြတ်စွာဘုရားကြီးသည်၊ မေ-(မံ)-အကျွန်ုပ်ကို၊ နိစ္စံ-အမြဲ၊ ရက္ခတ္တု-ဂုဏ်တော်တန်ခိုး စွမ်းအားတော်များဖြင့် စောင့်ရှောက်တော်မူပါစေသတည်း။

ဓမ္မော-မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဆယ်ပါးသော တရားတော်မြတ်ကြီးသည်၊ မေ-(မံ)-အကျွန်ုပ်ကို၊ သဒါ-အခါခပ်သိမ်း၊ ရက္ခတ္တု-ဂုဏ်တော်တန်ခိုး စွမ်းအားတော်များဖြင့် စောင့်ရှောက်တော်မူပါစေသတည်း။

သံယော-မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာသံဃာတော်နှင့် ကလျာဏ ပုထုဇဉ် သံဃာတော်မြတ်ကြီးသည်၊ မေ-(မံ)-အကျွန်ုပ်ကို၊ ဒိနေ-နေ့စဉ်နေ့တိုင်း၊ ရက္ခန္တု- ဂုဏ်တော်တန်ခိုးစွမ်းအားတော်များဖြင့် စောင့်ရှောက်တော်မူပါစေသတည်း။

အဟံ-အကျွန်ုပ်သည်၊ သတံ (ဝဿသတံ)-နှစ်ပေါင်းတစ်ရာ ရှည်မြင့်ကြာအောင် တာလပတ်လုံး၊ ဒီဃာယုကော-ရှည်သော အသက်ရှိသည်၊ အဝါမိ-ဖြစ်ရပါလို၏ဘုရား။

ဤသရဏဂုံတော်ကိုလည်း နေ့, ည, နံနက် မပြတ်သရဇ္ဈာယ်နိုင်ပါသည်။ သို့မဟုတ် နံက်ပိုင်း ၂၇-ခေါက်၊ ညပိုင်း ၂၇-ခေါက် နေ့စဉ်ညစဉ် မှန်မှန်ရွတ်ဖတ်ခြင်း, သရဇ္ဈာယ်ခြင်း, ပွားများခြင်းငှါ အပ်၏။ အထူးကျင့်ဆောင်သရဇ္ဈာယ်လိုပါက နေ့စဉ်နေ့စဉ် တစ်ထိုင်တည်း (ဝါ) ဣရိယာပုတ်တစ်ပါးတည်းဖြင့် ၁၀၈-ခေါက်ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။

သို့မဟုတ် အာယု'အသက်' ၁၂၀-ရှည်စေသော်ကို ရည်စူး၍ နေ့စဉ် တစ်ထိုင်တည်း, ဣရိယာပုတ်တစ်ပါးတည်းဖြင့် အခေါက်ပေါင်း ၁၂၀-ပြည့်အောင် ရွတ်ဖတ်, သရဇ္ဈာယ်သင့်၏ဟု မှတ်ကြပါလေ။

ဤဒီဃာယုကဖြစ်သော အာယုဒီဃသရဏဂုံသည်လည်း အန္တရာယ်အပေါင်း, ဘေးအပေါင်း, ရန်အပေါင်းတို့မှ ကာကွယ်စောင့်ရှောက်စေ၏။ မိမိခန္ဓာကိုယ်ကိုလည်းကောင်း၊ မိမိအိမ်ခြံမြေကိုလည်းကောင်း၊ မိမိဇနီးသားမယားကိုသော်လည်းကောင်း၊ မိမိ

ဝိသာခစုဝင် သားသမီးမြေးမြစ်ကျေးကျွန် အခိုင်းအစေတို့ကိုလည်း ကောင်း၊ မိမိ ရွှေငွေ ရတနာဥစ္စာပစ္စည်းတို့ကိုလည်းကောင်း ကာကွယ်စေတတ်၏၊ စောင့်ရှောက်စေတတ်၏၊ မိမိတို့၏ အသက် ထိုးတိမ် စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်၊ မသိမ်းယူနိုင်၊ ရန်မရှာနိုင်၊ အနုကြမ်းမစီးနိုင်၊ ဓားပြမတိုက်နိုင်၊ မလုယက်နိုင်၊ မခိုးယူနိုင်၊

ထိုရန်အန္တရာယ် ဘေးဒုက်အပေါင်းမှလည်း စောင့်ရှောက် ကာကွယ်ပြီးဖြစ်၏၊ မိမိသည် ၉၆-ပါးသော ရောဂါဝေဒနာများမှ ကင်းဝေးပပျောက်ရခြင်း၊ မိမိ၏ ကိုယ်ခန္ဓာအား ၉၆-ပါးသော ရောဂါများ မကပ်ရောက်နိုင်အောင် ကာကွယ်ထားပြီး ဖြစ်ခြင်း၊ အပြင် ကျန်းမာရေးအထူးကောင်းခြင်း၊ အနေအထိုင် အထအကြွ ပေါ့ပါးသွက်လက်ခြင်း၊ အမောအပန်းဒဏ်ကို ခံနိုင်စွမ်းရှိခြင်း၊ အသက်ရှည်ကြာစွာ နေထိုင်ရခြင်း စသောအကျိုးကို ပေးစွမ်း၏၊

ဤသရဏဂုံတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ရာ၌-

- ဘေးကင်းစေလိုလျှင် ၁၆-ခေါက် ရွတ်၊
- လာဘ်လာဘဝင်လိုလျှင် ၁၅-ခေါက် ရွတ်၊
- အန္တရာယ်ကင်းစေလိုလျှင် သက်စေ့ ရွတ်၊
- ၉၆-ပါးသော ရောဂါဝေဒနာများ ကင်းဝေးပပျောက်လိုလျှင် ၉၆-ခေါက် ရွတ်၊
- အသက်ရှည်ရှည် နေထိုင်လိုပါလျှင် ၀၂၀-ခေါက် ရွတ်ပေး ရမည်၊

- အတတ်ပညာ လိုချင်လျှင် နေ့စဉ် ၁၀၈-ခေါက် ရွတ်ပေးပါ။
- ကုန်းလမ်း ကားလမ်းခရီး သွားလိုလျှင် ၁၅-ခေါက် ရွတ်ပြီးမှ သွားပါ။
- ရေလမ်း သင်္ဘောလမ်း ဘုတ်လမ်းခရီး သွားလိုလျှင် ၂၁-ခေါက် ရွတ်ပြီးမှ သွားပါ။
- စာမေးပွဲအောင်လိုလျှင် စာဖြေသွားရာတွင် ၁၉-ခေါက် ရွတ်ပြီးမှ ဖြေပါ။
- တရားရင်ဆိုင်မှု၊ အမှုကိစ္စ နိုင်လိုပါလျှင် ၃၆-ခေါက် ရွတ်ပြီးမှ ရင်ဆိုင်ပါ။
- တစ်အိမ်လုံး အေးချမ်းငြိမ်သက်စေလိုပါလျှင် ၇၂-ခေါက် ရွတ်ပေးရပါမည်။

၇။ အနုလောမသရဏဂုံတော်

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။
- ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဓမ္မံ။
- သံဃံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ သံဃံ။
- ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဤသရဏဂုံတော်သည် အမျိုးမျိုးသော ပယောဂများ၊ အနှောင့်အယှက်များ၊ အတိုက်အခိုက်များကို ကာကွယ်တားဆီး ပေးစေတတ်၏။ မကောင်းကြံစည်မှု မှန်သမျှ အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲပေးစေနိုင်၏။ အဝရုဒ္ဓက နတ်ဆိုး၊ ဘီလူးဆိုးများ၊

ဗြိတ္တာ, အစိမ်း, သရဲသဘက်ကစ၍ ထွက်ပြေးရ၏၊ အဝရုဒ္ဓ နတ်ဆိုး, ဘီလူးဆိုး, စုန်းဆိုး, ကဝေ, တစ္ဆေ, မြေဘုတ်တို့ကို နိုင်နင်း၏ မကောင်းကြံစည်မှုမှန်သမျှ ပျက်စီးပေးရ၏၊ သူတစ်ပါး မကောင်းကြံစည်သမျှကိုလည်း တန်ပြန်စေ၏၊ ပြုသူမှန်သမျှ တန်ပြန်စေရ၏၊ အန္တရာယ်အမျိုးမျိုး အတိုက်အခံရန်မှန်သမျှ ပပျောက်လွင့်ထွက်ကုန်ရ၏၊ နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်လိုပါလျှင် ယုတ်စွအဆုံး နေ့စဉ် ၁၀၈-ခေါက်ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ် ရမည်ဟု မှတ်ယူကြပါကုန်၊

ဂ၊ သိဒ္ဓိဂုဏ သရဏဂုံတော်

- အရဟံ သိဒ္ဓိ ဘဂဝါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
- အရဟံ သိဒ္ဓိ ဘဂဝါ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
- အရဟံ သိဒ္ဓိ ဘဂဝါ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

မွန်ပြည်နယ် ကျိုက်ထီးရိုး ရသေ့ပျံ၏ ပေမူထွက်သရဏဂုံ ဖြစ်ပါသည်။ ၎င်း သရဏဂုံကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း, ပုတီးစိပ်ခြင်း စသော ၂-မျိုးစလုံးကို အသုံးပြုနိုင်ပါသည်၊ ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် နေ့စဉ် ၁၀၈-ခေါက် မှန်မှန်သရဇ္ဈာယ်ရပါမည်၊ ပုတီးစိပ်ပါလျှင် အမိဋ္ဌာန်ရက် သတ်မှတ်၍ အသက်သတ်လွတ်စား၍ မေတ္တာဘာဝနာကို ပွားကာ ပုတီးစိပ် ရပါမည်ဟု ဆိုလိုပါသည်၊

ဟိနဘာဝအကျင့်ကို ကျင့်လိုပါလျှင် နေ့စဉ် ပုတီး ၃-ပတ်ရ

အောင် ရွတ်စိပ် စိပ်ရပါမည်။ မဇ္ဈိမဘာဝ အကျင့်ကို ကျင့်လိုပါလျှင် နေ့စဉ် ပုတီး-၉ ပတ်ရအောင် ရွတ်စိပ် စိပ်ရပါမည်။ တိက္ခဘာဝ အကျင့်ကို ကျင့်လိုပါလျှင် နေ့စဉ် ပုတီး ၂၇-ပတ်ရအောင် ရွတ်စိပ် စိပ်ရပါမည်။

အန္တရာယ်မှန်သမျှ ကင်းဝေးရ၏။ အနှောင့်အယှက် မှန်သမျှ ပပျောက်ရ၏။ အတိုက်အခိုက်မှန်သမျှလည်း ကင်းဝေးရ၏။ နတ်များ ချစ်ခင်မြတ်နိုးရ၏။ သိဒ္ဓိအမျိုးမျိုး အထင်အမြင်အကြား တို့ကို ပါရမီအလျောက် ပေါက်မြောက်စေနိုင်၏။ တရားတဘောင် ရင်ဆိုင်ရမှုမှန်သမျှတို့မှလည်း အနိုင်ရအောင်ပွဲခံနိုင်၏။ စိတ်ကကြံစည်တိုင်း ဣစ္ဆာသယ သိဒ္ဓိကဲ့သို့ ပြီးစီးရ၏။

၉။ အတုလဝိပဿနာ သရဏဂုံတော်ကြီး

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  ဓမ္မံ သရဏံ ဂစ္ဆာမိ။
  သံဃံ သရဏံ ဂစ္ဆာမိ။
- အဝှတဝှေ ပါကုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  အဝှတဝှေ ပါကုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
  အဝှတဝှေ ပါကုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။
- ဇာတိဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  ဇာတိဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
  ဇာတိဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

- ဇရာဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇရာဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇရာဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
- မရဏဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
- သောကဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သောကဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သောကဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
- ပရိဒေဝဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ပရိဒေဝဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ပရိဒေဝဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
- ဒုက္ခဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုက္ခဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုက္ခဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
- ဒေါမနဿဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒေါမနဿဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒေါမနဿဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
- ဥပါယာသဒုက္ခပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဥပါယာသဒုက္ခပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဥပါယာသဒုက္ခပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

ဤသရဏဂုံတော်ကြီးသည် ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်သော သူတော်ကောင်းများအတွက် အလွန်တန်ဖိုးမဖြတ်နိုင်သော ကောင်းကျိုးချမ်းသာတို့ကို အနန္တပင် ပေးစွမ်းနိုင်သော အတုလဝိပဿနာ သရဏဂုံတော်ကြီး ဖြစ်ပါသည်။

ရွတ်ဖတ်သရဇ္ဈာယ်မည့် ပုဂ္ဂိုလ်များသည် ရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်း၊ စင်ကြယ်သော သူတော်ကောင်း အဝတ်အထည်များကို ဝတ်ဆင်ခြင်း၊ အယုတ်ဆုံး ၅-ပါးသီလတော်မြတ်တို့ကို ရာသက်ပန်, ထာဝရ ဆောက်တည်စေခြင်း၊ ရံဖန်ရံခါ ဥပေါသထသီလတော်မြတ်များ, မေတ္တာဓာတ် ဖြန့်ကြက်သော ၉-ပါးသီလတော်မြတ်တို့ကို ခံယူ၍ ဥပုသ်သီတင်းဆောက်တည်ခြင်းတို့ကို ပြုရပါမည်။

အစားအသောက်များတွင် သူတစ်ပါးတို့၏ အသက်, အသား, အသွေး, အဆီ, အရိုးတို့ကို အထူးရှောင်ကြဉ်၍ အသက်မပါ သစ်သီးသစ်ရွက်ဆားဟင်းတို့ကိုသာ စားသုံး၍ ဤအတုလဝိပဿနာ သရဏဂုံတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပွားများအားထုတ်ခြင်းကို ပြုရပါမည်။

ဟီနအကျင့်တွင် နေ့စဉ် ၂၇-ခေါက် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မဇ္ဈိမအကျင့်တွင် နေ့စဉ် ၅၄-ခေါက် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ တိက္ခအကျင့်တွင် ၁၀၈-ခေါက် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဥဂ္ဂါအကျင့်, တိပိဋကဥက္ကဋ္ဌ အဆင့်အကျင့်ဖြစ်ပါလျှင် နေ့ဘက် ၁၀၈-ခေါက်၊ ညဘက် ၁၀၈-ခေါက်

ရွှတ်ဖတ်သရဇ္ဈာယ် ပွားများရပါမည်။ ထိုသို့ နေ့ဘက် ၁၀၈-ခေါက်၊ ညဘက် ၁၀၈-ခေါက် သရဇ္ဈာယ်ကြရာတွင် တစ်ထိုင်တည်းနှင့် အပြီး ဂုဏ္ဍရီယာပုတ်တစ်ပါးတည်းနှင့် အပြီး ၁၀၈-ခေါက် ပြည့်မီအောင် ရွှတ်ဖတ်သရဇ္ဈာယ်ရမည်ဟု မှတ်ကြပါလေ။

များစွာကုန်သော တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ သစ်ပင်စောင့်နတ်များ၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ အထူးကူညီစောင့်ရှောက်ကြကုန်၏။ ဒေဝဂုတ္တိ၊ ဒေဝကုမာရီ၊ ဒေဝယုဝတီ၊ ဒေဝကိန္နရီ၊ ဒေဝစ္ဆရာ နတ်သမီးများ၊ နတ်ကညာများ၊ ရုက္ခစိုးနတ်သမီးများ၊ ဘုမ္မစိုးနတ်သမီးများ အထူးကပ်ရောက် ပူဇော်လာကြကုန်၏။ စတုလောကပါလနတ်များ၊ သမ္မာဒေဝနတ်များ၊ သာသနာတော် စောင့်နတ်များ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများလည်း ချစ်ခင်ကူညီမစလာကြကုန်၏။

နတ်၌ဖြစ်သော အတတ်ပညာအဖြာဖြာတို့ကိုလည်းကောင်း၊ ဝိဇ္ဇာမိုရ်တို့၌ဖြစ်သော အတတ်ပညာအဖြာဖြာတို့ကိုလည်းကောင်း သင်ကြားပေးလာကြကုန်၏။ ဂုဏ္ဍိဝိဓ အဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်၊ မနောမယိဒ္ဓိ၊ စိန္တာမယိဒ္ဓိ၊ ပရစိတ္တဝိဇာနနဉာဏ်တို့ကို ကံပါရမီအလျောက် ပေါက်မြောက်စေနိုင်၏။ ရှေ့ဖြစ်မည့် ဘဝများ စွာကိုလည်းကောင်း၊ နောက်က ဖြစ်ခဲ့သည့် ဘဝများစွာကိုလည်းကောင်း ပြန်လည်အောက်မေ့သိမြင်နိုင်၏။

အန္တရာယ်အပေါင်း၊ ရန်အပေါင်း၊ ဘေးအပေါင်း၊ ရောဂါအပေါင်း၊ ဝေဒနာအပေါင်း၊ တို့မှ အမြဲထာဝရ ကင်းရှင်းကြရ၏။

အပူသောကမှန်သမျှ၊ ဗျာပါရမှန်သမျှ၊ စိုးရိမ်မှုမှန်သမျှ၊ ကြောင့်ကြမှု မှန်သမျှ၊ ဆင်းရဲမှုမှန်သမျှတို့မှ ကင်းစင်ပပျောက်ကြရပြီး အစဉ်ထာဝရ စိတ်အစဉ်သည် တည်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ခိုင်မာခြင်း၊ မြဲမြံခြင်း၊ ဖြောင့်မတ်ခြင်း ရှိလာပေလိမ့်မည်။ စိတ်အစဉ်သည် သမာဓိတရား၌ အားရကျေနပ်သောစိတ်၊ နှစ်သက်မြတ်နိုးသောစိတ်၊ အရိယာစိတ်များ၊ သူတော်ကောင်းစိတ်များ တိုးတက်ဖြစ်ပေါ်လာခြင်း၊ အားတက်လာခြင်း၊ စိတ်အစဉ်မှာ ဖြူစင်ရှင်လန်းခြင်း ရှိလာပေလိမ့်မည်။ စိတ်က ကြံစည်တိုင်း၊ တောင့်တတိုင်း သမ္မာဒေဝနတ်များက ကူညီပို့ဆောင်လာကြကုန်၏။ နတ်တို့အလွန်ချစ်မြတ်နိုးကြကုန်၏။ တောနေတောင်ကြား သစ်၊ ကျား၊ မြွေ၊ ဆင် တိရစ္ဆာန်အများပင် ချဝ်ခင်လေးစားလာကြကုန်၏။ ထိုမှတစ်ဆင့်တက်သော် -

၁။ တန်ခိုးကြီးမားသော သမိုင်းဝင်ဘုရား ၅-ဆူတွင် အဓိဋ္ဌာန်နှင့် သရဏ္ဍာယ်ခြင်း၊

(တစ်ဆူလျှင် ၄၅-ရက် ပွားများရပါမည်။)

၂။ အထိကရ အကြီးဆုံးသစ်ပင်ကြီး ၁၂-ပင်တွင် အဓိဋ္ဌာန်နှင့် သရဏ္ဍာယ်ခြင်း၊

(တစ်ပင်လျှင် ရက်-၃၀ တစ်လတိတိ ပွားများရပါမည်။)

၃။ အထိကရ တောကြီးပေါင်း ၁၂-တောတွင် အဓိဋ္ဌာန်နှင့် ပွားများသရဏ္ဍာယ်ခြင်း၊

(တစ်တောလျှင် ရက်-၃၀ တစ်လတိတိ ပွားများရပါမည်)

၄။ အထိကရ သမိုင်းဝင်တောင်ကြီးပေါင်း ၁၂-တောင်တွင် ပွားများသရဇ္ဈာယ်ရပါမည်။

(တစ်တောင်လျှင် ရက်-၃၀ တစ်လတိတိ ပွားများရပါမည်)

လောကီပညာရပ်များ, လောကုတ္တရာ အသိဉာဏ် ပညာရပ်များ ပိုင်ဆိုင်လာတော့၏။ ရုက္ခစိုးနတ်တို့၏ အတတ်ပညာများ, ဘုမ္မစိုးနတ်တို့၏ အတတ်ပညာများ, အာကာသစိုးနတ်တို့၏ အတတ်ပညာများ အကုန်အစင် သိမြင်တော့၏။ ရေအောက်သို့လည်းကောင်း၊ မြေထဲသို့လည်းကောင်း ဖောက်မြင်နိုင်စွမ်း၏၊ တခြားတခြားသော နိုင်ငံ, တိုင်းပြည်မှ ပြောဆိုသော စကား, အသံ, အကြောင်းအရာတို့ကို ကြားသိနိုင်သော ဒိဗ္ဗသောတကို ရရှိစေနိုင်၏။ လောကီသမထအတတ်, သမထအသိ, သမထအမြင်တွင် ကပိလကၡဏာ ခေါ်ဆိုထိုက်လှ၏။

လောကီအသိများ, လောကီဉာဏ်များ, လောကီပညာဘက်တွင် တစ်ဖက်ကမ်းခတ် တတ်မြောက်စေသည့်အပြင် ဤအတုလဝိပဿနာ သရဏဂုံတော်ကြီးကိုပင် အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း စွဲစွဲမြဲမြဲဖြင့် ကြိုးစားအားထုတ်ခဲ့သော် သမထတရား, သမာဓိတရားတို့ကို ကျော်လွန်သွားပြီး ရုပ်နာမ်တို့ကို ဆင်ခြင်သုံးသပ်သော သမ္မသနဉာဏ်, ဘင်္ဂဉာဏ်, နာမရူပပရိစ္ဆေဒဉာဏ်တို့ကို ဆင့်ကာဆင့်ကာ တက်လှမ်းနိုင်သည်ဖြစ်၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရားတို့ကို ပယ်ခွါနိုင်ကာ သောတာပတ္တိမဂ်ဉာဏ်မှစ၍ အရဟတ္တမဂ်အဆုံး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်

ချမ်းသာအထိ ခရီးလမ်း, သံသရာလမ်းဆုံး၊ စေနိုင်ကြောင်းကို အထူးသတိပြု ကြိုးစားသင့်ပါသည်။

ထို့ကြောင့် "သရဏဂုံတည်လျှင် သမာဓိတည်မည်။ သမာဓိ တည်လျှင် သမထပေါက်မည်။ သမထပေါက်လျှင် ဖြစ်,ပျက် တရား တို့ကို အပိတ်အပင်မရှိ လွယ်ကူချောမွေ့စွာ သိမြင်လိမ့်မည်။ ဖြစ် ခြင်း, ပျက်ခြင်း တရားစု အားကောင်းလာသည်နှင့်အမျှ ရုပ်နာမ် တို့ကိုလည်း ရုပ်သက်သက်, နာမ်သက်သက် ခွဲခြမ်းစိတ်ဖြာ၍ သိမြင်လာပေလိမ့်မည်။

ထို ရုပ်,နာမ် ကွဲပြားလာသည်နှင့် ၃၁-ဘုံတွင် ဖြစ်ပျက် သင်္ခါရ တရားအစုတို့ကို လင်းလင်းထင်ထင် သိမြင်ခွင့်ရလာ သည်နှင့် သောတာပန် နတ်သားအလား အပါယ်လေးပါးသွားရာ, ဝင်ရာ, လားရာလမ်းကြောင်းများ ပိတ်ဆို့၍ မိမိဘဝ၏ အေးငြိမ်း ရာ, ချမ်းမြေ့ရာ, ငြိမ်းချမ်းရာ ချမ်းသာသုခတို့ကို တစ်ခုပြီးတစ်ခု, တစ်ထစ်ပြီးတစ်ထစ် ဆင့်တက် ဆင့်၍ အထက်မဂ် အထက်ဖိုလ် ချမ်းသာများကို တက်လှမ်းအားထုတ်ခွင့် ရရှိနိုင်ကြပါ စေသတည်း။

၁၀။ မဟာဒွိဝိပဿနာ သရဏဂုံတော်ကြီး

- ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
  ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
  ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
- ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ၊
မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊
* နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
* အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊
* ဗုဒ္ဓေါ မေ နာထော သတ္တပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓေါ မေ နာထော သတ္တပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓေါ မေ နာထော သတ္တပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ၊

ဤသရဏဂုံတော်ကြီးကိုလည်း သေချာစွာ ရိုသေစွာ သိမှတ်ထားကြရာ၏။ လေးစားစွာ နေ့ည ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏၊ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခအဝဝတို့နှင့် ပြည့်စုံနိုင်၏၊ အတိတ်ဆိုး၊ နိမိတ်ဆိုးများ၊ လင်းတနား၊ ခွေးအ၊ ဖွတ်တက်၊ ငှက်ဆိုး ထိုး၊ ခွေးအူ၊ စုန်းမီး၊ တော်လဲ၊ ငလျင်၊ မကောင်းသော အတိတ်နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မကောင်းသော အန္တရာယ် ဘေးရန်များမှ ထာဝရကင်းလွတ်စေရ၏၊ မကောင်းသော အဝ ရုဒ္ဓကနတ်ဆိုး၊ ဘီလူးဆိုး၊ စုန်းဆိုး၊ ကဝေ၊ တစ္ဆေ၊ မြေဘုတ်၊ နာနာ ဘာဝ၊ ဝိနာဘာဝများ အဝေးတပင်ဖယ်ခွါထွက်ပြေးကြကုန်၏၊

စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားကျေး

ကျွန် စသည့် ခြံရံရွေများ ပေါများကြွယ်ဝ ဇောတိကသို့ ထွန်းလင်း တောက်ပ လိုတရစေနိုင်၏။ ကောင်းစွာ အိပ်စက်ရခြင်း၊ အိပ်မက် ကောင်းများကိုသာ မြင်မက်ရခြင်း၊ ကောင်းစွာ နိုးထရခြင်း၊ ကောင်းသော အထိအတွေ့၊ ကောင်းသောမင်္ဂလာ၊ ကောင်းသော အကြံအစည်များ ထွန်းသက်သောလ တုက်သစ်စနေ ပွင့်သစ်စပန်း ကဲ့သို့ ထာဝရလန်းဆန်းတက်ကြွလျက် ရှိနေတော့၏။

မကောင်းကျိုးမှန်သမျှ ပပျောက်စေရ၏။ အနာရောဂါ ဝေဒနာမှန်သမျှလည်း ပျောက်ကင်းချမ်းသာရ၍ အာယုကပ်ပတ် လုံး အနာကင်းခြင်း၊ ရောဂါကင်းခြင်း၊ စိတ်ဆင်းရဲမှုကင်းခြင်း၊ စိတ်သောကကင်းခြင်း၊ ပရိဒေဝကင်းခြင်း၊ စိုးရိမ်စိတ်၊ ကြောင့်ကြ စိတ်များ ကင်းဝေး၍ အာယုကပ်ပတ်လုံးပင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အမျိုးမြတ်ခြင်း၊ အသံသာယာခြင်း၊ ပညာဉာဏ် ကြီးခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံရသည်ဖြစ်၍ ဘဝတစ်သက်တာ အေးချမ်းသာယာနိုင်တော့၏ဟု မှတ်သားကြရာ၏။

ဤဂါရဏဂုံတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ -

* ကျန်းမာရေး အမြဲထာဝရ ကောင်းနေလိုပါလျှင် နေ့စဉ် ၉-ခေါက် သရဇ္ဈာယ်ရပါမည်

* ဘေးရန်အန္တရာယ် ကင်းဝေးလိုပါလျှင် နေ့စဉ် ၁၆-ခေါက် သရဇ္ဈာယ်ပေးရပါမည်။

* စီးပွားဉစ္စာ လာဘ်လာဘ ပွင့်စေလိုပါလျှင် နေ့စဉ် ၂၇-ခေါက် ရွတ်ဖတ်သရဇ္ဈာယ် ပေးရပါမည်။

* အကြွေးငွေ, ဝင်ငွေ, လာဘ်လာဘငွေများ နေ့စဉ် ဝင်လာမစဲ တစ်သဲသဲ ဝင်ရောက်လာလိုလျှင်၊ အကြွေးငွေ, လက်လွှန်ထားသောငွေများ ပြန်ရလိုလျှင် နေ့စဉ် ၁၅-ခေါက်တိတိ မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ် ပေးရပါမည်။
* သူတစ်ပါး ဂုံးတိုက်ဂုံးစကား အတွန်းအတိုက်များ, မလိုမုန်းထားသူများ, အိမ်တွင်းရေး ဆူပူမှုများ ကင်းဝေးပပျောက်လိုပါလျှင် နေ့စဉ် ၁၂-ခေါက်တိတိကို ပုံမှန် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။
* အိမ်ခြံမြေ တိုက်တာစသည်များတွင် အခြောက်အလှန့်များ, အတိုက်အခိုက်များ, အနှောင့်အယှက်များ ကင်းဝေးစေလိုပါလျှင် နေ့စဉ် ၁၈-ခေါက် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။
* လူချစ်လူခင် ပေါများလိုလျှင်, ချစ်ခင်ယုယမှုကိစ္စများ, အိမ်ထောင်ရေးကိစ္စများ, အချစ်ရေး, မေတ္တာရေးကိစ္စများ အဆင်ပြေလိုပါလျှင် နေ့စဉ် ၁၅-ခေါက် မှန်မှန် သရဇ္ဈာယ်ပေးရပါမည်။
* အမှုတက်ခြင်း, အမှုဖြစ်ခြင်း, တရားရင်ဆိုင်ရခြင်း, အဖမ်းအဆီး အချုပ်အနှောင် ထောင်ကျခြင်းမျိုးမှ အမှုနိုင်လိုလျှင်, အချုပ်အနှောင်ထောင်မှ လွတ်မြောက်လိုပါလျှင် နေ့စဉ် ၁၈-ခေါက် မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်ကို အထူးသတိပြုပါလေ။

* ဗေဒင်အတတ်, နက္ခတ်အတတ်, လုပ်ရပ်အတတ်, ဝိဇ္ဇာဓိုရ်တို့၏အတတ်, နတ်တို့၏ အတတ်, လူတို့၏ စာမေးပွဲ, ရာထူးတက်, အဆင့်တိုး, စာမေးပွဲအောင်ကိစ္စများ အထူးရရှိအောင်မြင်လိုပါလျှင် နေ့စဉ် ၁ဝ၈-ခေါက် မှန်မှန်သရဇ္ဈာယ်ရပါမည်။
* စီးပွားရေးကိစ္စများ, အရောင်းအဝယ်ကိစ္စများ, ပွဲရုံလုပ်ငန်းကိစ္စများ, ကုမ္ပဏီကိစ္စများ ကား, ဆိုင်ကယ်, ရတနာ, ကုန်ပဒေသာဆိုင်များ အရောင်းအဝယ်များ တိုးတက်လိုပါလျှင်, ရောင်းတောင်းလိုပါလျှင် နေ့စဉ် မှန်မှန် ၁၂-ခေါက် သို့မဟုတ် ၁၅-ခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ရမည်။
* နိုင်ငံခြားခရီး, ပြည်ပခရီး, ပြည်ပ ပညာတော်သင်များ, ပြည်ပနိုင်ငံခြားသင်္ဘောသားများ, နိုင်ငံခြားထွက် အလုပ်အကိုင်လုပ်သူများ ခရီးစဉ် အောင်မြင်ချောမောပြီး အဆင်ပြေလိုပါလျှင် တနင်္ဂနွေနေ့တွင် ၁၅-ခေါက်၊ သောကြာနေ့တွင် ၂၁-ခေါက်၊ တစ်ပတ် ၂-ကြိမ် ရက်မပျက်စေပဲမှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက လျင်မြန်စွာ အဆင်ပြေအောင် မြင့်ပါလိမ့်မည်။
* သေရေးရှင်ရေးကိစ္စများ, လူနာအသည်းအသန် အသက်လုရမည့်အခြေအနေမျိုးများ, အသက်လု၍ ခွဲစိပ်ကုသရမှုများ အောင်မြင်လိုပါလျှင်, ချောမွေ့လိုပါလျှင် အရေးပေါ်အချိန်တွင် ၃၆-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပေး၍ လူနာ

အတွက် ဆုတောင်းပေးပါ။ ကံတရားကလွဲလျှင် အစစ အရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

* အဓိဋ္ဌာန်ကန့်သတ်၍ အဓိဋ္ဌာန်အကျင့်ကို ကျင့်ဆောင်လိုလျှင်လည်းကောင်း၊ သူတော်ကောင်းတရား အားထုတ်လိုလျှင်လည်းကောင်း၊ သမာဓိတရား၊ သမထတရားကို ပေါက်မြောက်အောင်မြင်စေလိုလျှင်လည်းကောင်း၊ ဤသရဏဂုံတော်ကြီးကိုပင် မြတ်နိုး၍ လောကီပညာ၊ လောကုတ္တရာပညာပေါက် အားထုတ်ပွားများ ကျင့်ဆောင်လိုလျှင်လည်းကောင်း အောက်ပါအတိုင်း ကျင့်ဆောင်အားထုတ်ရပါမည်-

၁။ ပေါက်တတ်ကရ စကားများ၊ ဟာသများ၊ အကျိုးမရှိသောစကားများ မပြောဆိုရ။

၂။ သူတော်ကောင်းစကား၊ အကျိုးရှိမည့်စကား၊ အဖိုးတန်သော စကားများကိုသာ ပြောဆိုရပါမည်။

၃။ အကြောင်းကိစ္စမရှိဘဲ၊ အရေးမကြီးဘဲ သိမ်ဖျင်းပေါ့ပျက်သော စကားများ မပြောဆိုရ။

၄။ စကားနည်းလှပါစေ၊ အရေးကိစ္စမကြီးဘဲနှင့် မပြောမဆိုရ။

၅။ ခန္ဓာကိုယ် သန့်ရှင်းပါစေ၊ အဝတ်အစားစင်ကြယ်မှု၊ သန့်ရှင်းမှု ရှိပါစေ။

၆။ ဤကျမ်းစာအုပ်တွင် ပြသထားသော သရဏဂုံ

ဆောက်တည်နည်း ၃-နည်း ထဲမှ နှစ်သက်ရာ ၁-နည်းကို လက်ကိုင်ထား၍ သရဏဂုံကို ဆောက်တည်ပါ။

၇။ ဤ သရဏဂုံတော်ကြီးကို အစမှ အဆုံးတိုင် သရဏဂုံရွှတ်ပြီးမှ ၁-ခေါက်ဟု မှတ်၍ နေ့စဉ် ၁၀၈-ခေါက် သရဏဂုံ ရွှတ်ဆိုပေးပါလေ။

၈။ အားလပ်နေသော အချိန်ကာလများတွင် ၃၁-ဘုံတွင် ကျင်လည်ကုန်သော ဝေနေယျများစွာ သတ္တဝါ အနန္တများ, တောစောင့်တောင်စောင့်များ, ဘုမ္မစိုး, သမ္မာဒေဝနတ်များ, သာသနာတော်စောင့်နတ်များ, သိကြား, ဗြဟ္မာ, စတု လောကပါလ စသည်များစွာ အလုံးစုံသော နတ်ဗြဟ္မာ သတ္တဝါတို့အား မေတ္တာ ပို့သခြင်း, အမျှပေးဝေခြင်းကို ပြုလုပ်စေရပါမည်။

၉။ မိမိသည် သရဏဂုံ သုံးပါးနှင့်တကွ ဆောက်တည်ထားသော သီလတော်မြတ်တို့ကို မကျိုးမပေါက် စေရန် အသက်တမျှ ကာကွယ်ထိန်းသိမ်း စောင့်ထိန်းကြရပါမည်။

ဤအချက် ၉-ချက်စလုံးနှင့် ညီညွတ်အောင် ကျင့်ဆောင်အားထုတ်ခြင်းသည် မဖွံ့မလစ်, အကျင့်ဟု မှတ်ရပါမည်။ ဤမဖွံ့မအကျင့်ကို ကျင့်နေ၍ ၁-နှစ် စေ့သွားသည်နှင့် ပရစိတ္တဝိဇာနနဉာဏ်များ, ဒိဗ္ဗစက္ခု,

ဒိဗ္ဗသောတဉာဏ်များ၊ မနောမယသိဒ္ဓိဉာဏ်များ ပါရမီရှိရင် ရှိသလောက် အောင်မြင်ပြီးစီးပေလိမ့်မည်။

ထို့ကြောင့်ပင်လျှင် ဤသရဏဂုံတော်ကြီး၏ ကျင့်စဉ်၊ အားထုတ်စဉ်များတွင် ရှေးရှေးသော အရိယာ သူတော်ကောင်း ဆရာတော်ကြီးများ မိန့်ကြားခဲ့ပုံမှာ -

မေထုန်ပေါင်းဖော်
ဖြူသော်အရာ
လွှဲရှောင်ပါလော့
သုံးပါးသရဏဂုံ
ငါးစုံသီလ
ငါးပါးပဥ္စသီ
စာဂီတစ်ရပ်
ပြီးစီးလတ်သို့
သူမြတ်ဆရာ
မိန့်ခဲ့မှာသည်
ပညာနေသို့
လင်း၏တည်း။

ဤသို့လျှင် ဤသရဏဂုံကော်ကြီးကို တစ်နှစ်ပြည့် မြောက်အောင် ကြိုးစားအားထုတ်ပြီးနောက် တစ်ဆင့်တက် လှမ်း ပညာအကျင့်လမ်းကား -

သူတစ်ပါးတို့၏ အသက်၊ အသား၊ အသွေး၊ အရိုး၊

အဆီ စသည်များကို မစားသောက်စေတော့ဘဲ ခန္ဓာကိုယ် ၃၂-ကောဋ္ဌာသအား သစ်သီးသစ်ရွက်, ဟင်းသီးဟင်းရွက်, သစ်ဥ, သစ်ဖု, အညွန့်အညှောက်အပွင့်တို့ကိုသာ သက်သတ်လွတ်အဖြစ် စားသုံးစေရမည်။

ကုန်း၊ မြေကြီး၊ အပေါ်၊ အောက် သတ္တဝါတို့၏ အသား, အသက်, အသွေး မှန်သမျှတို့ကိုလည်းကောင်း၊ ကုန်းတစ်ဝက်ရေတစ်ဝက် နေထိုင်ကြသော သတ္တဝါတို့၏ အသား, အသက်, အသွေး, အဆီတို့ကိုလည်းကောင်း၊ ကောင်းကင်အာကာသ တစ်ခွင်၌ ကျက်စားသွားလာပျံသန်းကြသော သတ္တဝါတို့၏ အသား, အသက်, အသွေး, အဆီတို့ကိုလည်းကောင်း မေတ္တာတရား, မေတ္တာကွန်ယက်တို့ကို ရှေ့သွားပြု၍ အထူးရှောင်ကြဉ်ကြကုန်ရာ၏။

အသီးအရွက်, အညွန့်အဥတို့ကိုသာ ဆားဟင်းအဖြစ် စားသုံးရမည်ဟု မှတ်ယူသင့်၏။ သို့မှသာ မိမိတို့၏ ခန္ဓာကိုယ် ၃၂-ကောဋ္ဌာသတို့သည် သွေးသား စင်ကြယ်သန့်ရှင်းပေလိမ့်မည်ဟု မှတ်ယူရပါမည်။

ထို့နောက် ဤသရဏဂုံတော်ကြီးကို နေ့ဘက်တွင် ပုတီးတစ်ပတ် ၁၀၈-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်၍ ညဘက်တွင် ပုတီးတစ်ပတ် ၁၀၈-ခေါက်သရဇ္ဈာယ် ရပါမည်။ အဓိဋ္ဌာန်သစ္စာပြု၍ အဓိဋ္ဌာန်ဖြင့် ရက်လတို့ကို ကန့်သတ်၍ ၉-ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ၁၈-ရက် အဓိဋ္ဌာန်

ဝင်၍လည်းကောင်း၊ ၂၇-ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ၁၀၈-ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း စသည် စသည်ဖြင့် ပွားများအားထုတ်နိုင်ပါသည်။ လအားဖြင့် အဓိဋ္ဌာန်ပြုလိုလျှင် တစ်ဌာန တစ်ဌာနတွင် ၁-လ အဓိဋ္ဌာန်ပြု၍ ပွားများအားထုတ်ရပါမည်။ ရံဖန်ရံခါ ၈-ရက် ဥပုသ်နေ့၊ လပြည့်၊ လကွယ်နေ့၊ ဝါတွင်း ၃-လ စသော အခါကြီး၊ ရက်ကြီးများတွင်မူ ယခင်ကဏ္ဍမှ ပြလာခဲ့ပြီးသော သရဏဂုံကို အထူးဆောက်တည်ပါလေ။

ဤနည်းအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ပါလျှင် သမာဓိစွမ်းအားတို့သည် တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်ကာ လောကီအသိ၊ လောကုတ္တရာဉာဏ် အသိတရားများ ပိုမိုတိုးတက်အောင်မြင်မှု ရရှိလာပေလိမ့်မည်။ လောကီအဘိညာဉ် ဉာဏ်တန်ခိုးများ ဆထက်တပိုး တိုးတက်အောင်မြင်လာပေလိမ့်မည်။ သမာဓိ အားကောင်းလာသည်နှင့်အမျှ ရုပ်တရား နာမ်တရားတို့ကို ပိုင်ပိုင်နိုင်နိုင် သိမြင်လာနိုင်ပြီး သမ္မသနဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်စသော ဝိပဿနာဉာဏ်များ စတင်ပေါ်ပေါက်လာပေလိမ့်မည်။ နာမရူပ ပရိစ္ဆေဒဉာဏ်သည်လည်း အလွန်အားကောင်းလှသည်ဖြစ်၍ ကံပါရမီအလျောက် စူဠသောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ရ မဟာသောတာပန်ပုဂ္ဂိုလ်အဆင့်ဆင့် တက်လှမ်းနိုင်ပြီးလျှင် သံသရာဘဝစက်

ပဋိစ္စသမုပ္ပါဒ်ခြားရဟတ်တို့သည် အဆင့်ဆင့်ရပ်တန့်ကာ အရိယာသူတော်ကောင်းဘဝကို တိုးတက်ဝင်ရောက်ကာ ဘဝစက်တစ်ခုလုံးတွင် မည်သည့်အခါမျှ အပါယ်ဘုံသို့ မလားနိုင်, မရောက်နိုင်ဟု မှတ်သားအပ်ပါသတည်း။

၁၁။ အတုလ စိန္တာမယ မဟာသရဏဂုံတော်ကြီး

* ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
* ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
* ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
* ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။
* မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏကာလံ သံဃံ သရဏံ ဂစ္ဆာမိ။

* မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

* သောတာပတ္တိမဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊

* သောတာပတ္တိမဂ္ဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

* သကဒါဂါမိမဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သကဒါဂါမိမဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သကဒါဂါမိမဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊

* သကဒါဂါမိ မဂ္ဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သကဒါဂါမိ မဂ္ဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သကဒါဂါမိ မဂ္ဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

* အနာဂါမိ မဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိ မဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သကဒါဂါမိ မဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊

* အနာဂါမိ မဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိ မဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိ မဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

* အရဟတ္တ မဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တ မဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တ မဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊
* အရဟတ္တ မဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တ မဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အရဟတ္တ မဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
* နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာနကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊
* နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊
* အဗ္ဘုတဂ္ဂေ ပါကဋုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  အဗ္ဘုတဂ္ဂေ ပါကဋုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  အဗ္ဘုတဂ္ဂေ ပါကဋုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊
* ဗုဒ္ဓေါ မေ နာထော သတ္တပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဗုဒ္ဓေါ မေ နာထော သတ္တပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဗုဒ္ဓေါ မေ နာထော သတ္တပါကာ သံဃံ သရဏံ ဂစ္ဆာမိ၊

ဤသရဏဂုံတော်ကြီးသည် စိတ်[illegible]ကြံအစည်ကို သိမြင်နိုင်ခြင်း, စိတ်ဆန္ဒရှိသမျှကို ပြီးစီးပြ[illegible]နှံ့စေခြင်း, စိတ်ဆန္ဒတောင့်တသ၍ ရောက်ရှိရရှိလာတတ်ခြင်း, စိတ်က ဆန္ဒရှိသမျှ

စိတ်ကြွသမျှ ပြီးစီးစေနိုင်ခြင်းကြောင့် ဤသရဏဂုံတော်ကြီးကိုလည်း အတုလစိန္တာမဃ မဟာသရဏဂုံတော်ဟု အမည်တွင်ပါသည်။

လွန်ခဲ့ပြီးသော အတိတ်နှစ်ပေါင်းများစွာက အမတ်ကြီး ဇေယျကျော်ထင်နှင့် မဓုသခ်ရာဇာ စသော ပုဂ္ဂိုလ်ထူးကြီးများ ဤသရဏဂုံတော်ကြီးကို နေ့ညရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည့်အတွက် အထူးထူးသော ပညာများ၊ အထူးထူးသော အသိဉာဏ်များ အောင်မြင်ပြီးစီးကြပြီး အသက်ဆုံးတိုင် သာသနာတော်မြတ်ကို ပြုစုပျိုးထောင်တော် မူခဲ့ကြပေသည်။

ထို့ပြင် ဗားမဲ့ဆရာတော်ကြီးသည်လည်းကောင်း၊ နတ်စက်ရောင် ဆရာတော်ကြီးသည်လည်းကောင်း၊ တောင်တွင်း အတုလဆရာတော် ခင်ကြီးပျော်သည်လည်းကောင်း ဤသရဏဂုံတော်ကြီးကို အထူးလေ့ကျင့်ပွားများ သရဇ္ဈာယ်တော်မူကြသည့်အတွက် လောကီပညာရပ်ဘက်တွင်လည်းကောင်း၊ လောကုတ္တရာပညာရပ်ဘက်တွင်လည်းကောင်း၊ လောကီအသိဉာဏ်တွင်လည်းကောင်း၊ လောကုတ္တရာအသိဉာဏ်တွင်လည်းကောင်း အထူးအောင်မြင်ပေါက်မြောက်တော်မူကြ၍ ဗုဒ္ဓသာသနာတော်ကြီးကို နေတစ်ဆူ၊ လတစ်ပါး ထင်ရှားကျော်ကြားအောင် ပြုတော်မူခဲ့ကြပေ၏။

ဤသရဏဂုံတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်သော သူတော်ကောင်းကြီးများကိုလည်း နတ်ကောင်းနတ်မြတ်များ အထူးချစ်ခင်လေးစားကြရ၏။ လိုသောဆန္ဒမှန်သမျှတို့ကိုလည်း နတ်များက

ကူညီစောင့်ရှောက်ခြင်း, မစခြင်း ပြုကြရကုန်၏။

ထို့ကြောင့် ဤသရဏဂုံတော်ကြီးကို ရှိသေလေးစားစွာ ရွတ်ဖတ်သရဏဂုံယူသော ပုဂ္ဂိုလ်များ, သူတော်ကောင်းများသည် သီလကို စင်ကြယ်စေရမည်၊ သီလကို အထူးဂရုစိုက်ရမည်၊ စောင့်ထိန်းထားသော သီလတော်မြတ်တို့ကိုလည်း မကျိုးမပေါက်အောင် အထူးစောင့်ရှောက်ထိန်းသိမ်းရပါမည်၊ သီလလုံခြုံ, မလုံခြုံကိုလည်းကောင်း၊ သီလရှိ, မရှိကိုလည်းကောင်း၊ သီလကို စောင့်, မစောင့်ကိုလည်းကောင်း များစွာကုန်သော တောစောင့်နတ်, သမ္မာဒေဝနတ်တို့သည် မိမိအားနည်းအမျိုးမျိုး စမ်းသပ်ကြပေလိမ့်မည်၊ မိမိအား စောင့်ထိန်းထားသော သီလရှိ, မရှိ, စင်ကြယ်, မစင်ကြယ်စသည်များကို စမ်းသပ်ခြင်း, မေးမြန်းခြင်း ပြုတတ်ပါသည်၊ စင်စစ် မိမိသည် သရဏဂုံသုံးပါးနှင့်တကွ ကောင်းမြတ်သော သီလတော်မြတ်ကို အထူးဂရုစိုက် လုံခြုံအောင် စောင့်ထိန်းဖို့သာ အလွန်အရေးကြီးလှ၏ဟု မှတ်ကြပါလေ။

စောင့်ထိန်းထားသော သရဏဂုံ, သီလ မကျိုးမပျက်ဘဲ လုံခြုံမှုရှိလေ နတ်ကောင်းနတ်မြတ်များက မိမိအား ချစ်ခင်လေးစားစောင့်ရှောက်လေဟု အမြဲအစွဲ မှတ်ထားကြရပါမည်၊ ဤသီလသမာဓိ ပညာအကျင့်လမ်းသည် နတ်ကောင်းနတ်မြတ်များ အထူးချစ်ခင် လေးစားလာဖို့ အလွန်အရေးကြီးလှပါသည်၊ နတ်ကောင်းနတ်မြတ်များ မကြိုက်မနှစ်မြို့ပါက အဖျက်အဆီး များပြားလာမှုကြောင့် မိမိစောင့်ထိန်းထားသော အကျင့်သီလများ, သမာဓိ

များ, ကျင့်ကြံကြိုးကုတ်အားထုတ်မှုများသည် သဲထဲရေသွန်သလို အကျိုးမရှိ ဖြစ်တတ်ပါသည်။

နတ်ကောင်းနတ်မြတ်များ ချစ်ခင်လာဖို့, လေးစားလာဖို့မှာ မိမိစောင့်ထိန်းသော သီလပေါ်တွင် မူတည်ပါသည်။ သီလ, သရဏဂုံပြည့်စုံလေ, စောင့်ထိန်းလေ နတ်ကောင်းနတ်မြတ်များ ချစ်ခင်လေးစား ယုံကြည်စိတ်ချလေဟု မှတ်သားကြပါ။ သရဏဂုံ, သီလ မလုံခြုံကျိုးပေါက်ပျက်စီးနေပါက တောစောင့်နတ်များ, တောင်စောင့်နတ်များ, ရုက္ခစိုး နတ်များ, ဘုမ္မစိုးနတ်များ, အခြားအခြားသော သမ္မာဒေဝနတ်များသည် ဒေါသထွက်ခြင်း, အမျက်ထွက်ခြင်း, မုန်းတီးလာခြင်း, မကျေနပ်ခြင်း, ငြူစူမရှုစိမ့်လာခြင်း ဖြစ်လာပေမည်။

ထိုအခါ ကျင့်ကြံကြိုးကုတ်အားထုတ်၍ ရွတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်တို့အား နတ်များ မကြည်ဖြူ မနှစ်သက်မှုကြောင့် တရားကျင့်ရာ၌, ရွတ်ဖတ်သရဇ္ဈာယ်ရာ၌ အမျိုးမျိုးသော အနှောင့်အယှက်များ, အထစ်အငေါ့များ, အခက်အခဲများ ပေါ်ပေါက်လာစေပြီး မိမိကျင့်စဉ်လမ်းကို အားထုတ်မှု, ရွတ်ဖတ်သရဇ္ဈာယ်မှုလမ်းကို ဖျက်လိုဖျက်ဆီး ဖြစ်ကြရကုန်၍ ဟိုမရောက် ဒီမရောက် ဖြစ်တတ်ပါသည်။ "သဲထဲရေသွန်သလို" အရာမထင်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤသရဏဂုံတော်ကြီးကို အားကိုးအားထားပြု၍ ရွတ်ဖတ်သရဇ္ဈာယ်သော သူတော်ကောင်းများသည် သရဏဂုံနှင့်

တကွ မိမိစောင့်ထိန်းထားသော သီလကို အထူးလုံခြုံအောင် ထိန်းသိမ်းကြပါလေဟု မှာကြားလိုက်ပါသည်။

ခိုင်မာသော သီလ, ပြည့်စုံသောသီလ, တိကျသောသီလ, ပြတ်သားသောသီလ, ကောင်းမြတ်သော အရိယာအဆင့်မီ သီလမျိုးဖြစ်ပါက မိမိဘဝတွင် အနှောက်အယှက် မရှိ၊ အဖျက်အဆီးမရှိ၊ အထစ်အငေါ့မရှိ၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်၍ အောင်မြင်မှု, ပြီးစီးမှုများ တစ်ခုပြီးတစ်ခု ရရှိအောင်မြင်ပါလိမ့်မည်ဟု မှတ်ကြပါလေကုန်။

မိမိတို့ ဆောက်တည်ထားသော သရဏဂုံသုံးပါးနှင့်တကွ စောင့်ထိန်းထားသော ကောင်းမြတ်သော သီလတော်မြတ်ကို လုံခြုံသင့်ပါလျက် မလုံခြုံခြင်း, သီလကျိုးပေါက်ခြင်း, သီလပျက်ခြင်းဖြစ်ပါက နေ့ညမဆိုင်းမတွပင် အန္တရာယ်အမျိုးမျိုး, အနှောင့်အယှက် အမျိုးမျိုး, ဒုက္ခအမျိုးမျိုး, အဖျက်အဆီးအမျိုးမျိုးနှင့် ရင်ဆိုင်ရပေလိမ့်မည်။ ထို့ကြောင့် သရဏဂုံသုံးပါးနှင့်တကွ သီလတော်ကို အသက်တမျှ စောင့်ထိန်းကြပါလေ။

ဤသရဏဂုံတော်ကြီးသည် သမထလမ်းမှ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ပြီးလျှင် သမာဓိလမ်း သမထနန်းမှ ဝိပဿနာလမ်း ဖြစ်ပျက်နန်းသို့ ဝင်ရောက်ကူးပြောင်းကာ ဝိပဿနာဉာဏ်စဉ်အကျင့် ရင့်သထက်ရင့်ကာ မဂ်ဉာဏ်, ဖိုဉာဏ်အထိ တက်လှမ်းနိုင်ကြောင်းကို သတိပြုပါလေ။

အဘယ်ကြောင့်ဆိုသော် သမထလမ်း, သမာဓိလမ်းကို

အဘိညာဉ်ဈာန်အထိ ပေါက်မြောက်လာ၍ သောတာပန်နတ်များ, သကဒါဂါမ်နတ်မင်းများသည် မိမိအား မဟာသရဏဂုံတော်၏ တန်ခိုးတော်ကြောင့် ကူညီမစလာကြကုန်၏၊ နည်းပေးလမ်းပြ ညွှန်ကြားကြလေကုန်၏၊ သို့မဟုတ် တစ်စုံတစ်ဦးသော အရိယာ ပုဂ္ဂိုလ်တစ်ဦးဦးသည် မိမိအား ကူညီလမ်းပြ, နည်းလမ်းပြသည်သာ ဖြစ်၏၊ ဤအဆင့်မျိုး၌ မဟာသရဏဂုံတော်၏ စွမ်းအားကြောင့် ကူညီမည့်သူ ပေါ်ပေါက်စမြဲဟု မှတ်ကြပါလေ၊

ဤတွင်လည်း နေ့စဉ် ၂၇-ခေါက် မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ် ခြင်းကို ဟီနအကျင့်ဟု မှတ်ရပါမည်၊ နေ့စဉ် ၅၄-ခေါက် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို မဇ္ဈိမအကျင့်ဟု မှတ်ရပါမည်၊ နေ့စဉ် ၁၀၈-ခေါက် သို့မဟုတ် ညစဉ် ၁၀၈-ခေါက် မှန်မှန်ရွတ်ခြင်းကို တိက္ခအကျင့်ဟု မှတ်ကြပါလေ၊

ထူးထူးမြတ်မြတ် တစ်နေရာတည်းတွင် တစ်ထိုင်တည်းနှင့် (ဝါ) ဣရိယာပုတ်တစ်ပါးတည်းနှင့် အပြီးအစီး ၁၀၈-ခေါက်ရ အောင် ရွတ်ဖတ်သရဇ္ဈာယ်နိုင်လျှင် ဥဂ္ဃါတိတည၊ အကျင့် (ဝါ) ဥဂ္ဃါအကျင့်ဟု မှတ်ကြပါလေ၊ ထိုအကျင့်မျိုးကို ကျင့်ဆောင်နိုင် သော ပုဂ္ဂိုလ်မျိုးသည် တိဟိတ်ဥက္ကဋ္ဌပုဂ္ဂိုလ်မျိုးသော ကျင့်ဆောင် နိုင်သည်ဟု မှတ်ကြပါလေ၊

ထိုသို့ သရဏဂုံတော်ကြီးကို တိက္ခဘာဝအကျင့်ဖြင့်လည်း ကောင်း၊ တိဟိတ်ဥက္ကဋ္ဌ, ဥဂ္ဃါဘာဝအကျင့်ဖြင့်လည်းကောင်း ကျင့်ဆောင်ပွားများ ရွတ်ဖတ်သရဇ္ဈာယ်ပါက ဒိဗ္ဗစက္ခု၊ အဘိညာဉ်,

ဒိဗ္ဗသောတအဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်, မနောမယိဒ္ဓိ, စိန္တာမယဉာဏ်စသော ဝိဇ္ဇာဉာဏ် ၅-ပါး၊ အဘိညာဉ် ၅-ပါး၊ သမာပတ် ၈-ပါးတို့ကို အောင်မြင်ပြီးစီးပေလိမ့်မည်။

၁၂။ အဂ္ဂမဟာ ဓာတုသရဏဂုံတော်ကြီး

* ရူပက္ခန္ဓာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ရူပက္ခန္ဓာ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ရူပက္ခန္ဓာ သံဃံ သရဏံ ဂစ္ဆာမိ။

* ဝေဒနက္ခန္ဓာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဝေဒနက္ခန္ဓာ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဝေဒနက္ခန္ဓာ သံဃံ သရဏံ ဂစ္ဆာမိ။

* သညာက္ခန္ဓာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သညာက္ခန္ဓာ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သညာက္ခန္ဓာ သံဃံ သရဏံ ဂစ္ဆာမိ။

* သင်္ခါရက္ခန္ဓာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သင်္ခါရက္ခန္ဓာ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သင်္ခါရက္ခန္ဓာ သံဃံ သရဏံ ဂစ္ဆာမိ။

* ဝိညာဏက္ခန္ဓာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဝိညာဏက္ခန္ဓာ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဝိညာဏက္ခန္ဓာ သံဃံ သရဏံ ဂစ္ဆာမိ။

* ပဉ္စက္ခန္ဓာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ပဉ္စက္ခန္ဓာ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ပဉ္စက္ခန္ဓာ သံဃံ သရဏံ ဂစ္ဆာမိ၊
စက္ခာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
စက္ခာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
စက္ခာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
သောတာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သောတာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သောတာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
ဃာနာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဃာနာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဃာနာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
ဇိဝှါယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇိဝှါယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇိဝှါယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
ကာယာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ကာယာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ကာယာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
မနာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မနာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မနာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
ရူပါယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ရူပါယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ရူပါယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
* သဒ္ဒါယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သဒ္ဒါယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သဒ္ဒါယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
* ဂန္ဓာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဂန္ဓာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဂန္ဓာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
* ရသာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ရသာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ရသာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
* ဖောဋ္ဌဗ္ဗာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဖောဋ္ဌဗ္ဗာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဖောဋ္ဌဗ္ဗာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊
* ဓမ္မာယတနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မာယတနံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဓမ္မာယတနံ သံဃံ သရဏံ ဂစ္ဆာမိ၊ (အာယတန ၁၂-ပါး)
* စက္ခုဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
စက္ခုဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊
စက္ခုဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊
* သောတဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

သောတဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သောတဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ဃာနဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဃာနဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဃာနဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ဇိဝှါဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဇိဝှါဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဇိဝှါဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ကာယဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ကာယဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ကာယဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ရူပဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ရူပဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ရူပဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* သဒ္ဒဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

သဒ္ဒဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သဒ္ဒဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ဂန္ဓဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဂန္ဓဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဂန္ဓဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ရသဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ရသဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ရသဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊

* ဖောဋ္ဌဗ္ဗဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဖောဋ္ဌဗ္ဗဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဖောဋ္ဌဗ္ဗဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊

* သောတဝိညာဏဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သောတဝိညာဏဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သောတဝိညာဏဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊

* ဃာနဝိညာဏဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဃာနဝိညာဏဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဃာနဝိညာဏဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊

* ဇိဝှါဝိညာဏဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဇိဝှါဝိညာဏဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဇိဝှါဝိညာဏဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* ကာယဝိညာဏဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ကာယဝိညာဏဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ကာယဝိညာဏဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊

* မနောဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

မနောဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊

မနောဓာတု သံဃံ သရဏံ ဂစ္ဆာမိ။

* မနောဝိညာဏဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

မနောဝိညာဏဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မနောဝိညာဏဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဓာတု ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဓာတု ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဓမ္မဓာတု သံဃံ သရဏံ ဂစ္ဆာမိ၊ (ဓာတ် ၁၈-ပါး)

ရှိသေလေးစားထိုက်သော သရဏဂုံဖြစ်ပါသည်၊ ရွတ်ဖတ်သရဇ္ဈာယ်နေရင်းဖြင့် တစ်စထက်တစ်စ, တစ်ဆင့်ထက်တစ်ဆင့် ဝိပဿနာအသီးအပွင့်များ ခံစားရစေနိုင်ပေလိမ့်မည်၊ သရဏဂုံကျင့်စဉ်များတွင် အလွန်ပင် အထက်တန်းကျသော အဆင့်မြင့်သော မဟာသရဏဂုံတော်ကြီး ဖြစ်ပါသည်၊ နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်သင့်ပါသည်၊

သရဇ္ဈာယ်နေရင်းဖြင့် သမာဓိတရားများ ရရှိလာပေလိမ့်မည်၊ သရဇ္ဈာယ်ရင်းဖြင့် သမာဓိတရားများ ရင့်သထက်ရင့်, ကြီးထွားသထက် ကြီးထွားလာပေလိမ့်မည်၊ သရဇ္ဈာယ်နေရင်းဖြင့်ပင် သမာဓိတရားသည် ခိုင်မာသထက် ခိုင်မာလာမည်၊ ခိုင်ခန့်သထက် ပိုမိုခိုင်ခန့်လာပေလိမ့်မည်၊ သရဇ္ဈာယ်နေရင်းဖြင့်ပင် သမာဓိတရားများသည် ပိုမိုအားကောင်းလာကာ သမာဓိအကြည်ဓာတ်တရားသည် စိတ်တန်ခိုးသတ္တိနှင့် ယှဉ်တွဲလာပြီး ပိုမိုအားကောင်းလာခြင်း, ပိုမိုတည်ကြည်လာခြင်း, ပိုမိုတောက်ပလာခြင်း ရှိလာပေလိမ့်မည်၊

ရွတ်ဖတ်သရဇ္ဈာယ်မှုသည် ပိုမိုတိကျလာခြင်း, ပိုမိုမှန်ကန်

လာခြင်း, ပိုမို၍ အားကောင်းလာလေ ရရှိထားပြီးသော သမာဓိ အစွမ်းသည်လည်း ပိုမိုအားကောင်းလာခြင်း, ကြီးထွားလာခြင်း ဖြစ်ရာ စိတ္တုရဈာန်, သမထဈာန်, ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန် စသည်စသည်ဖြင့် သမာဓိတရား, ဈာန်တရား, စိတ်တန်ခိုးများ ပိုင်ဆိုင်ခွင့် ရရှိလာပေလိမ့်မည်။

ဣန္ဒြိယဉာဏ်, ဣန္ဒြိယအဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်, ပရစိတ္တဝိဇာနနဉာဏ်များ, မနောမယိဒ္ဓိဉာဏ်များ, ဒိဗ္ဗစက္ခုဉာဏ်များ, ဒိဗ္ဗစက္ခုအဘိညာဉ်များ စသည်စသည်ဖြင့် ဝိဇ္ဇာဉာဏ် ၆-ပါး၊ အဘိညာဉ် ၅-ပါး၊ သမာပတ် ၈-ပါးတို့ကို သရဇ္ဈာယ်ရင်း, ရွတ်ဆိုနေရင်းဖြင့်ပင် တစ်ထစ်ထက်တစ်ထစ်, တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်၍ ရရှိလာပေလိမ့်မည်။

စကားအလွန်နည်းပါစေ။ အကြောင်းမရှိဘဲ စကားမပြောရ။ သမ္မာဒေဝနတ်, သာသနာတော်စောင့်နတ်များထံ မိမိဆန္ဒရှိရာကို တောင်းခံလျှင် သမ္မာဒေဝနတ်, သာသနာ တော်စောင့်နတ်များက ပို့လာပေးခြင်း, ယူဆောင်ပေးခြင်း, ကူညီမစပေးခြင်း ရှိလာလိမ့်မည်။ သို့သော် လောဘရှေ့ထား၍ ရတိုင်း ခဏခဏ မတောင်းဆိုရပါ။ လောဘ, ဒေါသ ရှေ့ထားပြီး တောင်းနေပါက အကျင့်ပျက်စီးတတ်သည်။ ပညာပျက်စီးတတ်ပါသည်။

ရောင့်ရဲတင်းတိမ်တတ်သောစိတ်, သည်းခံခြင်း 'ခန္တီတရား', မေတ္တာတရားနှင့်အညီ ကျင့်သုံးဆောက်တည်ပါက နတ်ကောင်းနတ်မြတ်များ ချစ်ခင်လေးစား ကြည်ညို၍ အကူအညီများ, လမ်း

ညွှန်မှုများ, အတတ်ပညာရပ်များ ပေးအပ်လာကြလိမ့်မည်။ သရဏဂုံသုံးပါးနှင့်တကွ ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၉-ပါးသီလတော်မြတ်တို့ကို အထူးလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပါလေ။ သီလနှင့် သရဏဂုံတို့ကို မကျိုးမပျက်, မပေါက်မကျိုးအောင်, မပျက်စီးအောင် အထူးသတိထား စောင့်ထိန်းကြရပါမည်။

ရှေ့ဖြစ်မည့် ဘဝများကိုလည်းကောင်း၊ အတိတ်နောက်ဘဝများကိုလည်းကောင်း သိမြင်နိုင်၏။ သူတစ်ပါး၏ စိတ်အကြံအစည်တို့ကို ကြိုတင်၍သိမြင်နိုင်၏။ ရှေ့ဖြစ်မည့် အကြောင်းအရာများ, ကိစ္စများကို ကြိုတင်၍ သိရှိနိုင်၏။ အလို, လောဘ, ရမ္မက်နည်းပါစေ၊ မရှိပါစေနှင့်။

တောတောင်ထဲတွင် တစ်ဦးတည်း, တစ်ပါးတည်း ကျင့်ဆောင်အားထုတ်သော်လည်း အားငယ်စရာ, ကြောက်ရွံ့စရာမလို။ တောစောင့်နတ်များ, တောင်စောင့်နတ်, သစ်ပင်စောင့်နတ်များကို ဝိုင်းဝန်းစောင့်ရှောက်ကြကုန်၏။ ဘေးရန်အန္တရာယ်အပေါင်းတို့မှ ကင်းဝေးပြီးဖြစ်နေပါလိမ့်မည်။

ဤသရဏဂုံတော်ကြီး၌လည်း နေ့စဉ် ညစဉ် ၂၇-ခေါက် ရွတ်ဖတ် သရဇ္ဈာယ်လျှင် ဟီနအကျင့်ဟု မှတ်သားရာ၏။ နေ့စဉ် ညစဉ် ၅၄-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်လျှင် မဇ္ဈိမ အကျင့်ဟု မှတ်ကြရာ၏။ နေ့စဉ် ညစဉ် ၁၀၈-ခေါက် ရွတ်ဖတ်သရဇ္ဈာယ်လျှင် တိက္ခအကျင့်ဟု မှတ်ယူကြရာ၏။ နေ့စဉ်ဖြစ်စေ, ညစဉ်ဖြစ်စေ တစ်ထိုင်တည်းဖြင့်, ဣရိယာပုထ် တစ်ပါးတည်းဖြင့် အပြီးအစီး

၁၀၈-ခေါက်ရအောင် ကျင့်ဆောင်ပွားများ သရဏ္ဍာယ်ခြင်းကို ဥဂ္ဃါအကျင့်မြတ်ဟု မှတ်ပါလေ။

အထူးမှတ်ချက်။ ဟီနအကျင့်သည် ကုသိုလ်များကို ဖြစ်စေ၍ ဘဝပါရမီဖြစ်စေ၏။ မဇ္ဈိမအကျင့်သည် အန္တရာယ်ဘေးရန်ကင်းဝေးစေ၍ လိုအင်ဆန္ဒပြည့်ဝစေနိုင်၏။ တိက္ခအကျင့်သည် လောကီ၊ လောကုတ်ပညာရပ်, အတတ်ပညာများ ရရှိစေနိုင်၏။ ဥဂ္ဃါအကျင့်မြတ်သည် သမာဓိ, ဈာန်တရား, အဘိညာဉ်တန်ခိုး, မဂ်တရား, ဖိုလ်တရား, သမာပတ်တရားများကို ရရှိစေနိုင်၏။

ဤသရဏဂုံတော်ကြီးကို ပွားများအားထုတ်မည့် သူတော်ကောင်းများသည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလတော်မြတ်တို့ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပြီး အသက်သတ်လွတ် (ဝါ) အသက်ကင်း ဖြစ်သော အသီးအနှံ အရွက်အပွင့် ဆားဟင်းတို့ကိုသာ စားသုံးစေ၍ တောရကမ္မဋ္ဌာန်းကျောင်းတစ်ခုခုတွင်ဖြစ်စေ၊ တန်ခိုးကြီးမားတော်မူသော သမိုင်းဝင်ဖြစ်သည့် ဘုရားစေတီတော် ၉-ဆူတွင်ဖြစ်စေ၊ သစ်တစ်ပင်အောက်, ဝါးတစ်ရုံအောက်တွင်ဖြစ်စေ အဓိဋ္ဌာန်ပြု၍ ဤသရဏဂုံတော်ကြီးကိုပင် အသက်ထက်ဆုံး ရှိသေလေးစားစွာ ရွတ်ဖတ်သရဇ္ဈာယ်ပါက ဝိပဿနာဉာဏ်များ, ဝိပဿနာ အဘိညာဉ်များ, ဝိပဿနာသမာဓိများ, မဂ်ဉာဏ်များ, ဖိုလ်ဉာဏ်များ အဆင့်ဆင့် အောင်မြင်ပြီးစီးလိမ့်မည်ဟု မှတ်ရပါမည်။

အထူးမှတ်ချက်။ အတုလစိန္တာမယ မဟာသရဏဂုံတော်

ကြီးကိုလည်းကောင်း၊ အဋ္ဌမဟာဓာတုသရဏဂုံတော်ကြီးကို လည်းကောင်း၊ ထာဝရရေရှည် သရဏ္ဍာယ်ဖို့သာ လိုအပ်ပါသည်။ သမထလမ်းရော, ဝိပဿနာလမ်းရော, လောကီတရားရော, လောကုတ္တရာ တရားရော တဆက်တည်း အဆင့်ဆင့်တက်၍တက်၍ တရားတစ်ခုနှင့်တစ်ခု အကျိုးပြုကာ နိဗ္ဗာန်ရောက်သည့်တိုင် ပြီးစီးလိမ့်မည်ဟု သိမှတ်ကြရာ၏။

ထိုနည်းတူစွာပင် မဟိဒ္ဓိဝိပဿနာ သရဏဂုံတော်ကြီးကိုလည်းကောင်း၊ အတုလ ဝိပဿနာ သရဏဂုံတော်ကြီးကိုလည်းကောင်း ရိုသေလေးစားစွာ ရွတ်ဖတ်သရဏ္ဍာယ်မှုကို ပြုရပါမည်။ လမ်းကြောင်းပြောင်းစရာမလိုပါ။ ရာသက်ပန် ထာဝရအမြဲကြိုးစား၍ ရွတ်ဖတ်သရဏ္ဍာယ်အားထုတ်သွားရမည်ကို ဆိုလိုသည်။

ပထမပိုင်းတွင် လောကီသမာဓိ, လောကီပညာရပ်များ, လောကီအဘိညာဉ်များ, လောကီသမာပတ်များ ရရှိလာပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားရှင်အား မှီလိုက်ကုန်သော ဗုဒ္ဓတရားတော်မြတ်နှင့်သနာများကို နာကြားရပြီး သောတာပန်နတ်များ, သကဒါဂါမ်နတ်များ, အနာဂါမ်နတ်များ, သူတော်ကောင်းပုဂ္ဂိုလ်များ, အရိယာပုဂ္ဂိုလ်များ, အရိယာနတ်များက ကူညီစောင့်ရှောက်ခြင်း, နည်းလမ်းပြသခြင်း, သွန်သင်ဆုံးမခြင်းတို့ကြောင့် အထက်အထက်သော အကျင့်ပဋိပတ်လမ်းကို သိမြင်ကြပြီး ကျင့်ကြံပွားများခြင်းဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်အထိ ခရီးပေါက်အောင်မြင်နိုင်ကြောင်း သိရှိကြပါလေ။

ဗုဒ္ဓသာသနာ နေလိုလလို ထွန်းတောက်နေသောအခါ သမယတွင် သမထ သမာဓိလမ်းကို အဆင့်မြင့်မြင့် ပြီးစီးထားပြီး ပါက ဝိပဿနာအကျင့်လမ်းပေါ် ရောက်သည်နှင့် လျင်မြန်စွာပင် မဂ်ဖိုလ်ကို ရရှိနိုင်ကြောင်း မှတ်ကြပါလေ။

၁၃။ အရိယာသရဏဂုံတော်

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
  သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ၊
  နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
- အနတ္တံ ဗလဝံ ဗုဒ္ဓံ၊
  အနတ္တံ ဂေါစရ ဓမ္မံ၊
  အနတ္တံ အရိယာ သံဃံ၊
  အနတ္တံ ဗောဓိမုတ္တမံ၊

ဤသရဏဂုံတော်ကို နေ့စဉ် ၁၀၈-ခေါက် မှန်မှန် ရွတ်ဖတ် သရဏ္ဍာယ်ပေးခြင်းဖြင့် အာယုဝဏ္ဏ သုခ ဖြစ်စေနိုင်၏၊ အန္တရာယ် မှန်သမျှ ကင်းဝေးရ၏။ သူတစ်ပါး မကောင်းကြံစည်၍ မရနိုင်၊ မဖြစ်နိုင်။ ကြံစည်သမျှ ပြီးစီးရ၏။ အမှုကိစ္စ တရားရင်ဆိုင်မှု

မှန်သမျှ အနိုင်ရ၏၊ သူတစ်ပါး ပြုစားခြင်း, နှောင့်ယှက်ခြင်းမှ ကင်းဝေးရ၏၊ ပုတီးစိပ်လိုလျှင် အစအဆုံးရွတ်၍ ဆုံးမှ ပုတီး တစ်လုံးချစိပ်ရပါမည်၊ နေ့စဉ် ပုတီး ၁၀-ပတ်ရအောင် (ဝါ) ၁၀၀၀-ပြည့်အောင် ပုတီးစိပ်ခြင်း, ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုသင့်လှပါသည်၊ ယုံကြည်လေးစားစွာ ရိုသေစွာ ရွတ်ဖတ် သရဇ္ဈာယ်ကြပါစေကုန်သတည်း။

ဤ၌တွင် မြတ်သရဏဂုံအဖွင့်ကျမ်းကို နိဂုံးချုပ်အပ်ပြီ ဖြစ်၍ သတ္တဝါအများ ရေလိုအေး၍ ပန်းလိုလန်းဆန်းကြပါစေဟု နိဂုံးချုပ် မေတ္တာဖြင့် ဤ၌တွင် နိဋ္ဌိတံဟု သိရှိကြပါစေသတည်း။

၁၄။ ရှေးဆရာတော်ကြီးများ၏ ဩဝါဒ သရဏဂုံအကျိုး ၁၀-ပါး

၁။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် စသော အပါယ် လေးပါးသို့ မရောက်ရှိခြင်း။

၂။ တန်ခိုးဂုဏ်, အာဏာဂုဏ်, သီလဂုဏ်, သမာဓိဂုဏ် ထင် ပေါ်ကျော်ကြားခြင်း။

၃။ စဉ်းစားဉာဏ်, ဝေဖန်တတ်သောဉာဏ်, ထက်မြက်သော ဉာဏ်, လျှင်မြန်သောဉာဏ်, အမှန်ကို တွေးခေါ်တတ်သော ဉာဏ်, ဆင်ခြင်တတ်သောဉာဏ်, မှတ်ဉာဏ်များ အထူးတိုး တက် ထက်မြက်ခြင်း။

၄။ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အိမ်မြေတိုက်တာ စီးပွားဥစ္စာများ တိုးတက်ကြီးပွားရခြင်း။

၅။ အဆင်းအင်္ဂါ လုပတင့်တယ်၍ နတ်သားတမျှ၊ နတ်သမီးတမျှ လုပတင့်တယ် ရှုစဖွယ်ဖြစ်ခြင်း။

၆။ ဘေးမှန်သမျှ၊ ရန်မှန်သမျှ၊ အန္တရာယ်မှန်သမျှ၊ ပြဿနာတစ်မှုန်မျှပင် မကျရောက်နိုင်ခြင်း။

၇။ လူ့လောက၊ နတ်လောကများတွင် ထင်ပေါ်ကျော်ကြားခြင်း၊ ဂုဏ်သတင်း ကျော်စောစေခြင်း။

၈။ အပေါင်းအသင်း မိတ်ဆွေသဂ်ဟများ၊ မိတ်ဆွေကောင်းများ အခြံအရံပေါများ စေခြင်း။

၉။ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ သုံးပါးသော ချမ်းသာတို့နှင့် ပြည့်စုံရခြင်း။

၁၀။ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များ၊ တောတောင်သစ်ပင်စောင့်နတ်များ၊ ကူညီမစခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ စောင့်ရှောက်အားပေး ကူညီကြခြင်း။

ထို့ကြောင့်ပင်လျှင် -

(က) အပါယ်မရောက်၊ ထွန်းတောက်တေဇာ၊
ပညာဉာဏ်ထက်၊ နတ်များဖက်လာ၊
များစွာစည်းစိမ်၊ ဂုဏ်ရှိန်ရွှေရုပ်၊
မလှုပ်မယုက်၊ မဖျက်ရန်သူ၊
တလူကျော်ကြား၊ ခြံရံများ၍၊
သုံးပါးချမ်းသာ၊ ပေးစွမ်းရာသည်၊
ကျမ်းလာသရဏဂုံ အကျိုးတည်း။

(ခ) သရဏဂုံသုံးပါး မြတ်တရား
ပွားများနိုင်မှ လိုတရ၏။
စိတ်ထားမှန်ကန် သဒ္ဓါသန်မှ
စိတ်ကြံသမျှ လိုတရ၏။
ခွင့်လွှတ်သည်းခံ အကျင့်မှန်မှ
ဣဋ္ဌာသယ လိုတရ၏။

၁၀။ အစွမ်းထက်မြက်သော ပုတီးစိပ်နည်းများ

ပုတီးစိပ်နည်းများ ယခုခေတ်တွင် မှိုလိုပေါက်၍ မှိုလိုပေါ်များနေကြပါသည်။ နည်းအမျိုးမျိုးကို စာအုပ်အမျိုးမျိုး၊ မဂ္ဂဇင်းအမျိုးမျိုး၊ စာစောင်အမျိုးမျိုးတွင် နည်းပေါင်းများစွာ ဖော်ပြလျက်ရှိသည်ဖြစ်သော်လည်း အချို့ပုတီးစိပ်နည်းသည် ရှေ့နောက်ညီညွတ်ပြီး အချို့ပုတီးစိပ်နည်းသည် ရှေ့နောက်မညီညွတ်ပါ။ အချို့ပုတီးစိပ်နည်းများသည် ရှေးရှေးသော ဆရာ့ ဆရာကြီးများ၏ ပုတီးစိပ်နည်းများနှင့် အလွန်ကွဲလွဲနေမှုများလည်း ရှိခဲ့ကြပါသည်။

ထို့ကြောင့် ယခုခေတ်နှင့် အမှီလိုက်နေသော ပုတီးစိပ်မျိုးမဟုတ်ပါ။ ခေတ်ရှေ့ပြေးနေသော ပုတီးစိပ်နည်းလည်း မဟုတ်ပါ။ ပုတီးစိပ်နည်းဖြစ်လျှင် ပြီးရော၊ စာအုပ်ရောင်းကောင်းဖို့ အရေးကြီးတယ်ဆိုသည့် ပုတီးစိပ်နည်းမျိုးလည်း မဟုတ်ပါ။

ပုတီးစိပ်နည်းဆိုသည်မှာ ခေတ်မီတာ၊ ခေတ်စားတာ၊ ရေပန်းစားတာ၊ လူကြိုက်များတာ၊ စာအုပ်ရောင်းကောင်းတာ၊

ရှုံးတာမြတ်တာနှင့် မသက်ဆိုင်ပါ။ မပတ်သက်ပါ။ သဘာဝတရားနှင့် မကိုက်ညီသော ပုတီးစိပ်နည်းများ, အစွမ်းသတ္တိ မရှိသော ပုတီးစိပ်နည်းများ, သူတော်ကောင်းလမ်းစဉ်နှင့် မကိုက်ညီသော ပုတီးစိပ်နည်းများ, ရှေးအရိယာ သူတော်ကောင်းများ၏ အားထုတ်မှုနှင့် မကိုက်ညီသော ပုတီးစိပ်နည်းများ, လောဘ ဒေါသ မောဟ တရား ရှေ့ဆောင်၍ လိုချင်တပ်မက်သော အာသာဆန္ဒကို ဘန်းပြပြီး ကိုယ့်စိတ်ကူးနှင့်ကိုယ် ပုံဖော်ထားသော ပုတီးစိပ်နည်း မဖြစ်စေရဘဲ, မဟုတ်စေရဘဲ ရှေးရှေးသော သူတော်ကောင်းကြီးများ, အရိယာပုဂ္ဂိုလ်များ၏ ကုသိုလ်တရား ပွားများရာ အောင်မြင်မှု, ပြီးစီးမှု, ပြည့်စုံမှုတို့ကို အပြည့်အဝ ပေးစွမ်းနိုင်သော ပုတီးစိပ်နည်းများကိုသာ ဖော်ပြရေးသားသွားမည် ဖြစ်ပါကြောင်း ပဏာမ အစီရင်ခံတင်ပြထားပါသည်။

ပုတီးစိပ်နည်းတစ်ခုသည် -

၁။ ဘုရားဟော, ဘုရားလမ်းစဉ်နှင့် ကိုက်ညီရပါမည်။

၂။ ထူးထူးခြားခြား ဖြစ်စေရပါမည်။

၃။ အောင်မြင်မှုများ ဝေဝေဆာဆာ ခံစားစေရမည်။

၄။ ပြီးစီးမှုများ အပြည့်အဝ ရရှိစေရမည်။

၅။ တိုးတက်မှု ပြည့်စုံမှု အပြည့်အဝ ရှိစေရမည်။

၆။ နတ်ကောင်းနတ်မြတ်များ အသိအမှတ်ပြုစေရမည်။

၇။ သူတော်ကောင်း အရိယာတို့ အသိအမှတ် ပြုစေရမည်။

၈။ တန်ခိုးဂုဏ်, သိဒ္ဓိဂုဏ်, ကုသိုလ်ဂုဏ်နှင့် ပြည့်စုံစေရမည်။

၉။ ထင်ထင်ရှားရှား သိသိသာသာ အကျိုးပေးစေရပါမည်။

ဤအချက် ၉-ချက် ဖြစ်မလာခဲ့လျှင်, ဤအချက် ၉-ချက်နှင့် မကိုက်ညီခဲ့ပါလျှင်, ဤအချက် ၉-ချက်များအနက် တစ်ချက်မျှ ဖြစ်မလာခဲ့လျှင် ဤပုတီးစိပ်နည်းသည် အကျိုးမရှိသော, ဘာမျှ ဖြစ်လာမှာမဟုတ်သော, ဘာမျှအောင်မြင်မှု ရမှာမဟုတ်သော ပုတီးစိပ်နည်းဟု မှတ်ရပါမည်။

ထို့ကြောင့် ပုတီးစိပ်နည်းတစ်ခုသည် -

၁။ ဘုရားဟောလမ်းစဉ်နှင့် မကိုက်ညီ, သွေဖီခြင်း၊

၂။ ထူးခြားမှု မရှိခြင်း၊

၃။ အောင်မြင်မှု မရှိခြင်း, မခံစားရခြင်း၊

၄။ ဘာမှ ဖြစ်မလာခဲ့ခြင်း၊ ပြီးစီးမှု မတွေ့မမြင်ရခြင်း၊

၅။ တိုးတက်မှု မပြ, မရှိ ပြည့်စုံမှုလည်း ဖြစ်မလာ၊

၆။ နတ်ကောင်းနတ်မြတ်များ အသိအမှတ်မပြုခြင်း၊ နတ်မသိခြင်း၊

၇။ အရိယာသူတော်ကောင်းတို့ အသိအမှတ်မပြုခြင်း၊ မသိကြခြင်း၊

၈။ တန်ခိုးဂုဏ်, သိဒ္ဓိဂုဏ်, ကုသိုလ်ဂုဏ် မရှိခြင်း၊ မပြသခြင်း၊

၉။ နဂိုမူလအတိုင်းပင် ထူးခြားချက်မရှိ ထူးထူးခြားခြား မပြသ။

ဤအချက် ၉-ချက်နှင့် ညီညွတ်နေသော ပုတီးစိပ်နည်းများကို မဆောင်ရွက်သင့်၊ ပုတီးမစိပ်သင့်၊ အားမထုတ်သင့်ကြောင်း အထူးသတိပြုကြပါလေ။

အထူးသတိပြုရန်မှာ အကြင်လူသားသည်, အကြင်ပုဂ္ဂိုလ်သည် ကောင်းသောအလုပ်, ကောင်းသောကိစ္စ, ကောင်းသောအကြောင်းအရာများကို ဆောင်ရွက်လုပ်ကိုင်သည်ဖြစ်စေ၊ မကောင်းသောအလုပ်, မကောင်းသောကိစ္စ, မကောင်းသောအကြောင်းအရာများကို ဆောင်ရွက်လုပ်ကိုင်သည်ဖြစ်စေ ထိုသို့လုပ်ကိုင်ဆောင်ရွက်ကြသည်တို့ကို-

၁။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သိမြင်သည်သာ ဖြစ်၏။

၂။ ရဟန္တာအရှင်မြတ်တို့သည် သိကြ, မြင်ကြသည်သာ ဖြစ်၏။

၃။ အရိယာသူတော်ကောင်းတို့သည် သိကြ, မြင်ကြသည်သာ ဖြစ်၏။

၄။ သမထပညာရှင်, ဝိပဿနာပညာရှင်, အသိပညာရှင်များ သိကြ, မြင်ကြသည်သာ ဖြစ်၏။

၅။ ဤကမ္ဘာပေါ်တွင် ရှိကြကုန်သော နတ်ကောင်းနတ်မြတ်တို့ သိကြ, မြင်ကြသည်သာ ဖြစ်ကုန်၏။

၆။ ယထာဘူတ, ယထာသဘာဝ တရားတ သိကြ, မြင်ကြသည်သာ ဖြစ်ကုန်၏။

၇။ ဤကမ္ဘာ, ဤမြေကြီး, ဤတောတောင်တို့ သိကြ, မြင်ကြသည်သာ ဖြစ်ကုန်၏။

၈။ ဤသစ်ပင်, ရေ, သမုဒ္ဒရာ, ပင်လယ်တို့ သိကြ, မြင်ကြသည်သာ ဖြစ်ကုန်၏။

၉။ ကိုယ်စောင့်နတ်များ, အိမ်, ခြံစောင့်နတ်များ, ဥယျာဉ်, ခြံ,

ယာ, လယ် တို့ကို စောင့်ရှောက်ကုန်သော နတ်ကောင်း နတ်မြတ်တို့သည် သိကြ, မြင်ကြကုန်သည်သာ ဖြစ်ကုန်၏။

ထို့ကြောင့် "ဤလောကကြီးသည် ဆိတ်ကွယ်ရာမရှိ" ဟု မှတ်ယူသင့်၏။ ဤကမ္ဘာ, ဤလောကကြီးသည် မသိမမြင်လိုက်ပါဟု မရှိနိုင်။ အားလုံးကို သဘာဝတရား, သဘာဝပေတံ, လောကဓံပေတံ, လောကဓံဒိဂရီနှင့် သိမြင်အောင် တိုင်းတာနိုင်ကြသည်သာတည်း။

ထို့ကြောင့် ကောင်းတာလုပ်တာမှန်သမျှ ကောင်းမြတ်သော ကုသိုလ်တရားများက စောင့်ရှောက်ကူညီကြသည်သာဖြစ်မြဲတည်း။ မကောင်းတာ လုပ်တာမှန်သမျှ မကောင်းသောအကုသိုလ်သည် ယခုဘဝတွင်ပင် လောကဓံနှင့် ရင်ဆိုင်ရစေပြီး လာမည့်ဘဝများ စွာတွင် အပါယ်ငရဲသို့ ကျရောက်စေ၏ဟု မှတ်ရပါမည်။

- အများကို ပြောဆိုပြနေတာ ဝိပဿနာ
  အမှန်တကယ် ဖြစ်နေတာက သမထ။
- အများကို ပြောဆိုပြနေတာ သမထ
  အမှန်တကယ် ဖြစ်နေတာက ဝိပဿနာ။
- အများကို ပြောဆိုပြနေတာ ဝိပဿနာ
  အမှန်တကယ် မိမိမှာ ဘာမှမဖြစ်သေး, မရသေးတာ။
- အများကို ပြောဆိုပြနေတာ သမထ
  အမှန်တကယ် မိမိမှာ ဘာမှမဖြစ်သေး, မရသေးတာ။
- စာပေကျမ်းဂန်များ ကျက်မှတ်ထားပြီး တရားသဘောများ,

သမထဝိပဿနာတရားများ ဟောပြောပြသနေပေမယ့် မိမိကိုယ်တိုင်ကလည်း သမထတရားများကို ကျင့်ဆောင်အားထုတ်ခဲ့ဖူးခြင်း, ဝိပဿနာတရားတွင်လည်း အောက်ထစ်ဆုံး ရုပ်နာမ် ကွဲပြားသည့်အဆင့် နာမရူပ ပရိစ္ဆေဒဉာဏ်အထိတော့ အားထုတ်ဖူးခြင်း, ရရှိခဲ့ဖူးခြင်း, ထို့ထက်လွန်ကဲ၍ တစ်မဂ်တစ်ဖိုလ်အထိ အားထုတ်နေဆဲဖြစ်ခဲ့လျှင် ကောင်းမြတ်သော မွန်မြတ်သော သူတော်ကောင်း, သူတော်စင်, အရိယာနတ်သားအလား အားထုတ်သင့်, အားထုတ်ထိုက်သည်တို့ကို မမေ့မလျော့ဘဲ သတိဦးစီးစေ၍ ဆောင်ရွက်သင့်၏။

● ကိုယ်ကိုယ်တိုင်က စာအသိပဲရှိခဲ့ပြီး အမှန်စင်စစ် သမထတရား, သမာဓိရရာရကြောင်း တရားတို့ကို အားမထုတ်ခဲ့ဖူးခြင်း၊ ဝိပဿနာတရားကိုလည်း စာအသိသာသိ၍ လက်တွေ့ကျကျ အားမထုတ်ခဲ့ဖူးပါက တရားပြသည့်အခါ အလွန်အခက်အခဲများစွာနှင့် ရင်ဆိုင်ရဖွယ် ရှိတတ်ပါသည်။

ထို့ကြောင့် မိမိကိုယ်တိုင်ကလည်း ပြည့်စုံအောင် အထပ်ထပ်ကျင့်ဆောင်အားထုတ်ထားပြီး တကယ်တန်း ဝိပဿနာဉာဏ်စဉ်လမ်းမကြီးကို အထပ်ထပ်အခါခါ လျှောက်ခဲ့ဖူးပါက တရားပြသသည့်အခါ လိမ်၍မရ၊ ညာ၍မဖြစ်၊ ဖြီး၍မလွယ်၊ တရားစစ်ဆေးရာတွင် မှန်ကန်သော သဘောတရားကို မပင်မပန်းဘဲ အောင်မြင်ပေလိမ့်မည်။

ယခုခေတ်ကာလ ခေတ်တွေမှီလာကြပြီး ခေတ်သစ်, စံနစ်

သစ်နှင့်အညီ အလိမ်အညာ အလှည့်အပတ်များလည်း ပေါ်များလာသည့်အလျောက် ထေရဝါဒ ဗုဒ္ဓသာသနာ တော်ကြီးသည်လည်း နေတစ်ဆူ လတစ်ပါး အလွန်တောက်ပသာယာနေချိန် ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ဌာနသည်လည်း များစွာ ပေါ်များလာနေသည်နှင့် အမှု အမှန်တကယ် တရားအားထုတ်ချင်၍ မဟုတ်နိုင်ဘဲ (ဝါ) ဝိပဿနာအလုပ်ကို စိတ်မပါဘဲ ဝါသနာမပါဘဲလျက် ဇနီးမယားတ လက်မခံတော့၍ နေစရာမရှိ ကမ္မဋ္ဌာန်းရိပ်သာကို ရောက်လာတာမျိုး, သားသမီးများက လက်မခံတော့၍ နေစရာမဖြင် ကမ္မဋ္ဌာန်းရိပ်သာသို့ ရောက်လာတာမျိုး, စားရေးသောက်ရေး နေရေးခက်၍ ကမ္မဋ္ဌာန်းရိပ်သာမှာ သွားနေရင်း အစားအသောက် ချောင်လိမ့်မည်ဟု မှတ်ထင်ပြီး စိမ်ကိန်းနှင့် ရောက်ရှိလာတာမျိုး များကို အထူးသတိထား စောင့်ကြည့်လေ့လာသင့်ပါသည်။

တစ်ချိန်က ကျွန်ုပ်စာရေးသူသည် ပဌမကျော်ဇုံ ရှင်ရွှေဥမင် တောရကမ္မဋ္ဌာန်းဌာနတွင် ပညာနို့ရည် သောက်စို့ရန် ရောက်ရှိနေခိုက် မှတ်မိပါသေးသည်။ နှစ်အားဖြင့် ၁၉၇၅- ခုနှစ်လောက်တွင် ဖြစ်ပေလိမ့်မည်။ ဆန်ဈေးနှုန်း ကြီးမားမြင့်တက်နေသည့်အချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်သည် ပုပ္ပါးတောင်စခန်းတွင် တရားအားထုတ်ရန် ရောက်ရှိနေခိုက် စခန်းအာဏာပိုင်ဆရာတော်များထံ သတင်းပို့ရပါသည်။ ပြည်က တရားအားထုတ်ရန် ကိုယ်တော်တစ်ပါး ရောက်ရှိလာကြောင်းပေါ့။ မကြာခင်ပင် စခန်းပိုင် ဆရာတော်ကြီးက ခေါ်၍

ကျွန်ုပ် သွားရောက်ဖူးတွေ့ပါသည်။ ရှိခိုးဦးချပြီးနောက် မရှေးမနှောင်းပင် ဆရာတော်ကြီးက "ငါ့ကမ္မဋ္ဌာန်းရိပ်သာက ဒီနှစ်တော့ တရားအားထုတ်မည့်သူတွေ တော်တော်များလာတယ်။ အခု ကိုယ်တော်လေး မင်းလာတာ အရန်သင့် စားသောက်ခွင့်ရတဲ့ ငါ့ကျောင်းကို လာ တရားအားထုတ်တာတော့ မဟုတ်တန်ကောင်းပါရဲ့" ဟု ပြောဆိုပါသည်။

ဤတွင် အကျွန်ုပ်သည် အနည်းငယ် ရှက်သွားပြီး "ဟာ ဆရာတော် တပည့်တော် ဒီအမျိုးအစား မဟုတ်ရပါဘုရား။ တကယ် တရားအလုပ် လုပ်ချင်၍ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားခဲ့ပါသည်။

သို့နှင့် ပုပ္ပါးတောင်စခမ်းတွင် ၁၈-ရက်ခန့် တရားအလုပ်လုပ်ပြီးနောက် ပြည်မြို့ ပဋ္ဌမဆရာတော်ထံ ပြန်ရောက်လာရာ ကျောင်းဝင်း ကမ္မဋ္ဌာန်းကျောင်းများတွင် တရားအားထုတ်မည်ဟု ရောက်ရှိနေသူ အတော်များပြားလှပါသည်။ ရောက်ရောက်ခြင်း ဆရာတော်ကြီးကို သွားဦးချတော့ ဆရာတော်ကြီးကလည်း ဤအတိုင်းပင် အမိန့်ရှိပါသည်။ "မင်း ရောက်လာမှကိုး။ ပုပ္ပါးတောင်စခမ်းမှာ တရားအလုပ်လုပ်တာ အဆင်ပြေရဲ့လား" ဟု မေးပါသည်။ ကျွန်ုပ်ကလည်း "မှန်ပါ့ဘုရား အဆင်ပြေပါသည်ဘုရား" ဟု လျှောက်ထားလိုက်ပါသည်။ ပြီးတော့မှ ဆရာတော်ကြီးက "ငါ့ကျောင်းလည်း ဒီနှစ် တရားအားထုတ်တဲ့ လူတွေ များလာတယ်ကွ။ တကယ်ပဲ အားထုတ်ဖို့ ရောက်လာတာလား။ ဒါမှမဟုတ်

စားရမဲ့ သောက်ရမဲ့ အခက်အခဲရှိလို့ တရားအားထုတ်တာကို အကြောင်းပြပြီး တရားအားမထုတ်ဘဲ စားသောက်ရအောင် လာတာလားဆိုတာ ငါစောင့်ကြည့် အကဲခတ်နေရတယ်" ဟု အမိန့်ရှိဖူးပါသည်။

ထို့ကြောင့် ဆိုလိုရင်းအဓိပ္ပါယ်၏ အဓိကအချက်မှာ တကယ်တန်း တရားတော်မြတ်ကို ယုံကြည်၍, တရားတော်ကို လိုချင်၍ အမှန်တရား အားထုတ်ကြပါလျှင် တရားက ပြန်ပြီး စောင့်ရှောက်ခြင်း, တရားက ကျွေးမွေးခြင်း ဖြစ်ပေလိမ့်မည်။ လူ သာဓုခေါ်, နတ်သာဓုခေါ်, အရိယာသူတော်ကောင်းတို့ သာဓုခေါ် နိုင်ပါစေ။ တရားကို ချစ်ခင်မြတ်နိုး၍ တရားအားထုတ်ပါက မိမိ အား တရားတော်က ကျွေးမွေးစောင့်ရှောက်ပါသည်။ ဘယ်နေရာ မှာ အားထုတ်အားထုတ်, ဘယ်မြို့, ဘယ်ရွာ, ဘယ်စခန်းမှာပဲ အားထုတ်သည်ဖြစ်စေ တရားတော်က စောင့်ရှောက်ခြင်း, ကျွေး မွေးခြင်း, အားပေးခြင်း, ကူညီဖေးမခြင်း ရှိပေလိမ့်မည်။ မိမိလည်း တရားရ၊ တရားပြသော ဆရာလည်း ကုသိုလ်အများဆုံးရ၊ ဘဝ နှင့်လောကကြီးကလည်း သာဓုခေါ်, နတ်ကောင်းနတ်မြတ်များ ကလည်း ကောင်းချီးပေးမှာ အမှန်ပင်။

သို့မဟုတ်ပါက မသမာသော အကြံအစည်ဖြင့် တရားအား ထုတ်ချင်ယောင်ဆောင်၍ တရားအားထုတ်မည်ဆိုပါက မကောင်း သော အကြံအစည်ဖြစ်၍ မိမိလည်း တရားမရ၊ တရားပြ ဆရာလည်း ပင်ပန်းတာသာ အဖတ်တင်၍ ဘာမှထူးမလာ။

လူနတ်တို့လည်း ကောင်းချီးမပေးနိုင်လျှင် အမှန်တကယ် တရားလိုလား၍ အားထုတ်နေသော ပုဂ္ဂိုလ်များ၊ ယောဂီများအား အနှောင့်အယှက်ပေးနေသလို ဖြစ်တတ်ပါသည်။ အထူးသတိပြုပါ။

ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်နေခိုက် တစ်မဂ်တစ်ဖိုလ်ရရန်အတွက် တရားပြသော ကမ္မဋ္ဌာန်းတိုက်များ၊ ရိပ်သာများများစွာလိုအပ်ပါသည်။ ယခုလည်း တရားပြရိပ်သာများ နေရာတိုင်းလိုလို ရှိလာခြင်းသည် သာသနာတော်အတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါသည်။ မိမိက တရားပြသ၍ တရားအားထုတ်သောပုဂ္ဂိုလ်သည် တစ်မဂ်တစ်ဖိုလ် ကို ရလိုက်သည်ပင်လျှင် အတိုင်းမသိအနန္တကုသိုလ်မျိုးကို ရရှိလိုက်သလိုပင် အလွန် အားရဝမ်းသာစရာများ ဖြစ်ပေတော့သတည်း။

တရားဆိုလျှင် တကယ့်ကို ဝိပဿနာတရားကို လိုချင်လွန်း၍ အမှန်တကယ် တရားအားထုတ်ချင်သော တရားကို ပေါက်မြောက်အောင် အမှန်ကျင့်ကြံအားထုတ်လိုသော ယောဂီများ၊ ပုဂ္ဂိုလ်များသာ အထူးလိုအပ်ပါကြောင်း၊ သို့မှသာ တရားတော်ကို အမှန်တကယ် ကြိုးစားအားထုတ်ကြမှာ ဖြစ်ပါသည်။ ထိုသို့ ကြိုးစားအားထုတ်ပါမှလည်း ဝိပဿနာ ဉာဏ်စခမ်းနှင့်တကွ တစ်မဂ်တစ်ဖိုလ်ကို ကေန်အမှန် ပိုင်ပိုင်နိုင်နိုင် ခံစားရရှိကြမှာ ဖြစ်ပါတော့၏။

၁။ ဂုဏ်တော် - ၈၄၀၀၀ ပုတီးစိပ်နည်း

တစ်နည်းဆိုရလျှင် အရဟံဂုဏ်တော် ၈၄၀၀၀ ပုတီးစိပ်နည်းဟု ဆိုနိုင်ပါသည်။ ရှေးရှေးက ပညာလိုလားတောင့်တတော်မူသည့် သမထပညာရှင်ကြီးများ, အရညဝါသီ တောမှီသည့် ဆရာတော်ကြီးများ ကျင့်ဆောင်ပွားများအားထုတ်တော်မူခဲ့သော နည်းပင် ဖြစ်ပါသည်။ ဤအရဟံဂုဏ်တော်-၈၄၀၀၀ ပုတီးစိပ်နည်းဖြင့် လိုအင်ဆန္ဒ ပြည့်ဝကြရပြီး ပညာအမျိုးမျိုး, သိဒ္ဓိအမျိုးမျိုး, တန်ခိုးအမျိုးမျိုး, အောင်မြင်မှုအမျိုးမျိုး ရရှိသွားကြသည့် ဆရာဆရာတော်များ မြောက်မြားစွာ ရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ဤ ၈၄၀၀၀ ကျင့်ဆောင်သော နည်းများကိုလည်း ရှေးရှေးသော ဆရာတော်ကြီးများ လျှို့ဝှက်စွာ သိမ်းဆည်း၍ စောင့်ရှောက်ခဲ့ ထိန်းသိမ်းခဲ့ပါသည်။ ဤ ၈၄၀၀၀ ပုတီးစိပ်နည်းသည် "တကယ်လုပ်လျှင် တကယ်အောင်မြင်သည်။ တကယ်လုပ်လျှင် တကယ်ပြီးစီးနိုင်သည်"ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိ၏ ခန္ဓာကိုယ်သည် အတိတ်ဘဝက ပြုခဲ့ဖူးသော ကံပါရမီ မည်မျှရှိသည်, မည်မျှ နီးစပ်သည်ကို သိရှိလိုပါလျှင် ဤအရဟံ ဂုဏ်တော်-၈၄၀၀၀ ပုတီးစိပ်နည်းဖြင့် ဆုံးဖြတ်ချက်, မှတ်ချက်ချနိုင်ပါသည်။

၂။ အရဟံဂုဏ်တော် ၈၄၀၀၀ ၏ အနက်အဓိပ္ပါယ်အဖွင့်

ဤကမ္ဘာကြီးတွင် အရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်း, တောင်ကျွန်းဟူ၍ ကျွန်းကြီး ၄-ကျွန်း ရှိနေပါသည်။

ထိုကျွန်းကြီး ၄-ကျွန်း၏ အလယ်ဗဟိုရ်သည် ကမ္ဘာ့အမိုးဟု ခေါ်သော ဟိမဝန္တာတောင်တန်းနှင့်တကွ တောင်ပေါင်း-၈၄၀၀၀ ရှိ၍ ထို-၈၄၀၀၀ သော တောင်ထွဋ်များကို ရည်ရွယ်သတ်မှတ်၍ အရဟံဂုဏ်တော်ကို ၈၄၀၀၀-ပြည့်အောင် ရွတ်စိပ် စိပ်ရမည်ဟု မှတ်ပါ။

၄င်းနောက် ဤကမ္ဘာ့အမိုးဖြစ်သော ဟိမဝန္တာတောင်ပေါင်း ၈၄၀၀၀ ၏ အထက်တွင် မြင့်မိုရ်တောင်ရှိ၏။ ထိုမြင့်မိုရ်တောင်ကြီး၏ တောင်ထိပ်တွင် သိကြားမင်းစံရာ တာဝတိံသာ နတ်ဘုံနတ်နန်း တည်ရှိနေပြီး မြင့်မိုရ်တောင်၏ တဝက်တွင် စာတုမဟာရာဇ်တို့၏ နတ်ဘုံနတ်နန်းတည်ရှိသည်ဟု များစွာသော ဗုဒ္ဓကျမ်းဂန်များမှာ ပြဆိုထားပါသည်။ ထို့ကြောင့် မြင့်မိုရ်တောင်ကြီးသည် ယူဇနာ-၈၄၀၀၀ မြင့်သည်ဟု ကျမ်းဂန်များတွင် ရှိထားပါသည်။ ထိုမြင့်မိုရ်တောင်၏ အမြင့် ၈၄၀၀၀ ကို ရည်ရွယ်၍ အရဟံဂုဏ်တော်ကို ၈၄၀၀၀ ထိအောင် ပွားများအားထုတ်ခြင်း ဖြစ်ပါသည်။

မြင့်မိုရ်တောင်သည် ယူဇနာ ၈၄၀၀၀-မြင့်သည်ဟု ဆိုရာ၌ ပင်လယ်ရေမျက်နှာပြင်အထက်ကို ၈၄၀၀၀-မြင့်တက်၍ ပင်လယ်ရေပြင်အောက်ခြေအထိတွင် ၈၄၀၀၀-ပင် အနက်ရှိ၏။ ထို့ကြောင့် မြင့်မိုရ်တောင်သည် ယူဇနာ ၈၄၀၀၀-ထောင်နှစ်ပြန် ဆောင်သည်ဟု ဆိုကြကုန်၏။

ဤ ၈၄၀၀၀-သည် အမြင့်ယူဇနာကိုလည်းကောင်း၊ အောက်ခြေယူဇနာကိုလည်းကောင်း ရည်ရွယ်၍ အရဟံဂုဏ်တော်

ကို ဂုဏ်တော်ပေါင်း-၈၄၀၀၀ ပြည့်အောင် နေ့စဉ် ပုတီးစိပ်ရသည်ကို ဆိုလိုရင်း ဖြစ်ပါသည်။

၃။ ၈၄၀၀၀-ပုတီးစိပ်ပုံ စိပ်နည်း၊

ကြိုတင်ပြင်ဆင်ခြင်းကိစ္စ

အရဟံဂုဏ်တော်ကို ၈၄၀၀၀-ပြည့်အောင် ပုတီးစိပ်မည့် ပုဂ္ဂိုလ်များသည် ၈၄၀၀၀- ပြည့်မီအောင် ဂုဏ်တော်ကို မှတ်သားရမည်ဖြစ်၍ မှတ်ထားရမည့် ကိရိယာတစ်ခုခုဖြစ်စေ၊ တခြားမှတ်သားစရာ အမှတ်အသား သင်္ကေတတစ်ခုခုနှင့်ဖြစ်စေ မှတ်ရပါမည်။

ဥပမာ ပြပါဦးအံ့၊

အရဟံဂုဏ်တော်-၁၀၀ ပြည့်လျှင် သင်္ကေတအမှတ်အသားတစ်ခုခုနှင့် မှတ်ထားရမည်ဟု ဆိုလိုပါသည်။ သို့မဟုတ် အရဟံဂုဏ်တော်-၁၀၈ ပုတီး တစ်ပတ်စေ့လျှင် သင်္ကေတတစ်ခုခုနှင့် မှတ်ထားမည်ကို ဆိုလိုပါသည်။ မည်သည့် သင်္ကေတမျိုးနှင့်မဆို မိမိစိတ်ကြိုက် မှတ်သားထားဖို့ အရေးကြီးပါသည်။

မီး ခဏခဏ ပျက်တတ်လျှင် ဖယောင်းတိုင်ထုပ်များ၊ မီးခြစ်များ၊ အဆင်သင့်ဝယ်ယူပြီး မိမိပုတီးစိပ်မည့် အနီးအနားမှာ ထားရပါမည်။ ခဏခဏ ရေသောက်တတ်လျှင်၊ ရေဆာတတ်လျှင်လည်း ရေဗူး၊ ရေသန့်ဗူး၊ သောက်ရေအိုး မိမိအနီးအနား မလှမ်းမကမ်းမှာ ထားရမည်။ ဓာတ်သွားမည့် အိမ်သာ၊ ဆီးသွားရန် လွယ်ကူမည့်

နေရာတို့ကို တစထဲက ကြည့်ရှုလေ့လာထားပါ။ သို့မဟုတ် မေးမြန်းထားပါ။ တိမ်သာသည် မိမိအလုပ်လုပ်မည့် နေရာနှင့် မနီးမဝေး အလွယ်ကူဆုံးနေရာတွင် ရှိစေရမည်။

ကျန်းမာရေးခဏခဏ ချို့ယွင်းတတ်လျှင်လည်း အကိုက်အခဲပျောက်ဆေးများ, အအေးပတ်အအေးမိ, နှာစေး ချောင်းဆိုးစသည်များကို ကာကွယ်စေတတ်သော ဆေးများလည်း အနီးအနားမှာ ရှိစေရပါမည်။ သို့မှသာ အရေးကြောင်းရှိလျှင် ချက်ခြင်းအလွယ်တကူ ဆေးသောက်ပြီး တစ်ပြိုင်နက် အလုပ်ကို ဆက်လက်ပြီး မြန်မြန်ထက်ထက် လုပ်နိုင်ပါမည်။ အလုပ်မလုပ်မီ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း၊ ဖြစ်နိုင်လျှင် ရေချိုးသန့်စင်ပြီး၊ ဆီး, ဝတ်များသွားစရာရှိတာ သွားလာထားရမည်ဟု သိမှတ်ထားပါလေ။

အရဟံဂုဏ်တော် ၈၄၀၀၀-ပြည့်အောင် ကျင့်ဆောင်အားထုတ်မည့် ပုဂ္ဂိုလ်များသည် ဤအကျင့်ကို မလုပ်ခင်ထဲက မိမိ၏ မိသားစုတာဝန်ရှိသူတို့အား ကြိုတင်၍ မှာကြားစရာရှိသည့် ကိစ္စများကို ကြိုတင်မှာကြားဆောင်ရွက်ရပါမည်။

တကယ်တမ်း ၈၄၀၀၀-အကျင့်ကို ကျင့်ဆောင်နေချိန်တွင် ဧည့်သည်, မိတ်ဆွေ, ဗဟုကိစ္စပေါ်များလာခြင်း, မျက်နှာနာရမည့် ဧည့်သည်, မိတ်ဆွေ, အပေါင်းအသင်းများ ရောက်ရှိလာတတ်ပြီး တခြားတခြားသော သားကိစ္စ, သမီးကိစ္စ, စီးပွားရေးကိစ္စ, လူမှုရေးကိစ္စများ တင်းရှင်းနေစေကာင်, နည်းနိုင်သ၍ နည်းပါးအောင် ဆောင်ရွက်ထားရမည်ဟု ဆိုလိုသည်။

ဤအကျင့်ကို ကျင့်ဆောင်နေသော ပုဂ္ဂိုလ်အတွက် စိတ် အနှောင့်အယှက်ဖြစ်စရာများ, စိတ်သောကများစရာများ, စိုးရိမ် ထိတ်လန့်မှုကိစ္စများ လုံးဝမဖြစ်အောင်, ကင်းရှင်းနေအောင် ကြို တင်၍ အသိပေးခြင်း, ထိန်းသိမ်းပေးခြင်း, ဆောင်ရွက်ထားရှိခြင်း များ လုပ်ကိုင်ထားရပါမည်။ သို့မှသာ အမှန်တကယ် အားထုတ်ရာ တွင် စိတ်ချမ်းသာ, ကိုယ်ချမ်းသာ အလုပ်လုပ်နိုင်မည် ဖြစ်ပါသည်။

စတင် ကျင့်ဆောင်အားထုတ်ရမည့် အချိန်သည် အရုဏ် တက်ချိန် အစောဆုံး နံနက် ၄-နာရီ၊ နောက်အကျဆုံး နံနက် ၅- နာရီမှ စတင်ရပါမည်။ ထိုအချိန်အထိ တစ်ခုခုမှ မစတင်နိုင်ခဲ့ပါ လျှင် ၈၄၀၀၀-ပြည့်ဖို့အတွက်ညအထိ ရောက်သွားနိုင်ပြီး မပြည့် နိုင်တော့ဘဲ အဓိဋ္ဌာန်ပုတီး-၈၄၀၀၀ အကျင့်ပျက်သွားနိုင်ပါသည်။ သတိပြုကြပါလေ။

ကျွန်ုပ် စာရေးသူ ကျင့်ခဲ့သော ၈၄၀၀၀-အကျင့်ကို အတွေ့ အကြုံတစ်ခုအနေဖြင့် တင်ပြပါမည်။ နံနက် ၄-နာရီ မိနစ်-၃၀တွင် အရဟံ ၈၄၀၀၀-ကို စတင်၍ အားထုတ်ပုတီး စိပ်ခဲ့ပါသည်။ တစ် မနက်လုံး မနားတမ်း ကျင့်ဆောင်ရာမှာ နံနက် ၁၁-နာရီစေ့လျှင် အရဟံဂုဏ်တော်ပေါင်း အများဆုံး ၄၈၀၀၀, ပုံမှန်အားဖြင့် ၄၅၀၀၀, အနည်းဆုံးအားဖြင့် ၄၂၀၀၀-ခန့် ရောက်ထားပါမှ, ရှိထားပါမှ ယနေ့အတွက် နေမဝင်မီ ၈၄၀၀၀-ပြည့်၍ စိတ်ချမ်း သာ, ကိုယ်ချမ်းသာ အဓိဋ္ဌာန်မှ ထွက်နိုင်ခဲ့ပါသည်။ ထိုအဆင့်အထိ နံနက်ပိုင်း ၁၁-နာရီ မထိုးမီအတွင်း ယခုပြသထားသော ဂုဏ်တော်

အရေအတွက်ထက် အောက်ကျလွန်း၊ နည်းပါးလွန်းပါက အရဟံ ၈၄၀၀၀-ပြည့်ဖို့အတွက် နေ့ဝင်ခါနီးလေ ပင်ပန်းလေ၊ ညဦးပိုင်းရောက်မှ တချို့ပြီးစီးအောင်မြင်တတ်ပါသည်၊ ညဦးထိ မပြီးစီးနိုင်ပါက အဝိဇ္ဇာနှင့် ၈၄၀၀၀-ပုတီးအကျင့် ပျက်ပြားဖို့၊ ပျက်စီးဖို့ အရိပ်အယောင်ပြလာပြီဟု မှတ်ကြပါလေ၊

အချို့ပုဂ္ဂိုလ်များကို ကျွန်ုပ် တွေ့ခဲ့ဖူးပါသည်၊ အရဟံ ဂုဏ်တော် ၈၄၀၀၀ မပြီးနိုင်လေ အရဟံကို နှုတ်က အမြန်ဆိုလေ၊ ကြာလာတော့ လူက ပင်ပန်းလာ၊ အသံက အရဟံကို ပီပီသသ မဆိုနိုင်တော့ပေ၊ အချို့ဆိုလျှင် အရဟံ ပီပီသသ ဆိုရမည့်အစား အရဟံက ရမ်ဖြစ်နေတာမျိုး၊ ရမ်၊ ရမ် စသည်ဖြင့်သာ ဆိုနိုင်ပါတော့သည်၊ အရဟံကို အရဟံဟု ပီပီသသ မဆိုင်နိုင်ဘဲ ရမ်ဟု ထွက်နေခြင်းသည်လည်း အဝိဇ္ဇာနှင့်ပုတီး ပျက်စီးရာ ပျက်စီးမှုအကြောင်းဟုပင် မှတ်သားကြပါလေ၊

၁။ အရဟံဂုဏ်တော် ၈၄၀၀၀-လည်း အချိန်မီ ပြီးစီးပြည့်မီစေရပါမည်၊

၂။ ပီပီရွတ်ဆိုသော အရဟံကို အရဟံဟု ပီပီသသ ဆိုရမည်ဖြစ်ပြီး အရဟံအစား ရမ်ဖြစ်နေလျှင် အဝိဇ္ဇာနှင့်ပုတီးအကျင့်ပျက်စီးတော့၏၊ အဓိပ္ပါယ်မှာ "အရေအတွက်သာ ပြည့်သည်၊ အရည်အချင်းမရှိ" ဟု မှတ်ကြရပါမည်၊

ဤအထက်ပါ အချက် ၂-ချက်နှင့် ညီညွတ်ပါမှ အဝိဇ္ဇာနှင့်အကျင့် အောင်မြင်သည်ဟု အကြမ်းဖျင်းအားဖြင့်

ဆိုလိုရပါသည်။ ဆိုခွင့်ရှိပါသည်။

၃။ သရဏဂုံ ၃-ပါးနှင့်တကွ ၅-ပါးသီလတော်မြတ်တို့ကို ခံယူခြင်း, မကျိုးမပေါက်အောင် ဆောက်တည်ခြင်း, သီလမပျက်စီးအောင် စောင့်ထိန်းခြင်း။

၄။ သူတစ်ပါးအသက်, အသွေး, အသားတို့ကို ရှောင်ကြဉ်၍ အသက်သတ်လွတ် အစာအာဟာရကိုသာ မှီဝဲသုံးဆောင်ခြင်းဖြင့် ထူးမြတ်သော အမိဋ္ဌာန်, အဆင့် အတန်းမြင့်သော အမိဋ္ဌာန်, သူတော်ကောင်းတို့ ချီးမွမ်းသော အမိဋ္ဌာန်သည် အောင်မြင်ပြီးစီးခြင်း ဖြစ်ပါသည်။

ဤအချက် ၄-ချက်စလုံးနှင့် မညီညွတ်ပါက အမိဋ္ဌာန် ၈၄၀၀၀ ပျက်စီးတော့၏။ ဤအရဟံဂုဏ်တော် ၈၄၀၀၀ အမိဋ္ဌာန် ပုတီးစိပ်နည်းကို အောင်မြင်ပြီးစီးပါက ယူဇနာ ၈၄၀၀၀ နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်တွင် တည်ရှိကြကုန်သော နတ်နဂါး, နတ်ဂဠုန်, ကုမ္ဘဏ်, ယက္ခများ, နတ်ဘီလူးကြီးများအား ပိုင်ဆိုင်ခွင့်ရရှိလာတော့၏။

ထို့ပြင် ပဌမအာလိန်စောင့်နတ်များ, ဒုတိယအာလိန်စောင့်နတ်များ, တတိယအာလိန်စောင့်နတ်များ, စတုတ္ထအာလိန်စောင့်နတ်များ, ပဥ္စမအာလိန်စောင့်နတ်များ, အခြားအခြားသော တောစောင့်နတ်များ, တောင်စောင့်နတ်များ, စတုမဟာရာဇ်နတ်များ, သိကြားမင်းနှင့် ၃၃-ကျိပ်သော နတ်များအားလုံးတို့ကို ပိုင်ဆိုင်ခွင့်, နိုင်းစေပိုင်ခွင့်, တောင်းခံပိုင်ခွင့်, ရယူပိုင်ခွင့်တို့ကို ရရှိနိုင်တော့သည်

ဖြစ်၍ မိမိဘဝတွင် စေတစ်လုံးပိုင်, အာဏာပိုင်, တန်ခိုးပိုင်, ပညာပိုင်ဖြစ်စေနိုင်တော့၏။ ပြောတိုင်းဆိုတိုင်း တောင့်တတိုင်း ပြည့်စုံလာရတော့၏။ စိတ်က ကြံစည်သမျှ ပြီးစီးရတော့၏။ အလုံးစုံသော သမ္မာဒေဝနတ်များသည် အရဟံဂုဏ်တော်၏ တန်ခိုးတော်ကြောင့် ဝိုင်းဝန်းကူညီ မစကြကုန်တော့၏။

အထင်အမြင် အကြားအသိတို့သည် ကံပါရမီရှိသည့်အလျောက် ရရှိနိုင်ပေလိမ့်မည်။ မိမိသည် သမထတရားကို ပိုင်ပိုင်နိုင်နိုင် ပေါက်မြောက်စေလိုလျှင် ဤအရဟံဂုဏ်တော် ၈၄၀၀၀-အဓိဋ္ဌာန်ပုတီးစိပ်သည့် နည်းလမ်းသည်လည်း လမ်းစဥ်တစ်ခုအဖြစ် ရှေးဆရာတော်ကြီးများ အားထုတ်လာခဲ့ဖူးပြီဟု မှတ်ပါကုန်။

၄။ သိဒ္ဓိပေါက် ဣဿရာသယဂုဏ်တော်ပုတီးစိပ်နည်း။

| | | |
|---|---|---|
| ၁။ | အရဟံ | (၄)ပတ် |
| ၂။ | သမ္မာသမ္ဗုဒ္ဓေါ | (၆)ပတ် |
| ၃။ | ဝိဇ္ဇာစရဏသမ္ပန္နော | (၈)ပတ် |
| ၄။ | သုဂတော | (၁၀)ပတ် |
| ၅။ | လောကဝိဒူ | (၁၂)ပတ် |
| ၆။ | အနုတ္တရော ပုရိသဒမ္မသာရထိ | (၁၄)ပတ် |
| ၇။ | သတ္ထာ ဒေဝမနုဿာနံ | (၁၆)ပတ် |
| ၈။ | ဗုဒ္ဓေါ | (၁၈)ပတ် |
| ၉။ | ဘဂဝါ | (၂၀)ပတ် |

ဂုဏ်တော် ၉-ပါးလုံးပြီးပါက စုစုပေါင်း ၁၀၈-ပတ်၊ အရဟံ အစ ဘဂဝါအဆုံး ၉-ပါးသောဂုဏ်တော်များအားလုံး စိပ်ပြီးပါက စုစုပေါင်း ပုတီးအပတ်ပေါင်း ၁၀၈-ပတ် ကိုက်ညီရပါမည်၊ ဂုဏ်တော် ၉-ပါးစလုံး ပြီးစီးပါက ၁၀၈-ပတ် ပြည့်ရမည်ကို အတယ်၌ မပြည့်ပါက မိမိပုတီးစိပ်ရာတွင် ပုတီးပတ်ရေတွက်ရာတွင် အမှားပါသွားတတ်ပြီး ပုတီးပတ်ရေ မကိုက်ညီဘဲ ဖြစ်သွားတတ်ပါသည်၊ သို့ဖြစ်လျှင် ၁၀၈-ပတ် မပြည့်သည့်အတွက် အဓိဋ္ဌာန်ပုတီးစိပ်အားထုတ်သည့် အလုပ်သည် ပျက်စီးသွားပါတော့သည်၊

ထို့ကြောင့် အဓိဋ္ဌာန်ပုတီးစိပ်အားထုတ်မှု အောင်မြင်စေရန်အတွက် ပုတီးပတ်ရေကို တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်စေရန် သူ့အပတ်ရေနှင့်သူ အကွက်ကျကျ ပုတီးစိပ်တတ်အောင် အထူးလေ့ကျင့်၊ အထူးလေ့လာထားရပါမည်၊

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စက်လက္ခဏာတော်မြတ်သည် ၁၀၈-ကွက်စက်လက္ခဏာ ဖြစ်သောကြောင့် ဗုဒ္ဓစက် ၁၀၈-ကွက်နှင့် ကိုက်ညီအောင် အဓိဋ္ဌာန်ပုတီးစိပ်ရမည်ကို သတိပြုပါ၊ ၄င်းအပြင် ဤကမ္ဘာကြီး၏ တစ်ခြမ်းသည် ၁၀၈-ဒီဂရီရှိ၍ ကမ္ဘာနှစ်ခြမ်းပေါင်းလျှင် အံသာဒီဂရီပေါင်း ၃၆၀-ဒီဂရီ ရှိသောကြောင့် အရာရာသော ကိစ္စအားလုံးသည် နဝင်းစာတ်က အုပ်စိုးသောကြောင့် ကိစ္စအားလုံးအတွက် အောင်မြင်ပြီးစီးလိုပါလျှင် ၁၀၈-နဝင်းပြည့်စုံအောင်၊ ၁၀၈-နဝင်းကိုက်ညီအောင် ပွားများအားထုတ်ရသည်ဟု မှတ်ပါ၊

အထူးမှတ်သားဖွယ်ဖွယ်ရာ တစ်ခုမှာ -

ပဌမဦးဆုံးကိစ္စမှာ အရဟံဂုဏ်တော်အတွက် ၄-ပတ် စတည်ထားခြင်းပင် ဖြစ်ပါသည်။ အဘယ်ကြောင့် ၄-ပတ်ကို စတည်ထားရသနည်း? ဟု မေးခွန်းထုတ်ဖွယ်ရာ ရှိပါသည်။

အဖြေမှာ ဤအတိုင်း မှတ်ယူပါ။ လောကီအလိုအားဖြင့် ဤကမ္ဘာ, ဤလောကကြီးတွင် အရာရာသော ကိစ္စအားလုံးတို့သည် ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ်ကြီးလေးပါးနှင့် မကင်းနိုင်သည်ဖြစ်၍ အရာရာတိုင်းကို ဓာတ်ကြီးလေးပါးကပင် စိုးမိုးခြယ်လှယ်နေသောကြောင့် အစအဦးဆုံး အရဟံဂုဏ်တော်ကို ပုတီးပတ်ရေ ၄-ပတ် တည်ထားပါသည်ဟု ဖြေဆိုနိုင်ပါသည်။

လောကုတ္တရာအလိုအားဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးကို ရည်၍ အရဟံဂုဏ်တော်ကို ပုတီးစိပ်ရာတွင် ပုတီးပတ်ရေ ၄-ပတ်ကို စတင်တည်ထားခြင်း ဖြစ်သည်ဟု မှတ်ပါ။

ဒုတိယ မှတ်သားဖွယ်ရာမှာ -

ဂုဏ်တော်တစ်ပါးနှင့် တစ်ပါးကြားတွင် အဘယ့်ကြောင့် ၂-ကို တိုးထားရသနည်း? ဟု မေးခွန်းထုတ်ဖွယ်ရှိ၏။

အဖြေမှာ လောကီအလိုအားဖြင့် လောက၌ နေ့ဘက်တွင် နေမင်း၊ ညဘက်တွင် လမင်း ထိုနှစ်ဦးသည် ကမ္ဘာလောကကြီးကို စိုးမိုးထားခြင်းကြောင့် နေလနှစ်ပါးကို ရည်ရွယ်၍ ၂-တိုးပေးရသည်ဟု ဖြေဆိုပါ။

လောကုတ္တရာအလိုအားဖြင့် ရုပ်တရား, နာမ်တရား ဤ တရားနှစ်ပါးသာ ရှိသောကြောင့် ၂-တိုးပေးရသည်ဟု မှတ်သားကြ ရပါမည်။ အထူးလည်း သိရှိထားကြပါလေ။

(မှတ်ချက်။ ဤ ၁၀၈-နဝင်းကိုက် ပုတီးစိပ်နည်းသည် ၁၉၅၉-ခုနှစ် ရန်ကုန် ရွှေတိဂုံစေတီတော်တွင် အမှတ်မထင် တွေ့ မြင်ခဲ့ရသော ပြည်မြို့မှ သိဒ္ဓိပေါက်ရမြောက်သွားသည့် ပထမံ ဦးအောင်၏ ပုတီးစိပ်နည်း ဖြစ်ပါသည်။ ဦးအောင်သည် ဤပုတီး စိပ်နည်းကို ပေးအပ်ခဲ့ပါသည်။)

ဤသိဒ္ဓိပေါက် ဂုဏ်တော်ပုတီးစိပ်နည်းကို အဓိဋ္ဌာန် ၉- ရက်ဖြစ်စေ၊ ၁၈-ရက်ဖြစ်စေ၊ ၂၇-ရက်ဖြစ်စေ၊ ၄၅-ရက်ဖြစ်စေ သို့မဟုတ် ဝါတွင်းသုံးလဖြစ်စေ အဓိဋ္ဌာန်ရက် သတ်မှတ်၍ ပုတီး စိပ်ရပါမည်။ နေ့စဉ် ၁၀၈-ပတ်ရအောင် စိပ်ရပါမည်။ ၁၀၈- ပတ်စေ့တိုင်း လိုရာဆုကို တောင်းရပါမည်။ အဓိဋ္ဌာန်ပုတီးရက်များ အတွင်း၌ သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကုန်သော သတ္တဝါ အပေါင်းတို့ကိုလည်းကောင်း၊ နတ်ကောင်းနတ်မြတ်တို့ကိုလည်း ကောင်း၊ သမ္မာဒေဝနတ်များ, သာသနာတော်စောင့်နတ်များကို လည်းကောင်း၊ ဝိဇ္ဇာ, ဇော်ဂျီ, တပသီ တို့ကိုလည်းကောင်း၊ နေ့စဉ် ညစဉ် အမျှပေးဝေခြင်း, မေတ္တာဖြန့်ဝေခြင်း ပြုရပါမည်။

ပုတီးအပတ်ပေါင်း ၁၀၈-ပတ်ရအောင် စိပ်ရာ၌ တစ်ထိုင် တည်းနှင့် ဣရိယာပုထ် တစ်ပါးတည်းနှင့် အပြီးဆုံး စိပ်နိုင်ပါလျှင် တိကျွပုဂ္ဂိုလ်တို့၏ အကျင့်မျိုးဖြစ်၍ ထူးထူးခြားခြား အောင်မြင်မှု,

ပြီးစီးမှုများ ခံစားရနိုင်ပါသည်။ အမြင်, အထင်, အကြား, အသိပညာများသည် ကံပါရမီအလျောက် ပေါက်မြောက်နိုင်ပါသည်။ ပြောတိုင်းဆိုတိုင်း အောင်မြင်စေနိုင်၏။ အာဏာသိဒ္ဓိ စေတစ်လုံးပိုင်၏။ မနောမယ သိဒ္ဓိမျိုးကို အောင်မြင်ပြီးစီးရ၏။ စိတ်ဆန္ဒရှိတိုင်း ပြည့်စုံလာတတ်၏။ အန္တရာယ်အပေါင်း, ဘေးအပေါင်း, ရန်အပေါင်းတို့ တင်းဝေး ပပျောက်ရ၏။ စုန်း, ကဝေ, တစ္ဆေ, မြေဘုတ်, နတ်ဆိုး, ဘီလူးဆိုးတို့ကို နိုင်နင်း၏။ စိတ်သွားတိုင်းကိုယ်ပါ လိုရာခရီးကို ပေါက်မြောက်စေနိုင်၏။

ဤပုတီးစိပ်နည်းသည် သူတော်တောင်းများ, ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်များနှင့် အမြဲ ဆုံတွေ့ မြင်တွေ့ရတတ်၏။

၅။ ဂုဏ်တော်ကြော ပုတီးစိပ်နည်း။

- နမော ဗုဒ္ဓါယ အရဟံသိဒ္ဓိ ဘဂဝါ။
- နမော ဗုဒ္ဓါယ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ဗုဒ္ဓေါ။
- နမော ဗုဒ္ဓါယ ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ သတ္ထာဒေဝမနုဿာနံ။
- နမော ဗုဒ္ဓါယ သုဂတောသိဒ္ဓိ အနုတ္တရော ပုရိသ ဒမ္မသာရထိ။
- နမော ဗုဒ္ဓါယ လောကဝိဒူသိဒ္ဓိ လောကဝိဒူ။
- နမော ဗုဒ္ဓါယ အနုတ္တရော ပုရိသဒမ္မသာရထိသိဒ္ဓိ သုဂတော။

- နမော ဗုဒ္ဓါယ သတ္တာ ဒေဝမနုဿာနံသိဒ္ဓိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
- နမော ဗုဒ္ဓါယ ဗုဒ္ဓေါသိဒ္ဓိ သမ္မာသမ္ဗုဒ္ဓေါ၊
- နမော ဗုဒ္ဓါယ ဘဂဝါသိဒ္ဓိ အရဟံ၊

ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံးချ စိပ်ခြင်းကိုလည်း ကျင့်ဆောင်အားထုတ်၍ ရပါသည်၊ သို့မဟုတ် ဂုဏ်တော် ၉-ပါး လုံး ရွတ်ဆို၍ဆုံးမှ ပုတီးတစ်လုံးချစိပ်ခြင်းကိုလည်း ကျင့်ဆောင် အားထုတ်၍ ရနိုင်ပါသည်၊ နေ့စဉ် ဂုဏ်တော်တစ်ထောင်ပြည့် အောင် ပုတီးစိပ်ရမည်ဟု မှတ်သားကြပါလေ၊ ဂုဏ်တော်များ အမှားမရှိရအောင် သတိဝီရိယဖြင့် အားစိုက်ပြီး ဂရုတစိုက် ပုတီး စိပ်နေရခြင်းဖြစ်၍ မှန်ကန်မှုရှိအောင် သတိထားပြီး ပုတီး စိပ်ရ ခြင်းဖြစ်သောကြောင့် နေ့စဉ် ဂုဏ်တော်တစ်ထောင်စိပ်ခြင်းသည် သမာဓိကို လျင်မြန်စွာ ရရှိလာစေပါသည်၊ ဂုဏ်တော်များကို အမှားမရှိအောင် အထူးဂရုစိုက်၍ အားထုတ်ကြပါလေ၊

တိက္ခအကျင့်မျိုးကို ကျင့်လိုပါလျှင် နံနက်ပိုင်း ဂုဏ်တော် ပုတီး ၁၀-ပတ်၊ နေ့လယ်ပိုင်း ဂုဏ်တော်ပုတီး ၁၀-ပတ်၊ ညပိုင်း ဂုဏ်တော်ပုတီး ၁၀-ပတ်ရအောင် ကြိုးစား၍ ပုတီးစိပ်ရပါမည်၊ ဤကဲ့သို့ စိပ်ခြင်းမျိုးကို တိက္ခအကျင့်ဟုမှတ်ပါ၊ အဆင့်အတန်း မြင့်မြင့် အထက်တန်းကျသော အားထုတ်နည်းဟု မှတ်ကြပါလေ၊

ဥဂ္ဃါအကျင့်ကို ကျင့်ဆောင်လိုပါလျှင် နံနက်ပိုင်း စိပ်ခြင်း, နေ့လယ်ပိုင်းစိပ်ခြင်း, ညပိုင်းစိပ်ခြင်းတို့၌ တစ်ထိုင်တည်း, ဣရိယာ

ဂုဏ်တစ်ပါးတည်းနှင့်အပြီး ဂုဏ်တော်ကို စိပ်ရပါမည်။ ဤကား ဥက္ကဋ္ဌအကျင့်ဖြတ် လမ်းစဉ်ဟု မှတ်ပါလေ။

ဘေးရန်အပေါင်း၊ အန္တရာယ်အပေါင်းမှ ကင်းဝေးစေတတ်၏။ အပ္ပသောတ၊ ဗျာပါရများမှလည်း ကင်းဝေးစေတတ်၏။ စိတ်၏ ငြိမ်းချမ်းခြင်း၊ ကိုယ်၏ ငြိမ်းချမ်းခြင်း၊ ရန်ရှိလျှင် ရန်ပြေငြိမ်းခြင်း၊ မာရ်ရှိလျှင် မာရ်ပြေငြိမ်းခြင်း ရှိပေလိမ့်မည်။ အနှောင့်အယှက်များ၊ အတိုက်အခိုက်များ၊ မလိုမုန်းထားသူများ၊ ငြူစူစောင်းမြောင်းသူများ၊ ရန်ငြိုးဖွဲ့ခြင်းများ၊ အတိုက်အခံပေါ်ခြင်းများ အားလုံး အေးချမ်းငြိမ်သက်ကြရ၏။

ရာထူး၊ အဆင့်တိုးတက်စေခြင်း၊ လာဘ်လာဘအထူးဝင်လာခြင်း၊ ကံမြင့်တက်လာ၍ ထီခကာခကာပေါက်ခြင်း၊ အရောင်းအဝယ်များ၊ စီးပွားဥစ္စာများ၊ ရတနာရွှေငွေများ၊ အိမ်ခြံမြေများ၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားများ တစ်ခုပြီးတစ်ခု ပြည့်စုံလာရတော့၏။

၆။ ဂုဏ်တော်ဝက်ဘာပုတီးစိပ်နည်း

- သော ဘဂဝါ ဣတိပိ
  အရဟံ။
- သော ဗုဒ္ဓေါ ဣတိပိ
  သမ္မာသမ္ဗုဒ္ဓေါ။
- သော သတ္ထာ ဒေဝမနုဿာနံ ဣတိပိ
  ဝိဇ္ဇာစရဏ သမ္ပန္နော။
- သော အနုတ္တရော ပုရိသဒမ္မသာရထိ ဣတိပိ

သုဂတော။

* သော လောကဝိဒူ ဣတိပိ

လောကဝိဒူ

* သော သုဂတော ဣတိပိ

အနုတ္တရော ပုရိသဒမ္မသာရထိ။

* သော ဝိဇ္ဇာစရဏသမ္ပန္နော ဣတိပိ

သတ္ထာ ဒေဝမနုဿာနံ။

* သော သမ္မာသမ္ဗုဒ္ဓေါ ဣတိပိ

ဗုဒ္ဓေါ။

* သော အရဟံ ဣတိပိ

ဘဂဝါ။

ဤပုတီးစိပ်နည်းကို ၁၉၆၂-ခုနှစ် ဦးအောင်ခမ္မစကြာ ပေးအပ်ခဲ့သည်။ ဤအကျင့်ကို အားထုတ်ခြင်းဖြင့် ဦးအောင်ခမ္မစကြာသည် ပညာအမျိုးမျိုး, သိဒ္ဓိအမျိုးမျိုးကို အောင်မြင်ပြီးစီးခဲ့သည်ဟု အမိန့်ရှိခဲ့ဖူးပါသည်။

ဤပုတီးစိပ်နည်းတွင်လည်း ဂုဏ်တော်များကို အမှားမရှိအောင် သတိဝီရိယဖြင့် ဂရုစိုက်၍ ပွားများအားထုတ်ရခြင်းကြောင့် သမာဓိအကြည်ဓာတ်ကို အချိန်တိုတိုအတွင်း ရလွယ်၏။

(ဂုဏ်တော်များကို မှားယွင်းလျက် ရွတ်ဆို၍ ပုတီးစိပ်မိပါလျှင် ဤဂုဏ်တော်ဝတ်ဘာ ပုတီးစိပ်အကျင့်လမ်း ပျက်စီးရ၏။ ထို့ကြောင့် အစမှပြန်၍ ပြန်အားထုတ်ရမည်ဟု မှတ်ယူ ကြပါလေ)

နေ့စဉ် ပုံမှန် ပုတီး ၁၀-ပတ်ရအောင် ကျင့်ဆောင်အားထုတ်ခြင်း, ပုံမှန်ရိုးရိုး အားထုတ်ခြင်းဖြင့် မိမိနှင့်တကွ မိသားစု အိမ်ထောင်စုအားလုံးသည် စီးပွားတိုးတက်ခြင်း, အရောင်းအဝယ် စည်ကားခြင်း, အလုပ်အကိုင် အဆင်ပြေခြင်း, အလုပ်မရှိခဲ့လျှင် ရှိလာစေ၏။ အလုပ်မရသေးလျှင် ရလာစေနိုင်၏။ လာဘ်လာဘ မဝင်ခဲ့လျှင် မကြာမီ ဝင်လာစေတတ်၏။

အထူးကျင့်ဆောင်အားထုတ်လိုပါလျှင် နံနက်ပိုင်း ပုတီး ၁၀-ပတ်၊ နေ့လယ်ပိုင်း ပုတီး ၁၀-ပတ်၊ ညပိုင်း ပုတီး ၁၀-ပတ် ရအောင် ပွားများအားထုတ်ပါလေ။ ထူးထူးခြားခြား ဘဝမျိုးဖြစ်ပြီး ကျန်းမာရေး, ပညာရေး, စီးပွားရေးများ အထူးအောင်မြင်ပြီးစီးနိုင်ပေသည်။

အသက်သတ်လွတ်စားသုံးခြင်း, သရဏဂုံနှင့်တကွ ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်း၍ သဗ္ဗဝါအနန္တတို့အား မေတ္တာပွားများ၍ ဤဂုဏ်တော်ဝတ်ဘာအကျင့်ကို ကျင့်ဆောင်အားထုတ်ပါက မိမိဘဝတွင် အလွန်ထူးခြားခြင်း, အလွန်ထင်ရှားခြင်း, အစစအရာရာ အောင်မြင်ခြင်းအပြင် အမြင်,အကြား, အသိ, ဉာဏ်များ, သိဒ္ဓိများ, မဟိဒ္ဓိများသည် တံပါရမီအလျောက် ပေါက်မြောက်နိုင်ပေလိမ့်မည်။

ဤပုတီးစိပ်နည်းကိုလည်း ဂုဏ်တော်တစ်ပါး ရွတ်ဆိုလျှင် ပုတီးတစ်လုံးချစိပ်၍ စိပ်နိုင်သလို ဂုဏ်တော်ကိုးပါးစလုံး ရွတ်ဆိုမှ ပုတီးတစ်လုံးချစိပ်နိုင်ပါသည်။

၇။ ပထမ ဂုဏ်တော်ပုတီးစိပ်နည်း

- နမော ဗုဒ္ဓါယ သိဒ္ဓံ အရဟံ။
- နမော ဗုဒ္ဓါယ သိဒ္ဓံ သမ္မာသမ္ဗုဒ္ဓေါ။
- နမော ဗုဒ္ဓါယ သိဒ္ဓံ ဝိဇ္ဇာစရဏ သမ္ပန္နော။
- နမော ဗုဒ္ဓါယ သိဒ္ဓံ သုဂတော။
- နမော ဗုဒ္ဓါယ သိဒ္ဓံ လောကဝိဒူ။
- နမော ဗုဒ္ဓါယ သိဒ္ဓံ အနုတ္တရော ပုရိသဒမ္မသာရထိ။
- နမော ဗုဒ္ဓါယ သိဒ္ဓံ သတ္ထာ ဒေဝမနုဿာနံ။
- နမော ဗုဒ္ဓါယ သိဒ္ဓံ ဗုဒ္ဓေါ။
- နမော ဗုဒ္ဓါယ သိဒ္ဓံ ဘဂဝါ။

သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလတော်မြတ်ကို ပုံမှန်ခံယူဆောက်တည်စေခြင်း၊ အထူးအားဖြင့် အဓိဋ္ဌာန်အကျင့် ဆောက်တည်ရာ၌ ၉-ပါးသီလတော်မြတ်ကို ခံယူဆောက်တည်၍ စင်ကြယ်သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ကာ အသက်သတ်လွတ် သစ်သီး၊ သစ်ရွက်၊ ဆားဟင်းကိုသာ သုံးဆောင်မှီဝဲ၍ နေ့ဘက်တစ်ကြိမ် ပုတီး ၁၀-ပတ်ရအောင် စိပ်၍ ညဘက်တစ်ကြိမ် ပုတီး ၁၀-ပတ် ရအောင် ကျင့်ဆောင်အားထုတ်ရပါမည်။ ဂုဏ်တော်အစမှ အဆုံးတိုင် ရွတ်၍ ဆုံးမှ ပုတီးတစ်လုံး ချစိပ်ရမည်ကို သတိပြုပါလေ။

အဓိဋ္ဌာန်ရက်မှာ အနည်းဆုံး ၄၅-ရက် တစ်ကဏ္ဍထား၍ အားထုတ်ကျင့်ဆောင် ရမည်ဟု မှတ်ကြပါလေ။ ၄၅-ရက်စေ့လျှင် ပထမံဂိုဏ်းစောင့်နတ်များကို မြင်တွေ့ရတတ်၏။ ဤအကျင့်မြတ်

လမ်းစဉ်ဖြင့် အောင်မြင်ပြီးစီးသွားကုန်သော အရိယာနတ်, အရိယာဝိဇ္ဇာ, သူတော်စင် သူတော်ကောင်းများကိုလည်း မြင်တွေ့ရတတ်ပါသည်။ အကြားဓါတ်, အသိဓာတ်, အမြင်ဓာတ်များ ရရှိလာစေနိုင်၏။ အလုံးစုံသော သမ္မာဒေဝနတ်, သာသနာတော်စောင့်နတ်, တောစောင့်တောင်စောင့်နတ်များ ချစ်ခင်လေးစားလာကြကုန်၏။

အန္တရာယ်မှန်သမျှ, ဘေးမှန်သမျှ, ရန်မှန်သမျှ, ကိစ္စပြဿနာမှန်သမျှတို့ကို အနိုင်ရစေ၏။ ရောဂါဝေဒနာမှန်သမျှ ပျောက်ကင်းချမ်းသာရ၏။ အဆိပ်ရှိသော ကျား, မြွေ, ဆင်, ကင်းမှန်သမျှ မိမိအား မကိုက်နိုင်။ အနှိပ်စက်နိုင်။ ကုန်းသွားလျှင် ကုန်းဘေး, ရေသွားလျှင် ရေဘေး, လေလမ်းသွားလျှင် လေဘေးတို့မှ ကင်းလွတ်ရ၏။ အဝရုဒ္ဓက နတ်ဆိုး, ဘီလူးဆိုး, စုန်းဆိုး, ကဝေ, တစ္ဆေ, မြေဘုတ်ကစ၍ အလုံးစုံသောပယောဂအားလုံးတို့ကို နိုင်နင်းတော့၏။

ရောဂါဝေဒနာမှန်သမျှ မည်သည့်ရောဂါမျိုးမဆို ကုသကယ်မနိုင်သော သတ္တိနှင့် ပြည့်စုံနိုင်၏။ အရောင်းအဝယ် ကိစ္စများ, စီးပွားရေးကိစ္စများ, လာဘ်လာဘကိစ္စများသည်လည်း ဝင်လာမစဲတသဲသဲ တိုးတက်စည်ကားစွာ ဝင်ရောက်လာကြကုန်၏။ သုရဿတီ ဒေဝီမကြွင်း ခပင်းများစွာ နတ်ဒေဝါလည်း ကူညီမစစောင့်ကြပ်ကြကုန်၏ဟု မှတ်ယူကြပါလေ။ ရိုသေလေးစားစွာပွားများကျင့်ဆောင်နိုင်ကြပါစေ။

၇။ သမ္ဗုဒ္ဓေဂါထာ ပုတီးစိပ်နည်း၊

* သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

* အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

* နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ရှေးရှေးသော ဆရာ့ဆရာတော်ကြီးများ သရဇ္ဈာယ်ခဲ့ခြင်း, စွဲစွဲမြဲမြဲ လက်ကိုင် ထားခြင်း, ပွားများရွတ်ဆိုခြင်း ပြုခဲ့ကြပါသည်။ ဤသမ္ဗုဒ္ဓေဂါထာ၏ ကျေးဇူးဂုဏ်ကိုလည်းကောင်း၊ သိဒ္ဓိဂုဏ်ကို လည်းကောင်း၊ ပညာဂုဏ်ကိုလည်းကောင်း ပြောပြ၍, ရေးသား၍ မကုန်နိုင်အောင် ရှိပေလိမ့်မည်။

၅၁၂၀၂၈-ဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတော်, အာဏာတော်ဖြစ်၍ အန္တရာယ်အထူးကင်းဝေးခြင်း, ရန်အပေါင်းကို အောင်မြင်ခြင်း, ဘေးဒုက်ရောဂါဝေဒနာ အားလုံးတို့ကို ပယ်ခွါနိုင်ခြင်း, ကင်းပျောက်နိုင်ပေလိမ့်မည်။ ကြမ်းတမ်းခက်ထန်သော နတ်ဆိုး, ဘီလူးဆိုး, ပြိတ္တာဆိုး, သဘက်ဆိုးတို့ကို နှိမ်နင်းနိုင်၏၊ ဩဇာအာဏာ အလွန် ကြီးမား၏။

၁။ နေ့စဉ် ၁၀၈-ခေါက် ရွတ်ပေးခြင်းဖြင့် သူတစ်ပါး အတိုက်အခိုက်များ, သူတစ်ပါး မကောင်းကြံစီမှုများ, အတိုက်အခံ ရန်များမှ ကင်းဝေးပပျောက်စေနိုင်၏။

၂။ နေ့စဉ် ၃၂၄-ခေါက် မှန်မှန်ရွတ်ပေးခြင်းဖြင့် မိမိ၏ ခန္ဓာကိုယ်အပါအဝင် မိမိ၏ ဇနီးသားသမီး မိသားစုတစ်ခုလုံး လုံခြုံ၏။ နေအိမ်တိုက်တာခြံမြေများ အန္တရာယ် ကင်းဝေးရ၏။ အခြောက်အလှန့်, အတိုက်အခိုက် မရှိနိုင်။ အတိုက်အခိုက်, အနှောင့်အယှက် ရှိနေလျှင်လည်း ပပျောက်ထွက်ခွာပေးရပါမည်။

၃။ နံနက်အိပ်ရာထ ၂၇-ခေါက်၊ ညအိပ်ရာဝင် ၂၇-ခေါက် မှန်မှန်ရွတ်ပေးခြင်းဖြင့် ကောင်းစွာအိပ်စက်ရ၏၊ အိပ်စက်နေဆဲတွင် ရန်မျိုးငါးပါးမှ ကင်းလွတ်ရ၏၊ ကောင်းသောအိပ်မက်များကိုသာ မက်ရ၏။ ကောင်းသောနိုးထခြင်းဖြင့် နိုးထရ၏။

၄။ နေ့စဉ် အချိန်မှန်မှန် နံနက် အရုဏ်တွင် ထ၍ ၉၆-ခေါက် မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ် ပေးပါက သွေးကြောင့်ဖြစ်သော ရောဂါဝေဒနာများ, လေကြောင့်ဖြစ်သော ရောဂါဝေဒနာများ, သည်းခြေကြောင့်ဖြစ်သော ရောဂါဝေဒနာများ, သလိပ်ကြောင့်ဖြစ်သော ရောဂါဝေဒနာများအားလုံးတို့သည် ပျောက်ကင်း၍ ချမ်းသာနိုင်၏၊ ရောဂါဝေဒနာ မရှိနိုင်။

၅။ နေ့စဉ် ပုတီး ၁၀-ပတ်၊ ဂါထာပေါင်း ၁၀၀၀-ပြည့်အောင် ရွတ်စိပ်စိပ်ပေးပါက ပြောတိုင်းဆိုတိုင်း ဖြစ်ခြင်း, တောင့်တတိုင်း ပြည့်စုံလာခြင်း, ဩဇာအာဏာ ကြီးမားလာရခြင်း, သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ ကြည်ညိုလေးစား

လာကြ၍ သွားရာ, လာရာ, နေရာတို့တွင် နတ်ကောင်းနတ်မြတ်များ ကူညီမစ စောင့်ရှောက်ကြကုန်၏။

ထူးထူးခြားခြား အားထုတ်လိုသော ပုဂ္ဂိုလ်များသည် သမ္ဗုဒ္ဓေဂါထာအကျင့်ကို ကျင့်ကြံအားထုတ်မည် ဆိုပါလျှင် ဝါတွင်း ၃-လ အမိဋ္ဌာန်ပြုခြင်း, ဝါတွင်း ၃-လ အသက် သတ်လွတ်စားခြင်း, ဝါတွင်း ၃-လတွင် သရဏဂုံဆောက်တည်ခြင်း, ၉-ပါးသီလကို ဝါတွင်း ၃-လ တာလပတ်လုံး မကျိုးမပေါက်စေရန် ထိန်းသိမ်း၍ နေ့ဘက်တွင် ပုတီး ၁၀-ပတ်, ဂါထာ ၁၀၀၀-ပြည့်အောင် ရွတ်ဆို၍ ပုတီးစိပ်ခြင်း, ညဘက်တွင် ပုတီး ၁၀-ပတ်ဂါထာ ၁၀၀၀-ပြည့်အောင် ရွတ်ဆို၍ ပုတီးစိပ်ခြင်းဖြင့် စေပိုင်, အာဏာပိုင်, ပညာပိုင်, သိဒ္ဓိပိုင် ဖြစ်တော့၏။

ကောင်းကျိုးချမ်းသာ မင်္ဂလာသုခမှန်သမျှ ပြည့်စုံလာရ၏၊ ပြောတိုင်းဆိုတိုင်း, လုပ်တိုင်းကိုင်တိုင်း အလုံးစုံ အောင်မြင်ပြီးစီးရ၏။ အသိပညာများ, အတတ်ပညာများ, အမြင်အကြား ပညာများလည်း ဆင့်ကာဆင့်ကာ အောင်မြင်ပေါက်ရောက်ရ၏။ ရန်သူမျိုးငါးပါး မကောင်းကြံစည်၍ မရနိုင်တော့ပေ။ အလုံးစုံသော မိတ္တာများ, နာနာဘာဝ၊ဝိနာဘာဝများ ရှိသေခယ ရိုကျိုးလာကြကုန်၏။ တောစောင့်နတ်များ, တောင်စောင့်နတ်များ, ရုက္ခစိုးနတ်များ, ဘုမ္မစိုးနတ်များ, စတုလောကပါလနတ်များ, သမ္မာဒေဝနတ်များသည် ဣစ္ဆာသယ လိုတရအောင် ဝိုင်းဝန်းကူညီ မစလာကြကုန်၏။

သီလကို လုံခြုံစေ။ သစ္စာတရား, သီလတရား, မေတ္တာတရား ထိုတရား ၃-ပါးတို့ကို လက်ကိုင်ထားပါလေ။ စီးပွားဥစ္စာ ရတနာ ရွှေငွေတို့သည်လည်းကောင်း၊ အလုပ်အကိုင် စီးပွားရေးဝင်ငွေ တို့သည်လည်းကောင်း၊ အရောင်းအဝယ်ကိစ္စများတွင်လည်း ကောင်း ပြောတိုင်းဖြစ်၊ တတိုင်းရ၊ ဆိုတိုင်းလာ၊ ဆန္ဒရှိတိုင်း မဆိုင်းမတွပင် ပြည့်စုံပေးလာကြကုန်၏၊ မဆိုင်းမတွပင် ရောက် လာကြကုန်၏၊ ဝင်လာကြကုန်၏။

သွားလေရာ, နေလေရာ, ထိုင်လေရာ, ရောက်လေရာတို့၌ ဓားဘေး, ဒုတ်ဘေး, မီးဘေး, သေနတ်ကျည်ဆန်ဘေး, ဗုံးဘေး, အမြောက်လက်နက်ဘေးတို့မှ ကင်းလွတ်ကြ ကုန်သည်သာ ဖြစ်၍ ကာယသိဒ္ဓိ, လာဘသိဒ္ဓိတွင် အတုမရှိအောင်မြင်ပြီးစီးရ၏။ အမှု ကိစ္စ တရားတဘောင် ရင်ဆိုင်ကြရာတွင်လည်း မိမိသာ အနိုင်ရ အောင်ပွဲခံပေလို့မ်မည်။ ရောဂါအနာမှန်သမျှ မကပ်ရောက်နိုင်ပါ။ ကပ်ရောက်ပြီးသား ရောဂါအနာတို့သည်လည်း တစ်နေ့တစ်ခြား ကွယ်ပျောက်လာကြကုန်၏။

ငှင်းပုတီးစိပ်နည်းကို တိက္ခအကျင့်, ဥဂ္ဂါအကျင့်ဖြင့် ပွားများ အားထုတ်လိုပါက နေ့ဘက် ပုတီး-၁၀ပတ်, ဂါထာ ၁၀၀၀ စိပ်ရာ တွင်လည်းကောင်း၊ ညဘက် ပုတီး ၁၀-ပတ်, ဂါထာ ၁၀၀၀ စိပ်ရာ တွင်လည်းကောင်း ဣရိယာပုထ်တစ်ပါးတည်းနှင့် အပြီး, တစ်ထိုင် တည်းနှင့်ပြီးစီးအောင် ဂါထာ-၁၀၀၀ မပြည့်မချင်း, မပြီးမချင်း ထိုင်ရာက မထဘဲ တစ်ထိုင်တည်းနှင့် အောင်မြင်ပြီးစီးအောင်

စိပ်ရမည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဥဿုံငိုတည၊ အကျင့်မျိုးသည် သာမညပုဂ္ဂိုလ်များ ကျင့်ဆောင်အားထုတ်ခြင်းငှါ မစွမ်းနိုင်ကြပါ။ အလွန်အဆင့်အတန်းမြင့်၍ မြတ်သောအကျင့်ဖြစ်သောကြောင့် အရိယာ သူတော်ကောင်းများ, မြတ်မြတ်သားသား ဇွဲသတ္တိဝီရိယနှင့် ပြည့်စုံသူများ, အရိုးကြေကြေ အရေစုတ်စုတ် "သေလျှင်လည်း မြေကြီး၊ ရှင်ခဲ့လျှင်လည်း ရွှေထီး"ဟု ဆောင်ရွက်တတ်သူများ, တိဟိတ်ဥက္ကဋ္ဌပါရမီမျိုးစေ့ ရှိသူများသာ အားထုတ်အောင်မြင်နိုင်သော မြတ်သောအကျင့်လမ်းဟု မှတ်သားကြရာ၏။

ဟီနအကျင့်နှင့် မဇ္ဈိမအကျင့်လမ်းများသည် ရိုးရိုးမှန်မှန်ပင်ပုံမှန်အားဖြင့် ပွားများအားထုတ်ရခြင်းသာဖြစ်၍ လုပ်ချင်, ကျင့်ချင်, အားထုတ်ချင်သော စိတ်ဆန္ဒရှိနေဖို့သာ လိုပါသည်။ ကြိုးစားအားထုတ်ချင်သော စိတ်ဆန္ဒနှင့် ဤအကျင့်လမ်းတို့ကို ဝါသနာအထုံပါသော ပုဂ္ဂိုလ်များအဖို့ အခက်အခဲ မတွေ့နိုင်ပါ။ မှန်မှန်ကြိုးစားရွတ်ဖတ်, ပုတီးစိပ်ရုံဖြင့် အောင်မြင်ပြီးစီးနိုင်ပါသည်။

ပညာပါရမီဖြစ်စေခြင်း, အကျင့်အာစာရပါရမီဖြစ်စေခြင်း, ကုသိုလ်ကောင်းမှု ပါရမီဖြစ်စေခြင်း, လက်ရှိအခြေအနေအရ အန္တရာယ်ကင်းဝေးခြင်း, အနာရောဂါ တင်းဝေးခြင်း, အတိုက်အခံရန်ကင်းဝေးခြင်း, စီးပွားဥစ္စာရတနာရွှေငွေ အလုပ်အကိုင်ကိစ္စများအဆင်ပြေအောင်မြင်နိုင်ပါသည်။

တိက္ခအကျင့်, ဥဂ္ဃဋိတညူအကျင့်လမ်းမျိုးသည် ဇွဲသတ္တိဝီရိယ အားကောင်းသော ပုဂ္ဂိုလ်များ, အလုပ်တစ်ခုကို ပြတ်ပြတ်သားသား တိတိကျကျ ရေဆုံးမီးဆုံး မပြီးပြီးအောင် လုပ်ဆောင်တတ်သော တိဟိတ်ဥက္ကဋ္ဌပါရမီမျိုးမှသာ အောင်မြင်အောင်, ပြီးစီးအောင် ဆောင်ရွက် အားထုတ်နိုင်ပေလိမ့်မည်။

ဘဝအတိတ်ပေါင်းများစွာက ပါရမီဓာတ်ခံ ရင့်ကျက်လာပြီး သော ပုဂ္ဂိုလ်များမှ ထင်ရှားသိသာလှပါသည်။ ထို့ကြောင့် အား ထုတ်ကြိုးစားရသော အကျင့်လမ်းများတွင် တိက္ခအကျင့်လမ်းနှင့် ဥဂ္ဃဋိတညူအကျင့်လမ်းနှစ်ခုတို့သည် မြန်မြန်ထက်ထက် အောင်မြင်ပြီးစီး လွယ်၏။ တန်ခိုးလည်းကြီး၏။ ပညာဉာဏ်လည်း ကြီးမား၏။ ပညာ ဉာဏ်လည်း ထက်မြတ်၏။ အာဏာလည်းကြီး၏။ သိဒ္ဓိလည်းကြီး ၏။ ဘုန်းလည်းကြီး၏ဟု မှတ်ကြပါလေ။

ထို့ကြောင့်ပင်လျှင် -

- ပြတ်ပြတ်သားသား အားထုတ်လျှင် ပြတ်ပြတ်သားသား အောင်မြင်ရ၏။
- တိတိကျကျ အားထုတ်လျှင် တိတိကျကျ အောင်မြင် ပြီးစီးရ၏။
- အပင်ပန်းခံ၍ အားထုတ်လျှင် ပင်ပန်းသလောက် အကျိုး အမြတ် များပြား၏။

အားထုတ်ကျင့်ဆောင်နေသော ပုဂ္ဂိုလ်များတွင် ဟီနအကျင့် ကို ကျင့်နေတုန်း, ကျင့်နေဆဲပုဂ္ဂိုလ်တို့နှင့် မရှိမအကျင့်ကို ကျင့်နေ

သောပုဂ္ဂိုလ်တို့သည် အားချင်း, စွမ်းအားချင်း, သိဒ္ဓိချင်း, မဟိဒ္ဓိချင်း မတူညီနိုင်ဟုမှတ်ပါ။ ဟိနအကျင့်သမားထက် မဇ္ဈိမအကျင့်သမားက ပိုစွမ်းဆောင်နိုင်သည်၊ အားပိုသာသည်၊ သိဒ္ဓိ, မဟိဒ္ဓိ ပိုမိုမြင့်မားနိုင်သည်ဟုမှတ်ပါ။ ထို့အတူ မဇ္ဈိမအကျင့် ကျင့်ဆောင်ကြိုးစားနေသော ပုဂ္ဂိုလ်များနှင့် တိက္ခအကျင့်ကို ကျင့်ဆောင်အားထုတ်နေသော ပုဂ္ဂိုလ်များလည်း မတူပါ၊ အဆင့်အတန်း ကွာခြားလှ၏။

အရာရာသော ကိစ္စအကြောင်းအရာအားလုံးသည် မဇ္ဈိမအကျင့်လမ်းထက် တိက္ခအကျင့်လမ်းက ပိုမိုအားသာနိုင်သည်၊ သိဒ္ဓိ, မဟိဒ္ဓိလည်း ပိုမိုကြီးမားပေလိမ့်မည်၊ ထို့အတူပင် တိက္ခအကျင့်ကို ကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်များနှင့် ဥဂ္ဂါအကျင့်ကို ပွားများအားထုတ်နေသော ပုဂ္ဂိုလ်များလည်း မတူညီနိုင်ပါ၊ ဥဂ္ဂါအကျင့်ကို ကြိုးစားအားထုတ်နေသော ပုဂ္ဂိုလ်ကို မည်သည့်လမ်းကမှ ပြိုင်ဆိုင်၍ မရနိုင်ကြောင်း သတိပြုကြပါလေ၊ ဥဂ္ဂါအကျင့်ကို အားထုတ်နေသော ပုဂ္ဂိုလ်များသည် အစစအရာရာ သိဒ္ဓိတန်ခိုး, ပညာတန်ခိုး, အာဏာတန်ခိုးအကြီးဆုံးဟု မှတ်ယူကြပါကုန်လော့။

၉။ မဟာအဘုလ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း

* ဣတိပိ သော ဘဂဝါ အရဟံ၊
အရဟံ ဝတ သော ဘဂဝါ။
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊

အရဟံ မေ သုခံ ဒေတု၊
အရဟံ မေ ဉာဏံ ဒေတု။
အရဟံ မေ သိဒ္ဓိ ဒေတု၊
အရဟံ မေ သိသေ တိဋ္ဌတု။

ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ။
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ။
သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု၊
သမ္မာသမ္ဗုဒ္ဓေါ မေ ဉာဏံ ဒေတု။
သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိ ဒေတု၊
သမ္မာသမ္ဗုဒ္ဓေါ မေ သိသေ တိဋ္ဌတု။

ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ။
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ။
ဝိဇ္ဇာစရဏသမ္ပန္နော မေ သုခံ ဒေတု၊
ဝိဇ္ဇာစရဏသမ္ပန္နော မေ ဉာဏံ ဒေတု။
ဝိဇ္ဇာစရဏသမ္ပန္နော မေ သိဒ္ဓိ ဒေတု၊
ဝိဇ္ဇာစရဏသမ္ပန္နော မေ သိသေ တိဋ္ဌတု။

ဣတိပိ သော ဘဂဝါ သုဂတော

သုဂတော ဝတ သော ဘဂဝါ။
သုဂတံ သရဏံ ဂစ္ဆာမိ၊
သုဂတံ သိရသာ နမာမိ။
သုဂတံ မေ သုခံ ဒေတု၊
သုဂတံ မေ ဉာဏံ ဒေတု။
သုဂတံ မေ သိဒ္ဓိ ဒေတု၊
သုဂတံ မေ သီသေ တိဋ္ဌတု။
ဣတိပိ သော ဘဂဝါ လောကဝိဒူ၊
လောကဝိဒူ ဝတ သော ဘဂဝါ။
လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊
လောကဝိဒုံ သိရသာ နမာမိ။
လောကဝိဒုံ မေ သုခံ ဒေတု၊
လောကဝိဒုံ မေ ဉာဏံ ဒေတု။
လောကဝိဒုံ မေ သိဒ္ဓိ ဒေတု၊
လောကဝိဒုံ မေ သီသေ တိဋ္ဌတု။
ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ၊
အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ။
အနုတ္တရော ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊
အနုတ္တရော ပုရိသဒမ္မသာရထိံ သိရသာ နမာမိ။
အနုတ္တရော ပုရိသဒမ္မသာရထိံ မေ သုခံ ဒေတု၊
အနုတ္တရော ပုရိသဒမ္မသာရထိံ မေ ဉာဏံ ဒေတု။

အနုတ္တရော ပုရိသဒမ္မသာရထိ မေ သိဒ္ဓံ ဒေတု၊
အနုတ္တရော ပုရိသဒမ္မသာရထိ မေ သိဒ္ဓေ တိဋ္ဌတု။
✱ ဣတိပိ သော ဘဂဝါ သတ္ထာ ဒေဝမနုဿာနံ၊
သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ။
သတ္ထာ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
သတ္ထာ ဒေဝမနုဿာနံ သိရသာ နမာမိ။
- သတ္ထာ ဒေဝမနုဿာနံ မေ သုခံ ဒေတု၊
သတ္ထာ ဒေဝမနုဿာနံ မေ ဉာဏံ ဒေတု။
သတ္ထာ ဒေဝမနုဿာနံ မေ သိဒ္ဓံ ဒေတု၊
သတ္ထာ ဒေဝမနုဿာနံ မေ သိဒ္ဓေ တိဋ္ဌတု။
✱ ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သိရသာ နမာမိ။
- ဗုဒ္ဓံ မေ သုခံ ဒေတု၊
ဗုဒ္ဓံ မေ ဉာဏံ ဒေတု။
ဗုဒ္ဓံ မေ သိဒ္ဓံ ဒေတု၊
ဗုဒ္ဓံ မေ သိဒ္ဓေ တိဋ္ဌတု။
✱ ဣတိပိ သော ဘဂဝါ ဘဂဝါ၊
ဘဂဝါ ဝတ သော ဘဂဝါ။
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊

ဘဂဝန္တံ သိရသာ နမာမိ။
ဘဂဝန္တံ မေ သုခံ ဒေတု၊
ဘဂဝန္တံ မေ ဉာဏံ ဒေတု။
ဘဂဝန္တံ မေ သိဒ္ဓိ ဒေတု၊
ဘဂဝန္တံ မေ သိသေ တိဋ္ဌတု။

ဤမဟာအတုလဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း ကျင့်စဉ်ကိုလည်း ရှိသေစွာ ပုတီးစိပ်သင့်၏။ သို့မဟုတ် နေ့စဉ် ၉-ခေါက်မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်သင့်၏၊ နေ့စဉ်မှန်မှန် ၉-ခေါက်တိတိ သရဇ္ဈာယ်ပေးခြင်းဖြင့် ဘေးဥပါဒ်အန္တရာယ် ရန်စွယ်မှန်သမျှ ကင်းဝေးပပျောက်ရ၏၊ အတိတ်ဆိုး, နိမိတ်ဆိုးများ ပပျောက်ရ၏၊ သူတစ်ပါးမကောင်းကြံစီမှုမှ ကင်းလွတ်ရ၏၊ အမှုပြဿနာများမှ လည်း ကင်းဝေးစေတတ်၏၊ အနာရောဂါ ဝေဒနာများမှလည်း လွတ်မြောက်စေတတ်၏။

ဤမဟာအတုလဂုဏ်တော်ကွန်ချာများကို အစမှအဆုံး တိုင်ရွတ် ဆုံးမှ တစ်ခေါက်ဟု မှတ်ကြပါလေ၊ ပုတီးစိပ်လျှင်လည်း ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံးချ စိပ်ရပါမည်၊ ပုတီးစိပ်လျှင် နေ့စဉ် ၉-ပတ်, သို့မဟုတ် ၁၀-ပတ်, သို့မဟုတ် ၁၈-ပတ်, သို့မဟုတ် ၂၇-ပတ် ရအောင် စိပ်နိုင်ပါသည်။

ငှင်းပြင် ဤမဟာအတုလဂုဏ်တော် ကွန်ချာကြီးသည် သမာဓိတရားကို ရလွယ်သော သဘောရှိ၏၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ချစ်ခင်မြတ်နိုးတုန်၏၊ စုန်းတဝေ, အစိမ်း

သရဲ, မှင်ရဲ, ဘုတ်ဘီလူးမှန်သမျှတို့ကို နိုင်နင်းရ၏၊ မကောင်းကြံစည်မှု, မတရားကြံစည်မှုမှန်သမျှကို တန်ပြန်စေနိုင်၏၊ စီးပွားဥစ္စာ ရတနာရွှေငွေများ တိုးတက်ဝင်ရောက်စေ၏၊ အလုပ်အကိုင်ဝင်ငွေများ အဆင်ပြေရ၏၊ ရာထူးဌာနန္တရ မြင့်တက်ခြင်း, လူချစ်လူခင်များပြားခြင်း, ပြောတိုင်းဆိုတိုင်း အောင်မြင်ခြင်းနှင့် ပြည့်စုံရ၏၊ အထူးရှိသေစွာ ရွတ်ဖတ်ခြင်း, ပုတီးစိပ်ခြင်း ပြုကြပါစေတုန်သတည်း။

ဤတွင်
အစွမ်းထက်မြတ်သော ပုတီးစိပ်နည်း
ပြီးပါပြီ (နိဋ္ဌိတံ)

# နိဂုံးချုပ်ကထာ

## ၁။ ရည်ရွယ်ချက်နှင့် ထားရှိသော စေတနာ

အကျွန်ုပ်သည် "မဟာရသဏဂုံအဖွင့်ကျမ်းနှင့် အစွမ်းသက်မြက်သော ပုတီးစိပ်နည်းများ"ကို သဒ္ဓါ၊ စေတနာရှေ့ဆောင်လျက် ရေးသားဖော်ညွှန်းစီရင်ပြခဲ့ပေပြီ။

သိစေချင်သော စေတနာ၊ တတ်စေချင်လွန်းသော စေတနာ၊ မြင်စေချင်လွန်းသော စေတနာ၊ ပေါက်မြောက်စေချင်လွန်းသော စေတနာ၊ စသည် စသည် စေတနာများစွာတို့ဖြင့် ဖွင့်ပြ၊ ဖော်ပြ၊ ဟောပြ၊ ရေးပြခဲ့ပေပြီ။

ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် "သရဏဂုံလမ်းကို စိတ်ရည်မှန်း၍ မဂ်ဖိုလ်နန်းကို ကြွလှမ်းနိုင်ကြပါစေ" ဟု ဆန္ဒအာသီသ ပြုအပ်ပါသည်။ စာရေးသူအကျွန်ုပ်၏ အဓိကရည်မှန်းထားသည့် အချက်တစ်ခုမှာ ဗုဒ္ဓ

ဘာသာဝင် မြန်မာအမျိုးကောင်းသားများ, အမျိုးသမီးများပါ သရဏဂုံ ၃-ပါးကို ရိုသေလေးစားတတ်ဖို့ သရဏဂုံ ၃-ပါးကို အားကိုးတတ်ဖို့, သရဏဂုံ ၃-ပါးကို ယုံကြည်တတ်ဖို့ သရဏဂုံ ၃-ပါးမှ စတင်တက်လှမ်း၍ တစ်မဂ်တစ်ဖိုလ်ရောက်နိုင်သည်အထိ သရဏဂုံစွမ်းအား အာနိသင်တို့ကို သိတတ်, မြင်တတ်, အားထုတ်တတ်ဖို့ပင် ဖြစ်ပါသည်။

သရဏဂုံ ၃-ပါးသည် ဗုဒ္ဓပန္နက်, ဓမ္မပန္နက်, သံဃပန္နက် ဟူ၍ ပန္နက် ၃-ပါးရှိကြောင်းများကို ရှေးရှေးသော ဆရာတော်ကြီးများ အမိန့်ရှိခဲ့ဖူးသည်တို့ကို ကြားသိခဲ့ရဖူး၏။ ထို ပန္နက် ၃-ပါးမှာ သရဏဂုံ ၃-ပါးသာဖြစ်ကြောင်း အထပ်ထပ်အမိန့်ရှိခဲ့ပါသည်။ ကျွန်ုပ် စာရေးသူ အနေနှင့်လည်း သရဏဂုံလမ်းများကို များစွာ လေ့လာအားထုတ်ခဲ့ဖူးပါသည်။ အကျိုးကျေးဇူးများလည်း များစွာ ခံစားခဲ့ရဖူးပါသည်။


ထို့ကြောင့် -

သရဏဂုံဆောက်တည်ခြင်းဖြင့် ဗုဒ္ဓပန္နက်, ဓမ္မပန္နက်, သံဃာပန္နက် စသည်ဖြင့် ပန္နက် ၃-ချက်ကို စတင်စိုက်ထူရပါမည်။ အဓိပ္ပါယ်မှာ သမထလမ်း, ဝိပဿနာလမ်း ပေါက်မြောက်ချင်လျှင် ပန္နက် ၃-ပါးကို အရင်းတည်ရမည်ဟု ဆိုလိုပါသည်။

ထို့ကြောင့်

- သရဏဂုံ တည်မှ သမာဓိတည်မည်။
- သမာဓိတည်မှ ရုပ်နာမ်ကွဲပြားမည်။

- သမာဓိတည်မှ သမထလမ်းပေါက်မည်။
- ရုပ်နာမ်ကွဲပြားစွာ ခွဲခြားနိုင်မှ ခန္ဓာမှာ ဖြစ်တာပျက်တာကို သိမည်။
- ရုပ်နာမ်ကွဲပြားလျှင် ဝိပဿနာလမ်းခရီး စပွင့်ပြီဟု မှတ်ကြရမည်။



## ၂။ တိုက်တွန်းချက်နှင့် ဆုတောင်းပတ္ထနာ

ဤစာအုပ်ကို ရိုသေစွာ ဖတ်ရှုကြပြီး သရဏဂုံ တည်အောင် ကျင့်ဆောင်နိုင်ကြပါစေ။ သရဏဂုံတည်သော ပုဂ္ဂိုလ်များ သမာဓိ တရား ခိုင်မာစွာ ရရှိနိုင်ကြပါစေ။ သမာဓိ တရားခိုင်မာလာသည်နှင့်အမျှ သမထလမ်း ပေါက်မြောက်နိုင်ကြပါစေ။ သမာဓိတရား ခိုင်မာလာသည်နှင့်အမျှ ဝိပဿနာလမ်းစကို မှန်ကန်သော သဒ္ဓါစိတ်ဖြင့် တက်လှမ်းနိုင်ကြပါစေ။ ဝိပဿနာလမ်းစကို ရောက်ရှိပြီးနောက် ဝိပဿနာဉာဏ်စဉ် ၁၀-ပါးတို့ကို ပိုင်ပိုင်နိုင်နိုင် ရရှိပြီး တစ်မဂ်တစ်ဖိုလ်အထိ ရောက်နိုင်ကြပါစေဟု မေတ္တာရှေ့သွားပြုကာ ရေးသားခဲ့ပါသတည်း။

✽ ဤယခုပြုရသော ကုသိုလ်ကောင်းမှုသည် ဘဝဆက်တိုင်း ဆက်တိုင်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်ဘုံများမှ ထာဝရ လွတ်မြောက်နိုင်ပါစေသတည်း။

* ဤယခု ပြုရသော ကုသိုလ်ကောင်းမှုသည် ဝိဇ္ဇာဉာဏ် ၆-ပါး၊ အဘိညာဉ် ၆-ပါး၊ သမာပတ် ၈-ပါးတို့ကိုလည်းကောင်း၊ သမာပတ် ၉-ပါးတို့ကိုလည်းကောင်း ကောင်းစွာ အောင်မြင်ပြီးစီးနိုင်ပါစေသတည်း။

* ဤယခု ပြုရသော မဟာကုသိုလ်ဇောသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓ သစ္စာ, မဂ္ဂသစ္စာ=သစ္စာ ၄-ပါးတရားတို့ကို သိမြင်တတ်မြောက်နိုင်သည်ဖြစ်၍ သာသနာပြုနိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ပိုင်ဆိုင်ခွင့်ရသော အရိယာဝိဇ္ဇာမိုရ် ကေန်အမှန်ဖြစ်၍ သန္တိသုခဝိမုတ္တိ ချမ်းသာအစစ်ဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာ အစစ်ကြီးကို မျက်မှောက် ပြုနိုင်ရပါစေသတည်း။

နိဋ္ဌိတံ

(လ)

အဒ္ဓဏ္ဏဝေပုလ္လ
ပဓာန နာယကဆရာတော်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဝေပုလ္လာရာမကျောင်းတိုက်
ပြည်မြို့
(၁၄၊ ၈၊ ၂၀၀၂)

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
သဗ္ဗရသာ ဓမ္မရသာ ဇိနာတိ

- သရဏဂုံ တည်မှ သမာဓိတည်မည် ။
- သမာဓိတည်မှ ရုပ်နာမ်ကွဲပြားမည် ။
- သမာဓိတည်မှ သမထလမ်းပေါက်မည် ။
- ရုပ်နာမ်ကွဲပြားစွာ ခွဲခြားနိုင်မှ
ခဏမှာ ဖြစ်တာ ပျက်တာကို သိမည် ။
- ရုပ်နာမ်ကွဲပြားလျှင်
ဝိပဿနာလမ်းခရီး စပွင့်ပြီဟု မှတ်ကြရမည် ။

လ

ဝေပုလ္လာရာမဆရာတော်

